

PUBLISHED BY VIEW
VIEW
ဈး
ကြယ်တွေကိုသောက်သုံးဖို့ လမင်းထဲ
ကျွန်တော်ဝင်ပုန်းဖြစ်ခဲ့တယ်
ဒုတိယအကြိမ်
Digital Art: Idea Kyaw & Wai Yan

# အမှာ စာ

အချိန်ကာလအားဖြင့်တော့ ဒီစာအုပ်လေးက သိပ်ပြီးမဝေးကွာလှပါဘူး ... ဒါပေမဲ့ ဒီစာအုပ်လေးထွက်ခဲ့စဉ်က အောင်မြင်မှုမရသေးလို့ အုပ်ရေကလည်း နည်းနည်းလေးပဲ ရိုက်ပြီး ဖြန့်ဖြစ်ခဲ့ပါတယ်။

တစ်နှစ်ကျော် နှစ်နှစ်ဆိုတဲ့ အချိန်ကျတော့ ကျွန်တော့်ရဲ့ ဝတ္ထုတွေက အတော်ကလေး ခရီးရောက်ခဲ့ပါပြီ။

အဲဒီအတွက် မဖတ်လိုက်ရတဲ့ ပရိသတ်တွေက ကျွန်တော့်ဆီကို အမျိုးမျိုးအကြောင်းကြားပြီး စာအုပ်ရဖို့ မှာ

ကြတယ်။

စာအုပ်တိုက်မှာ လည်း မရှိ၊ ကိုယ်စားလှယ်ဆိုင်တွေမှာ လည်း လက်ကျန်တစ်အုပ်မှ မရှိတော့တဲ့ ဒီစာအုပ်လေးကို နောက်ဆုံးတော့ အခါခါစဉ်းစားဆုံးဖြတ်ပြီး ဒုတိယအကြိမ် မဖြစ်မနေ ပြန်ထုတ်ဖို့ စဉ်းစားလိုက်ပါတယ်။

ဝယ်သိမ်းချင်သူတွေရော ... အာသာငမ်းငမ်း ဖတ်ချင်ကြတဲ့ သူတွေအတွက် အဓိကရည်ရွယ်ပါတယ်၊ ချစ်ပရိသတ်များ ရွှင်လန်းချမ်းမြေ့ကြပါစေ။

ပရိသတ်အတွက်

အမြဲတမ်း

ဗျူး

*

# အခန်း(၁)

"သားရေ ဒီမှာ ကြည့်ပါဦး"

သီချင်းစာအုပ်ကနေခွာတော့ ဂစ်တာကြိုး လေးတွေပေါ်မှာ ဖိထောက်ထားသည့် လက်ဆီ ပြန်ရောက်၏။

စာအုပ်ကိုကြည့် သံစဉ်ညှိနှင့် မာမီဘာပြ နေသလဲဆိုတာ အလင်းတိုက် လှည့်မကြည့်ဖြ စ်။

"ဟဲ့ ... သား"

ဒေါ်လင်းလင်းမြင့်က အလင်းတိုက်ရှေ့မှာ ထိုင်ချ၍ လက်ထဲက ဓာတ်ပုံတွေကို သီချင်းစာ အုပ်ပေါ် ပစ်ချလိုက်သည် ။

"သီချင်းထက်အရေးကြီးတယ် အဲဒါတွေကို အရင်ကြည့်"

"မာမိကလည်း ဗျာ"

အလင်းတိုက် ဂစ်တာကြိုးတွေကို ဗျင်းခနဲ ဆွဲချလိုက်ကာ ရှုံ့မဲ့သွားသည် ။

"ဒါဘာတွေလဲ"

"ဓာတ်ပုံတွေလေ မင်းနဲ့ ပေးစားမလို့ မာမိ စိတ်ကြိုက်ရွေးလာတာ"

"မာမိကြိုက်ရင် မာမိယူလေ မာမိကြိုက်တာတွေ ကျွန်တော် တစ်ယောက်မှ မကြိုက်ဘူး""အင်းပါ ... အဲဒီပုံတွေကို ကြည့်စမ်းပါဦး၊ မင်းငြင်းနိုင်မှာ မဟုတ်ပါဘူး"

အလင်းတိုက်က ဂစ်တာကိုလက်နှစ်ဖက်နှင့် ပွေ့ဖက်ထားကာ ဓာတ်ပုံနှစ်ပုံကို မျက်မှောင်ကုတ်ကုတ်ဖြင့် လှမ်းကြည့်၏။

တစ်ယောက်ကဆံပင် ကျောလယ်ခန့်နှင့် မော်ဒယ်ကိုယ်လုံးမျိုး မျက်ဝန်းလေးတွေက ဝ င်းလက်နေသည် ။

နောက်တစ်ယောက်က ဆံပင်နားရွက် လောက်အကုပ်ကလေးနှင့် တအားရယ်၍ နောက်ပြန်လှည့်ထားသည့်ပုံ။

နှုတ်ခမ်းလေးအစုံနှင့် သွားစွယ်ဖွေးဖွေး လေးတွေက သတိထားမိလောက်အောင် လှ လေသည် ။

"အဲဒီ ဆံပင်ရှည်နဲ့ မိန်းကလေးက ဝင်းလ က်မြင့်လွင်၊ ဆံပင်အတိုလေးက ကေသီမြင့်လွ င်၊ တစ်ယောက်ရှိသေးတယ်၊ သူကတော့ ဒီနှစ် ကျောင်းပြီးသွားတာနဲ့ ရတနာဆိုင်မှာ ထိုင်နေ တယ်တဲ့ နာမည်က မေရီမြင့်လွင် သူအကြီး ဆုံးပဲ ဆံပင်အရှည်ကြီးနဲ့ မာမီကတော့ ဒီနှစ် ယောက်ထက်တောင် ပိုချောတယ်ထင်တယ်၊

သူက ဓာတ်ပုံရိုက်ပြီးသား မရှိလို့ တဲ့ ”

ဒေါ်လင်းလင်းမြင့်က အလင်းတိုက်ကို အကဲခတ်နေသည်။

“သူတို့ က မိုးကုတ်ကလူချမ်းသာတွေ သားရဲ့ ၊ ရန်ကုန်ကိုပြောင်းလာကြတာ မကြာသေးဘူး၊ အခု ညီအစ်မသုံးယောက်စလုံး အဒေါ်နဲ့ နေကြတာလေ၊ မိဘများက မိုးကုတ်မှာ ပဲ အငယ်ဆုံး ဆံပင်တိုတို ကောင်မလေးကတော့ ဒီနှစ်မှ ဆယ်တန်းဖြေထားတာ အလတ်မက ကယ်မစ်စထရီ တတိယနှစ်”

အလင်းတိုက်က ဓာတ်ပုံတွေကို စာအုပ်ပေါ်က တွန်းချကာ ဂစ်တာပြန်ကိုင်သည်။

ဒေါ်လင်းလင်းမြင့် မျက်မှောင်ကုတ်သွား၏။

“သား မင်းကို မာမီစကားပြောနေတယ်

နော်”

အလင်းတိုက်က မော့မကြည့်ဘဲ

“ပြောလေ ကျွန်တော်နားထောင်နေတာပဲ ဟာ”

“မရဘူး မာမီ့ကိုကြည့်”

အလင်းတိုက်က ပြုံးစိစိနှင့် မျက်လုံးပင့်ကြည့်သည်။

“မင်းပြောင်ချော်ချော်မလုပ်နဲ့ နော် အလင်းတိုက် မာမီဒီတစ်ခါအလျှော့ပေးမှာ မဟုတ်ဘူး ”

ခေတ်ပုံတစ်ပုံယူလာတိုင်း ဒေါ်လင်းလင်းမြင့် ပြောနေကျစကား။

“မာမီ့ကို ကျွန်တော်ဘာပြောလို့ လဲ ပြတာကို ကြည့်တယ်လေ ဘာလိုသေးလဲ”

“မင်းကို ရွေးခိုင်းနေတာ”

"ဒါကိုယူမယ်ဆိုပြီး ကောက်ဝါးစားပစ်လိုက်လို့ ရလို့ လား အိတ်ထဲကောက်ထည့်ထားလိုက်ရမှာ လား ... မာမီကဇွတ်ပဲ"

"ဟဲ့... မိဘက သဘောကျလို့ ရွေးချယ်လာပြီးသား၊ မင်းကို ချိုကျိုးနားရွက်ပဲ့တွေနဲ့ စီစဉ်နေတာမှ မဟုတ်ဘဲ တစ်ယောက်ယောက်ကို လက်ညှိုးထိုးလိုက်ရုံပဲ ... သုံးယောက်စလုံး ဘာမှ ပြောစရာမရှိဘူး"

"သူတို့ ကရော ... ကြိုက်တဲ့ တစ်ယောက်ကို ရွေးတော်မူပါဆိုပြီး အဆင်သင့်ရှိနေသတဲ့ လား၊ သူတို့ မှာ ရည်းစားတွေဘာတွေ ရှိမနေဘူးလို့ ဘယ်သူပြောနိုင်မလဲ"

"မာမီပြောနိုင်တယ် ... ဒီဓာတ်ပုံတွေကို မာမီအရင်တစ်ခေါက် မိုးကုတ်က ပြန်လာကတည်းက ကိုမြင့်လွင်တို့ ဆီက ယူလာတာ ကလေးတွေ ဒီမှာ ဆိုတာ မာမီက အဲဒီကျမှ သိ

တာ လင်မယားနှစ်ယောက်စလုံး မာမီနဲ့ ကျော င်းနေဖက် သူငယ်ချင်းတွေပဲ ... မတွေ့တာကြာလို့ သာတစ်ယောက် ဘယ်မှာ နေမှန်း တစ်ယောက်မသိကြတာ”

“ခုတော့ ဘယ်လိုလုပ်ပြီးတွေ့သွားကြတာ လဲ”

တွေ့ကြတာကိုပဲ အလင်းတိုက်က မကျေန ပ်သည့်လေသံနှင့်

“မာမီ အရောင်းအဝယ်ကိစ္စနဲ့ မိုးကုတ်ရော က်သွားတာလေ မထင်မှတ်ဘဲဆုံကြတာ နှုတ် ဆက်ပြောဆိုကြရင်း သူ့မှာ သမီးသုံးယောက်ရှိ မှန်းသိလို့ မေးကြည့်တော့ ရန်ကုန်မှာ စီးပွား ရေးလုပ်ချင်လို့ ဆိုပြီး သုံးယောက်စလုံး ရန်ကု န်ဆင်းသွားကြတာ မကြာသေးဘူးလို့ ပြောတ ယ်”

ဒေါ်လင်းလင်းမြင့်က

လိပ်စာသေချာမေးပြီး သမီးသုံးယောက်ဆိုတာ ကို သွားကြည့်ဖြစ်လိုက်တာ မိုးကုတ်ကပြန် ရောက်ရောက်ခြင်း အမောတောင် မဖြေနိုင် အားခဲ့။

တွေ့လိုက်တော့ ဓာတ်ပုံထဲမှာ ထက် ပိုချောပိုလှနေကြပြီး ဘာမှ မကြာသေးဘဲ နေ ရာအကွင်းအကွက်ကျကျတစ်ခုမှာ ရတနာဆို င်ကြီး ဖွင့်ထားလိုက်တာ ဟီးထနေသည် ။

လောလောဆယ် အဒေါ်အိမ်မှာ နေကြပြီး စိတ်ကြိုက်တွေ့မည့် ခြံတစ်ခြံဝယ်ကာ တိုက် ဆောက်အခြေကျပြီးမှ မိဘများကို ခေါ်မည့်အ စီအစဉ်ရှိ၏။

"လင်းရယ် ငါတို့ ကတော့ ရန်ကုန်မှာ မနေ ချင်ပါဘူး၊ သူတို့ က ရန်ကုန်မှာ ပဲ နေချင်တ ယ်၊ စီးပွားလုပ်မယ်နဲ့ သုံးယောက်စလုံး ညီညွ တ်နေကြလို့ သာ လွှတ်လိုက်ရတာ၊ ဟိုမှာ လ

ည်း သူတို့ အဒေါ်ရှိတာနဲ့ လေ၊ ခု လင်းကိုထပ်အပ်ရမှာ ပဲ သူတို့ ကျေနပ်အောင်သာ ပြောလိုက်ရတယ်။ တို့ တော့ ရန်ကုန်မှာ နေဖို့ လုံးဝအစီအစဉ်မရှိဘူး"

"စိတ်ချစမ်းပါ ... ဒါပေမဲ့ စောင့်ရှောက်ခသမီးတစ်ယောက်ပေးမှ ရမယ်"

"ကြိုက်တဲ့ တစ်ယောက်ကိုယူ နင့်သားနဲ့ဆို အစစ်အဆေးမရှိခွင့်ပြုတယ်"

ဒီလောက် ပွင့်လင်းခဲ့ပြီးသား။

"ကိုမြင့်လွင်ရော သီတာစမ်းရော မိုးကုတ်မ ၂၁ အစဉ်အဆက်ချမ်းသာခဲ့ကြတဲ့ လူကုံထံတွေချည်းပဲ သမီးတွေကလည်း တကယ့်အချောအလှတွေ မှ ့ တစ်ပေါက်မစွန်းသေးတာ အတိအကျပဲ မင်းက ဘာအထွန့်တက်ချင်တာလဲ"

အလင်းတိုက်က ဂစ်တာကြိုးကို ဒေါင်ခနဲ

ပင့်ဆွဲ၍ ပခုံးတွန့်သည်။

“အလင်းတိုက်”

ဒေါ်လင်းလင်းမြင့်က စူးစိုက်ကြည့်၍ ခေါ်သည်။

“ညနေ အဲဒီကိုသွားမယ် အဆင်သင့်ပြင်ထား”

“ချက်ချင်းကြီးပါလား”

“ချက်ချင်းပဲ အဲဒီထဲကတစ်ယောက်ကို မဖြစ်မနေ ရွေးရမယ်ဆိုတာလည်း ခေါင်းထဲမှာ ထည့်ထားဦး”

အလင်းတိုက်၏ ပြုံးစိစိမျက်နှာကို ကြည့်ကာ ဒေါ်လင်းလင်းမြင့် ထထွက်သွားသည်။

ဂစ်တာကိုဘေးမှာ ချ၍ ဓာတ်ပုံနှစ်ပုံကို ယူကြည့်လိုက်သည်။

မာမီ အပြင်းအထန်ဖြစ်သွားတာလည်း ဖြ

စ်လောက်စရာပါ။

နှစ်ယောက်စလုံးရဲ့ ပုံစံလေးတွေက ခေါင်းခါချင်စရာမရှိ။ သို့သော် ကိုယ့်ရှေ့အဆင်သင့်ရောက်နှင့်ပြီးတဲ့ အဖြစ်မျိုးနှင့် လက်ထပ်လိုက်ရတာကို အလင်းတိုက် စိတ်မဝင်စားပါ။

ခက်ခဲစွာရင်ခုန်ခွင့်ကို မက်မောတဲ့ ကိုယ်က အလွယ်တကူ ကောက်ယူလိုက်ရတာကို မလိုချင်ပါ။

*

# အခန်း (၂)

"ကျွတ်"

ကားပေါ်က မဆင်းဖြစ်သေးဘဲ တစ်ဖက်ကအသံကြောင့် လှည့်ကြည့်လိုက်မိ၏။

အနက်ရောင်အားကစားဝတ်စုံလေးမို့ ပေါင်လယ်ခန့်သာရှိသည့် ဘောင်းဘီတိုပြတ်လေးနှင့် ဖြူဝင်းသော အသားက ထင်းနေသည် ။

ဆံပင်တိုကုပ်ကုပ်လေးနှင့် ချစ်စဖွယ်ပြုံးနေသော မိန်းကလေးဟာ အငယ်ဆုံးဆိုတာပဲဖြစ်သည် ။

နာမည်တော့ မမှတ်မိပါ။

ကောင်မလေးက ဘောလုံးပိုက်ပြီး သူ့ဆီ လျှောက်လာသည်။

"ယူက အလင်းတိုက်ဆိုတာလား"

အလင်းတိုက်က ခေါင်းညိတ်ပြပြီး ကားပေါ်ကဆင်းသည်။

"အထဲမှာ ယူ့ကိုဧည့်ခံမယ့်သူ ဘယ်သူမှ မရှိဘူး မလတ်က မီးဖိုချောင်ဝင်နေတယ်၊ မကြီး က ပြန်မလာသေးဘူး၊ ယူ ဝါသနာပါရင် တို့ နဲ့ ဘတ်စကက်ဘော လာကစားပါလား"

"ကစားဖို့ လာတာ မဟုတ်ဘူး "

"ဘာလုပ်ဖို့ လဲ"

အလင်းတိုက်က နှုတ်ခမ်းစေ့ပြီးပြုံးသည်။

"အချစ်လာရှာတာ"

"အား"

ကောင်မလေးက အသံပြုပြီးနှစ်ချက်မျှ ခုန်

လိုက်သည် ။

ဆံပင်တိုတိုလေးတွေ လွင့်တက်လူပ်ခါသွား၏။

“ဒါဆို အထဲကိုသွားလေ”

“ဘယ်သူမှ မရှိဘူးဆို”

“မလတ်ကိုခေါ်ပေးမယ်”

“မင်း မပါဘူးလား”

“အို ... ကေကေ ခုမှ ဆယ်တန်းဖြေထားတာ ကလေးပါနော်”

အလင်းတိုက်က ပြုံး၍ မျက်ခုံးပင့်ကာ လက်မနှင့်ကုတ်သည် ။

“ယူက အန်တီလင်းရဲ့ သားနော်”

“အင်း”

“အင်ဂျင်နီယာဘွဲ့ယူထားတယ်ဆို”

"အင်း"

"အသက်ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်နှစ်"

ကေကေ လက်ညှိုးလေးကို ကိုက်ကာ စဉ်းစားသလိုလုပ်နေသည်။

"မကြီးနဲ့ ရွယ်တူပဲ"

"မင်းနဲ့ ရော"

ကေကေ ခစ်ခနဲရယ်သည်။

"ကေ့ကို ယူ့ခေါင်းထဲမထည့်ပါနဲ့၊ ကေကေ စေ့စပ်ဖြစ်ပြီးမှ လက်ထပ်တာမျိုး စိတ်မဝင်စားဘူး"

အလာကြီးပါလား။

"ကေ့ကိုလက်ထပ်ခွင့်ရှိတဲ့ ယောကျ်ားဟာ ကေသိပ်ချစ်မှ ဖြစ်မှာ ပြီးတော့"

“ဒီလောက်ဆိုရပြီ”

“ဟဲ ... ဟဲ ယူတော်တယ်”

အပြောကြီးသောကောင်မလေးကို နည်းနည်းတော့ စိတ်ဝင်စားသွားသည်၊ ဖြူညက်ညက်ပါးပြင်လေး နှစ်ဖက်မှာ မွေးညင်းနုလေးတွေဖုံနေလျက် ပါးပြင်၏ အောက်ဖက် နှုတ်ခမ်း ဘေးနားမှာ မဲနက်သေးငယ်သော မှဲ့လေးက မျက်နှာနုနုကို ပို၍ ချိုလွင်သွားစေသည်။

အားကစားလည်း ဝါသနာပါပုံရကာဖွံ့ထွားသော ကိုယ်လုံးက အရပ်မြင့်သည် မို့ အတော်လေးကြည့်ကောင်း၏။

အလင်းတိုက် တံခါးဖွင့်ပြီး ကားပေါ်ပြန်တက်သည်၊

“ဒါ ပြန်မယ်ပေါ့”

“အင်း”

"ဆုတ်ခွာတာလား ဟန်ပြင်တာလား"

အလင်းတိုက် ကျေ့ကို ခပ်ပြုံးပြုံးကြည့်ကာ

"မင်းလိုပဲလေ ... ဆန္ဒအတိုင်းပဲ ဖြစ်စေမှာပါ"

*

# အခန်း (၃)

"ဘုရားစူးစေ ... အရမ်းမိတယ် မယုံမရှိနဲ့
"

အကြီးနှစ်ယောက်စလုံးက ကေ့ကို ဝိုင်းကြ
ည့်ကြသည်။

"နင့်လိုမိန်းမက ပြောမှ တော့ ဘုရားစူးမ
ကျိန်လည်း ယုံပါတယ် ... နေပါဦး သူကအိမ်
ထဲတောင်မဝင်ဘဲ ဘာလို့ လှည့်ပြန်သွားတာ
လဲ"

"မကြီးတို့ မှ မရှိတာ မလတ်ကလည်း ချက်
ပြုတ်နေတော့ ဆွဲထုတ်ပေးရင်
လှလှပပဖြစ်မှာ မဟုတ်ဘူး လေ"

"ဟုတ်ပါတယ် ... ပြန်သွားတာပဲကောင်းတယ်၊ မေမေ အကြောင်းကြားထားလို့ သာ ငြိမ်နေရတယ်၊ ငါဖြင့် အိမ်ထောင်မပြုချင်ပါဘူး"

ဝင်းလက်က အိပ်ရာပေါ်သို့အိခနဲ ထိုင်ချလိုက်ကာ ...

ခေါင်းအုံးကိုဆွဲ၍ ဖက်ထားလိုက်သည် ။

မေရီက ဖျော်ထားသည့်အိုဗာတင်းကို နှစ်ခွက်ခွဲထည့်ပြီး ကေနှင့်ဝင်းလက်ကို လှမ်းပေးသည် ။

"မကြီး မသောက်ဘူးလား"

"မသောက်တော့ဘူး အိပ်တော့မှာ "

"မကြီးကလည်း လေးလေးနဲ့ မျက်နှာချင်းမဆိုင်ချင်တာနဲ့ စောစောအိပ်နေတာပဲ၊ လူမစုံတော့ စကားပြောရတာ မကောင်းဘူး"

"မတတ်နိုင်ဘူးဟာ ... တစ်နေကုန်ဆိုင်ထို

င်ရတာလည်း ပင်ပန်းတယ်၊ သူပြန်လာလို့ မျက်နှာချင်းဆိုင်ဖြစ်ရင်လည်း မျက်နှာပူရဦးမယ်”

ဝင်းလက်က အိုဗာတင်းကို တစ်ဝက်ခန့်ကျအောင် သောက်ပစ်လိုက်ပြီး စားပွဲပေါ်လှမ်းတင်လိုက်၏။

“မကြီးကိုက အမှတ်ကြီးတာ၊ လေးလေးက အရမ်းလိုက်လျှောနေတဲ့ ဥစ္စာ သနားပါတယ်”

“မသနားဘူး ငါ့သူ့ကိုနှာသလို ချစ်ရေးချစ်ရာကိုလည်း ခေါင်းထဲဘာမှ မထည့်ချင်ဘူး၊ အခု မေမေစီစဉ်ထားတဲ့ ကိစ္စအတွက် ကေလည်း ငယ်သေးတယ်၊ ငါကလည်း ဆောရီးပဲ ... ဝင်းလက် နင်ပဲဆုံးဖြတ်”

ဝင်းလက်က ပခုံးနှစ်ဖက်ကြားထဲ ဇက်လေးပုသွင်းကာ မျက်ခုံးလေးနှစ်ဖက်ပင့်လိုက်၏။

ကေကေ အသံလေးထွက်အောင်ရယ်သည်။

"ဟုတ်တယ် ကေကေအစောကြီးကတည်းက တွေးမိတယ်၊ ဒီကိစ္စ မကြီးလည်း လုံးဝလက်ခံမှာ မဟုတ်ဘူး လို့ ၊ အဲဒီတော့ အနာအဆာကင်းတဲ့ မလတ်ပဲ ခေါင်းညိတ်ဖို့ ပြင်"

"ကေနော်"

"ကေနော်မနေနဲ့ အလင်းတိုက်ဆိုတာကို မလတ် မြင်လိုက်ရင် သက်ပြင်းတောင် ချအားလိုက်မှာ မဟုတ်ဘူး "

"ဘာဖြစ်လို့ လဲ"

"ချစ်သွားလိမ့်မယ်"

"ဒါဆို နင်က အရင်ဆုံးမြင်လိုက်တဲ့ သူ နင်ချစ်သွားသလား"

ကေကေ ခစ်ခနဲရယ်သည်။

"ချစ်သွားတာမျိုးတော့ မဟုတ်ဘူး၊ ဒါပေမဲ့

သဘောကျတယ် ကေကဆရာဝန်ဖြစ်ချင်တဲ့ ရည်ရွယ်ချက်ရှိနေလို့ မဟုတ်ရင် သိပ်ငြင်းဖြစ်မှာ မဟုတ်ဘူး "

"ကဲ စဉ်းစားနေကြ ငါသွားအိပ်တော့မယ်"

ဝင်းလက်က စားပွဲပေါ်ကနာရီကို လှမ်းကြည့်သည် ။

ကိုးနာရီထိုးဖို့ ဆယ်မိနစ်။

မကြီးကလည်း မေရီက အပြောဆုံးအောင် မနေတော့ဘဲ အခန်းထဲက ထွက်သွားသည် ။

လေးလေးအိမ်မှာ နေပေမယ့် ဝင်းလက်နဲ့ ကေကသာ လေးလေးနဲ့ တရင်းတနှီး ခင်ခင်မင်မင်နေကြတာ မေရီက မျက်နှာချင်းပင် မဆိုင်မိအောင် ရှောင်နေတတ်သည် ။

လေးလေးအကြောင်းဆို အပြောတောင်မခံတတ်။

ထို့ကြောင့် ခြံဝယ်ဖို့ ကိုလည်း အသည်းအသန်လုံးပန်းနေသည် ။

မေမေတို့ လည်း ဒီတူဝရီး သင့်မြတ်ပါစေတော့ရယ်လို့ ရင်းနှီးဖို့ ငွေကိုပဲ ထုတ်ပေးပြီး ခြံဝယ်ဖို့ ကိုလည်း ကိုယ့်ဟာကိုယ် ကြိုးစားကြတဲ့ ။

မေရီက ရတနာဆိုင်ဖွင့်ထားပြီး တစ်ဖက်ကကျောက်အရောင်းအဝယ်သတ်သတ် လုပ်သေးသည် မို့ ငွေကခန့်မှန်းရက် မတိုင်မီ အတော်လေးစုမိနေပြီဖြစ်သည် ။

သို့သော် ရန်ကုန်မြို့လယ်က နေရာလေးတစ်ခုမှာ ခြံတစ်ခြံဝယ်ဖို့ ဆိုသည့် အတိုင်းအတာထိတော့ မတတ်နိုင်သေးပါ။

ထို့ကြောင့် လေးလေးနှင့် မလွှဲသာ၍ ဆုံမိတိုင်း ...

လေးလေးက နှုတ်ဆက်လို့ ပြန်ပြောလိုက်

မိတိုင်း ...

"ငါသိပ်စိတ်ညစ်တာပဲ"

ဆိုသည့် ဝါကျတစ်ကြောင်း မေရီပါးစပ်ထဲက ခုန်ထွက်လာမြဲ ပြီးခဲ့တဲ့ အတိတ်အကြောင်းတစ်ခုကို မေရီ မမေ့ပစ်နိုင်တာ ဘေးလူတွေပါ စိတ်ညစ်ကြရပြန်သည်။

*

## အခန်း (၄)

"ဟဲလို... မေရီပြောနေပါတယ်"

"သမီးလား ... အန်တီလင်းပါ"

"ဩော် .. အန်တီလင်း ... ဟုတ်ကဲ့ ... ပြော ပါ"

"ဟိုနေ့က သားရောက်လာတယ်လေ၊ အဲဒါ သမီးတို့ နဲ့ မတွေ့ခဲ့ဘူးဆို"

"ဟုတ်ကဲ့ ... သူလာတဲ့ အချိန်က မေရီတို့ မအားတဲ့ အချိန်ဖြစ်နေလို့ ပါ၊ ဒါပေမဲ့ ညီမ လေးကေနဲ့ တော့ တွေ့သွားပါတယ်"

"ပြောတယ်သမီး ... အန်တီလင်းပါလိုက်ခဲ့

ဖို့ ဟာ သားလေးက ဘာပြောတယ်မှတ်လဲ အဲ ဒီလိုပြယုဂ်ကြီးတစ်ခုလို ငုတ်တုတ်မထိုင်ချင် ဘူးတဲ့ "

ပြော၍ ဒေါ်လင်းလင်းမြင့်၏ ရယ်သံကို ဖု န်းထဲက ကြားနေရသည် ။

"သမီးတို့ နဲ့ သားကို အန်တီလင်းကတွေ့ စေချင်တာ ပွင့်ပွင့်လင်းလင်း ခင်ခင်မင်မင် ဆွေးနွေးကြစေချင်တာ၊ သမီးတို့ သုံးယောက် စလုံးရှိတဲ့ အချိန် အန်တီလင်းတို့ အလည်လာ ချင်ပါတယ်၊ ဘယ်အချိန်လောက်ဖြစ်မလဲ သ မီးသတ်မှတ်ပေးပါဦး ဒါမှ မဟုတ်လည်း အန် တီလင်းတို့ ဆီ ထမင်းလာစား လာလည်လေး ဘာလေး လာခဲ့ပါလား"

"ဘယ်လိုမှ မအောက်မေ့ပါနဲ့ အန်တီလင်း ရယ် မေရီတို့ မှာ လုံးဝအချိန်မရှိလို့ ပါ၊ အဲ ... သုံးယောက်ဆုံတဲ့ အချိန်ကတော့ ... ညစာစား

တဲ့ အချိန်ပဲရှိပါတယ်၊ ညစာစားပြီးတာနဲ့ မေရီက တန်းနားတာ အပြင်ထွက်ဖို့ အချိန် တကယ်မရှိတာပါ အန်တီလင်း"

"ဒါဆိုလည်း အလိုက်မသိစွာဘဲ တောင်းပန်ရမှာ ပဲ၊ အန်တီတို့ ညစာလာစားမယ်လေ ဘာမှ အထွေအထူး ပြင်ဆင်မထားပါနဲ့ စားဖို့ထက် ဆုံကြဖို့ ပဲလိုတာ"

ဗွတ်ကြီးပါလား။

မေရီသက်ပြင်းလေး ကျိတ်၍ ချလိုက်မိသည် ။

"ရပါတယ် အန်တီလင်း ညစာကြိုက်တဲ့နေ့လာစားပါ။ မေရီဖိတ်ပါတယ်" ဟု ပြောလိုက်ရတော့သည် ။

တကယ်ဆို ကိုယ့်နှလုံးသားက အချစ်ကိုကြောက်နေခဲ့ပြီ။

*

## အခန်း (၅)

သုံးယောက်ယှဉ်လိုက်တော့ မေရီက တကယ့်ကို ထင်းနေအောင်လှမှန်း အလင်းတိုက် ဝန်ခံလိုက်သည် ။

ရေချိုးပြီးစ ထင်သည် ။

သနပ်ခါးရေကျဲလေးပါးပါးနှင့် ဆံပင်ရှည်တွေကို နောက်မှာ အော်တိုမစ်တစ်ကလစ်နှင့် စုညှပ်ထားသည် ။

မျက်နှာပုံစံက လိုတာထက်ပို၍ တည်နေသလိုရှိသော်လည်း အလင်းတိုက်ဆီသို့ မကြာမကြာတော့ မျက်လုံးဝေ့ကြည့် လာတတ်သည် ။

ဝင်းလက်ကတော့ ပြုံးပြုံးရယ်ရယ်ပါပဲ။

"ဟင်းတွေက ဘယ်သူချက်တာလဲ အစပ် အဟပ်တည့်ပြီး အရမ်းကောင်းတာပဲ"

"မလတ်လေ၊ ဒီအိမ်မှာ လေးလေးက မိုးလင်းတာနဲ့ ဆေးရုံသွားတယ်၊ ညကိုးနာရီခွဲပြီးမှ ပြန်ရောက်တယ်၊ မကြီးက ရတနာဆိုင်ထိုင်တယ် ဟဲ .. ဟဲ ကေက ကစားကွင်းတွေမှာ ထရိန်နင်လုပ်တယ်၊ မဟုတ်ရင် ခြံထဲမှာ ပေါ့ ... မီးဖိုချောင်ကိစ္စ မလတ်ပဲ ဒိုင်ခံလုပ်တယ်"

"အိမ်ဖော်မထားဘူးလား သမီးတို့ ရယ် ပင်ပန်းလိုက်တာ"

"ကေတို့ ရောက်စကတော့ အဒေါ်ကြီးတစ်ယောက်ရှိတယ်၊ ဒေါ်နှင်းဥတဲ့ ခဏဆိုပြီးတော့ ပြန်သွားလိုက်တာ ပြန်မလာတော့ဘူးလေ၊ ဒါနဲ့ ကေတို့ လည်း ကိုယ်ထူကိုယ်ထလုပ်ကြဖို့ ခွဲတမ်းချတော့ မလတ်က သူပဲလုပ်မယ်ဆိုလို့

လျှော်တာဖွတ်တာ

ကိုယ့်အဝတ်ကိုယ်လျှော်ပေါ့"

ဒေါ်လင်းလင်းမြင့်ကတော့ သဘောကျပြီး ရင်း ကျရတော့သည် ။

အိမ်ပြန်ရောက်တော့လည်း ဒါကိုပဲတမေး မေး။

"သား ဘယ်သူ့ကိုသဘောကျလဲဟင်"

"သုံးယောက်စလုံး"

"အလိုတော်"

အလင်းတိုက်က ခပ်ရွဲ့ရွဲ့ပြောလိုက်ပြီးမှ မာမီစိတ်တိုသွားမှာ စိုး၍ အနည်းငယ်ပြုံးလိုက်ပြီး ...

"သုံးယောက်စလုံး လှတယ်လို့ ပြောတာ ဖြည်းဖြည်းပေါ့ မာမီရယ်"

"အို ... ဖြည်းလို့ မရဘူး သားမြန်မြန်ဆုံးဖြ

တ်မှ ဖြစ်မှာ ၊ အိမ်ထောင်ပြုတယ်ဆိုတာ အချိန်ရယ် အရွယ်ရယ်ဟာ အရေးအကြီးဆုံးပဲ ... အခါခွင့်သင့်တုန်း အရွယ်လေးလည်း ရှိတုန်း"

"မာမီကလည်း ကျွန်တော် နောက်ထပ်အများကြီး ငယ်နေလို့ ရသေးတယ်"

"စကားတွေဝေ့ကုန်အောင် လျှောက်ပြောမနေနဲ့ သား၊ မင်းတစ်ယောက်ယောက်ကိုတော့ မ ျက ်စ ိထ ဲစ ွဲလ ၁မ ႇ၁ သေချာတယ်၊ ဘယ်သူလဲပြော မာမီက မိုးကုတ်ကိုချက်ချင်းဖုန်းကောက်ဆက်ရုံပဲ"

အလင်းတိုက် မျက်နှာတည်သွားသည် ။

ဒီတစ်ခါ တကယ်ရှောင်နေစရာနေရာလွတ်မကျန်အောင် မာမီချောင်ပိတ်ဖို့ကြိုးစားနေပြီမှန်း သိသာလှ၏။

လှတာမြင်သားပဲ လှလို့ ခံစားကြည့်တာနဲ့

ချစ်ရရောလား ဒုက္ခပါပဲကွာ။

*

## အခန်း (၆)

"ကိုလင်း အားနာလိုက်တာ ကားပေါ်ကသွားစောင့်နေလေ ဝင်းလက်က ဈေးဝယ်ရင် ဒီလိုပဲ ဘာမှ စဉ်းစားလာတာ မဟုတ်တော့ ဒီရောက်ရင် ဟိုရပ် ဒီရပ်နဲ့ "

"ရပါတယ် အေးအေးဆေးဆေးလုပ်ပါ"

အလင်းတိုက်က ကလေးကစားစရာ အရုပ်ဆိုင်ရှေ့မှာ ရပ်စောင့်နေလိုက်သည်။

မာမီ အတင်းထိုးထိုးသိပ်သိပ် လုပ်လွန်း၍ ဟိုလိုက်ပို့ရ ဒီလိုက်ပို့ရ၊ သူမရွေးချယ်လိုက်ရပါဘဲ ပစ်မှတ်က ဝင်းလက်ဆီမှာ ချိန်ထားပြီးသား ဖြစ်သွား၏။

ဘယ်သူ့ဆီကိုပဲဖြစ်ဖြစ် အလင်းတိုက်က တော့ စိတ်မဝင်စားပါ။

ဖြစ်နေဆဲ အခြေအနေထဲကနေ ထွက်ပေါက်ရတာနဲ့ ရုန်းထွက်ဖို့ စိတ်ကူးထားပြီးသား။

အိမ်ထောင်ပြုသည့်ကိစ္စ မိဘပေးစားသော မိန်းမတစ်ယောက်ကို ကိုယ်ကမချစ်နိုင်ဘဲ စက်ရုပ်တစ်ရုပ်လို အိတ်ထဲကောက်ထည့်လိုက်ရမှာ မျိုး လုံးဝလက်မခံနိုင်။

"ပြီးပြီ ကိုလင်းရေ .. သွားစို့"

ကျောလယ်ခန့်ရှိသည့် ဆံပင်ရှည်များ နှင့် ဝင်းလက်ကိုသူ ငေးကြည့်ဖြစ်သည် ။

ရတနာခင်တို့လို ဖူးဖူးလုံးလုံး မျက်နှာလေး နှင့် ချစ်စရာတော့ကောင်း၏။

အိမ်ပြန်ရောက်တော့ အလင်းတိုက် ကား ပေါ်ကမဆင်းတော့ဘဲ ပြန်ကွေ့လိုက်သည် ။

"ဟယ် ကိုလင်း မဆင်းတော့ဘူးလား"

"မဆင်းတော့ဘူး ကိုယ်သွားစရာရှိသေးလို့ သွားပြီနော်"

ဝင်းလက် ခေါင်းလေးညိတ်လိုက်ရပေမယ့် ရ င ်ထ ` မ ု ၁ ဟာသွားသည် ။ အချစ်ကိုထိတွေ့ဖူးခြင်း မရှိသေးသည့် နှလုံးသားက နည်းနည်းလေးမှ အထိမခံ၊ အလင်းတိုက်ဆိုသော ဖြူသွယ်မြင့်မားသည့် အရပ်နှင့် စကားပြောပုံ လမ်းလျှောက်ပုံကအစ တိမ်းမူးချင်ဖွယ်ရှိသော ဤယောကျ်ားကို ဝင်းလက် သဘောကျမိနေပြီ။

အမိပွာယ်မဲ့ခဲ့သည့် ကိုယ့်အတ္တလေးက ရင်ခုန်သံတို့ နှင့် ဝေစည်လာခဲ့ပြီဖြစ်သည် ။

သို့သော် အလင်းတိုက်က သူ့အပေါ် လှုပ်လှုပ်ခတ်ခတ် ခံစားမှုမျိုးမရှိသေးတာ သူသိနေသည် ။

ဒီအတွက်လည်း ရင်းနှီး လာပြီးမှ ကိုယ်တို င်ကြိုးစားယူဖို့ ဝင်းလက်ကျိတ်၍ ဆုံးဖြတ် ထားခဲ့သည် ။

ကိုယ်က ချစ်မိနေခဲ့ပြီ မဟုတ်လား။

အထုပ်အပိုးတွေ ဆွဲထားရသည့်လက်က ကိုက်ခဲလာမှ ကိုယ့်ကိုယ်ကိုယ် သတိရကာ ဝင်းလက်အိမ်ထဲလှည့်ဝင်လာခဲ့မိ၏။

ဩော် ... အလင်းတိုက်ဆိုတဲ့ သူ့ အနားမှာ အချိန်တိုင်းရှိနေလိုက်ပါတော့လားဟယ် ...။

*

## အခန်း (၇)

ခြံကြီးက ကျယ်ဝန်းခမ်းနားလှသည်။

မျက်နှာစာပန်းခြံကို ကွေ့ထားသည့် ဂငယ်ကွေ့ကိုပတ်ပြီး နောက်ထပ်ခြံဝကို ပြန်ကွေ့ထွက်လိုက်သည်။

ဒီခြံထဲကလွတ်မြောက်ရေးဟာ ကိုယ့်အတွက် လွတ်လပ်ခြင်းမို့ အလင်းတိုက်ကားကို ခြံဝမှ ကွေ့အထွက် ခြံဝမှာ အငှားကားတစ်စီး ရပ်လျက် ကားပေါ်မှ ဆင်းလာသော ကောင်မလေးတစ်ယောက်ကို အလင်းတိုက်တွေ့တော့ ကားကို တစ်ဖက်ကွေ့ကာ ရပ်ကြည့်မိသည် အထိ မှ င်တက်သွားမိ၏။

"ဟော့ … "နေ" … ကား ဘာဖြစ်လို့ လဲ အငှားကားကြီးနဲ့ ပါလား"

တစ်ဖက်ခြံဝမှ တဖြည်းဖြည်းလိုက်ထွက်လာသည့် ကားပေါ်မှ ရွှေကိုင်းမျက်မှန်လေးနှင့် လူကလှမ်းနှုတ်ဆက်သည် ။

"ဟုတ်တယ် ကိုနိုင် … လမ်းမှာ ကားပျက်သွားတာနဲ့ ဝပ်ရှော့ကို အကြောင်းကြားပြီး ထားခဲ့ရတယ်"

ကားပေါ်ကဆင်း၍ ကားခရှင်းပေးနေရင်း အဲဒီကောင်မလေးက ပြန်ပြော၏။

ဒီဘက်ပြန်လှည့်အလာကို အလင်းတိုက်စောင့်၍ စူးစိုက်ကြည့်နေမိသည် ။ လျှပ်တစ်ပြက်မြင်လို့ ပဲလား …

စိတ်ထဲကဝေဝါးနေတာကို သေချာချင်သည် ။

"နေ"ဆိုသော ကောင်မလေး ဒီဘက်လှည့်လာသည် ။

"ကြည့်စမ်း … လှလိုက်တာကွာ"

သေချာခြင်းကို ပါးစပ်က ခပ်ဖွဖွရွတ်ရင်း အတည်ပြုပေးလိုက်မိသည် ။ ဖြူဆွတ်သော ဂျူတီကုတ်ရှည်နှင့် ဆံပင်ကို နောက်တွဲလေး ထုံးထားသော မျက်နှာကျပုံက မရှည်မဝိုင်း။

မျက်ခုံး မျက်လုံးနှင့် နှာတံမှ စ၍ မျက်နှာဆိုင်ရာ ဖွဲ့စည်းမှုအားလုံးက ထင်းနေအောင် လှသည် ။

နှားသယ်စပ် ဆံစတချို့ချထားသော မျက်နှာလေးက ဖြူဝင်းမွတ်ဥလျက် မေးဖျားနှစ်ခွလေးကိုပါ သတိထားလိုက်မိသည် ။

အလင်းတိုက်ငေးကြည့်ရင်း ကားလက်ကိုင်ကို တင်းနေအောင် ဆုပ်ထားလိုက်မိသည် ။

ဒီအိမ်ကို သူလာခဲ့တာအကြိမ်ပေါင်း မနည်းတော့သော်လည်း “နေ” ဆိုသည့် ဒီမိန်းကလေးကို သူမတွေ့ဘူးခဲ့။ ဒီအိမ်က အိမ်သားတွေ ဘယ်သူတွေရှိသလဲ

ဆေးသေတ္တာကိုဆွဲကိုင်၍ ဂျူတီကုတ်နှင့်နေသည် ဆရာဝန်တစ်ယောက်ဆိုတာ မေးကြည့်ဖို့ မလို။

ဒါဆို ဝင်းလက်တို့ ရဲ့ လေးလေးဆိုတာလား။

"လေးလေးက မိုးလင်းတာနဲ့ ဆေးရုံသွား" ကော့အသံလေးကို သတိရလိုက်မိသည် ။

ဒါဆို ဒီမိန်းကလေးဟာ ကိုယ်နဲ့ အသက်တူမဖြစ်နိုင်။ အလင်းတိုက် အတွေးနှင့်အတူ နေဝင်သွားရာသို့လိုက်ကြည့်နေမိသည် ။

ဘာဖြစ်လို့ ဒီလောက်လှနေရတာလဲ။

နှမြောတသစွာ တစ်ယောက်တည်း ရေရွတ်နေမိ၏။

တဖျပ်ဖျပ်ခုန်နေသောရင်က ခုထိလှုပ်ရှားနေဆဲ သူ့မှာ အိမ်ထောင်တွေ ဘာတွေရှိနေမလား။

ဒါပေမဲ့ ဒီအိမ်မှာ လေးလေးဆိုတဲ့ တစ်ယောက်အပြင် နောက်ထပ်တစ်ယောက် မရှိတာသေချာသည် ။

အလင်းတိုက် ကိုယ့်အဖြစ်ကိုယ် အံ့ဩလို့မဆုံး။

ကိုယ်ရွေးချယ်ရမှာ က ညီအစ်မသုံးယောက်။

နှလုံးသားက သူ့အလိုလိုတောင်းခံနေသည်မှာ အဒေါ်ဖြစ်၍ နေ၏။

ထိုအဒေါ်က

ဆယ်ကျော်သက်မြီးကောင်ပေါက်မလေးတို့ နှင့် ယှဉ်၍ ရအောင် ဘာလို့ များ လှနေခဲ့ရပါသလဲ။

ကားသည် ခြံထဲကထွက်စကလို ဝေါခနဲမဟုတ်ဘဲ ဘီးလိမ့်ရုံသာ ရွေ့လျားလျက် အလင်းတိုက်စိတ်တို့ က ကျန်ခဲ့ပြီထင်သည် ။

*

# အခန်း (၈)

မှာ ထားသည့် လက်ဖက်ရည်ကိုလည်း မသောက်ဖြစ်သေး။

ရေနွေးပူပူတစ်ခွက်ငှဲ့ကာ တစိမ့်စိမ့်မှုတ်နေရင်း မျက်လုံးတို့ က လမ်းမဆီမှ မခွာ။

နာရီကိုကြည့်တော့ ရှစ်နာရီထိုးတော့မည်။

နေ့စဉ် ဆေးရုံသွားသည် ဆိုလျှင် ဒီအချိန်ထွက်လာရမည်။ ရေနွေးကိုလည်း အငွေ့သေအောင်မှုတ်၍ မသောက်ဖြစ်ဘဲ အသာပြန်ချထားလိုက်၏။

"ဟော"

အလင်းတိုက်
နှစ်ရာတန်တစ်ရွက်စားပွဲပေါ်မှာ
တင်ခဲ့လိုက်ပြီး ကားရပ်ထားတဲ့ ဆီ ခြေလှမ်းကျဲများ နှင့် ထလျှောက်လာခဲ့သည် ။

ခြံထဲကထွက်လာသည့် (ဇီး)ဆီးရောင်ကားလေးက လက်ဖက်ရည်ဆိုင်ရှေ့မှ ဖြတ်ကျော်သွားသည် နှင့် သူ့ကားကို စတင်ရွေ့လျားစေ၏။

သူ ဒီအိမ်ကိုလာတိုင်း တစ်ခါမှ မတွေ့ဖူးခဲ့တဲ့ ဒီကားဟာ လေးလေးဆိုတာရဲ့ ကားပဲဖြစ်ရမည်။

အလင်းတိုက်နောက်က အသာကပ်လိုက်လာလျက် မီးပွိုင့်မှာ ကားလေးရပ်သွားလျှင် နံဘေးမှာ သူ့ကားကို ကပ်ရပ်ပစ်လိုက်၏။

တစ်ယောက်နဲ့ တစ်ယောက် တစ်ပေကျော်ကျော်လေးပဲကွာတော့သည် ။ အလင်းတိုက် ကားထဲကို ခပ်ပြောင်ပြောင်ပဲ ငုံ့ကြည့်လိုက်မိ

၏။

လတ်ဆတ်သော မျက်နှာကြည်လေးက ဟို နေ့ကလို နွမ်းနယ်ဟန်တွေ ကင်းစင်လျက် ပို၍ လှနေသည်။

စင်းကော့နေသည့် နှာတံက ပွယောင်းဖုထစ်နေတာမျိုးမရှိ။ မျက်ခုံးတန်းလေးက ထူနက်ကာ အောက်ခြေလေးတွေ စိမ်းနေလျက်။ မည်းနက်ကော့ပျံနေသည့် မျက်တောင်ရှည်တို့က မျက်ခုံးစပ်နားဆီကို ပြေးဆွဲခိုတော့မလောက် ရှည်လျားထူထဲနေသော အတုတပ်ထားသလား ထင်ရလောက်သည်။

ကမ္ဘာကျော်မင်းသမီး ကတ်သရင်းဇီတာဂျုန်းလို မြင်သူတိုင်းကို ရူးသွပ်သွားစေနိုင်သည့် အလှမျိုး။

အထူးသဖြင့် ပန်းနုရောင်သန်းလျက်ရှိန်းမြသော သွေးကြောလေးတွေ ယှက်ဖြာနေသည့်

ပါးမို့လေးကို စူးစိုက်ကြည့်မိသည် ။

ဖျတ်ခနဲမြင်လိုက်ရသည် နှင့် ရင်ထဲမှာ ဒိုင်းခနဲ ပေါက်ကွဲသွားလောက်အောင်လှသော ဒီမိန်းမဟာ နီးနီးဝေးဝေး ဘယ်ကကြည့်ကြည့် ဒီလောက်ထိလှနေတာ အံ့ဩစရာ။

မီးစိမ်းသွားတော့ အဖုအထစ်လုံးဝမရှိဘဲ ဖူးကြွနုသွယ်သော လက်ကလေးတွေက စတီယာရင်ကို လှုပ်ရှားစေလျက် ထွက်ခွာသွားသည် ၊ ကပ်ကပ်ကလေးကနေ သူဒီလောက်စူးနစ်စွာ ကြည့်နေတာကို ဒေါသမျက်လုံးနဲ့ ဖြစ်ဖြစ် လှည့်ကြည့်လာမှာ ပဲလို့ တွက်ထားခဲ့တာ။

လုံးဝလှည့်မကြည့်။

ပတ်ဝန်းကျင်က လှုပ်ရှားမှုအားလုံးက သူနဲ့ မဆိုင်သလို ကူရှင်မှာ မှီ၍ ကော့ကော့လေးထိုင်နေလိုက်တာ လှုပ်ရှားသည် ဆို၍ တဖျပ်ဖျပ် ခတ်ရသော မျက်တောင်ရှည်များမှ လွဲလျှင် ပ

ကတိကျောက်ရုပ်။

ရန်ကုန်ပြည်သူ့ ဆေးရုံကြီးအဝင်အဝထိ တောက်လျှောက်လိုက်လာခဲ့ပြီးမှ အလင်းတို က် ရုပ်ကျန်ခဲ့လေသည် ။

ညကိုးနာရီခွဲပြီးမှ ပြန်ရောက်တယ်ဆို တော့ ဆေးခန်း တစ်ခုခုမှာ ထိုင်တာဖြစ်မည် ဘယ်ဆေးခန်းလဲ ဘယ်မှာ လဲ။

အလင်းတိုက်ရဲ့ ဦးနှောက်ကွန်ပျူတာများ အပြေးအလွှား အဖြေရှာတော့ ကားက ဆေးရုံ ဝင်းထဲသို့ လျှောခနဲလိမ့်ဝင်သွားလေသည် ။

သိချင်ရင် လိုက်မေးတဲ့ လေ။

*

## အခန်း (၉)

"ဘယ်သူ့ဖုန်းလဲ ကေ"

"လေးလေးဆီကိုဆက်တာ"

မေးတဲ့ လူရော ဖြေတဲ့ လူပါနှစ်ယောက်သား ပြုံးလိုက်မိကြသည်။

"လေးလေးကတော့ စံပဲနော် နာလိုချင်စရာတောင် မရှိဘူး"

"ဟုတ်တယ် ... တော်တော်ကြာ ပန်ထွာမင်းသမီးလို အသေရရ အရှင်ရရ စစ်တိုက်ယူချင်တဲ့ လူတွေ ခုနစ်ပိုင်းပိုင်းပြီး ခုနှစ်ပြည်ထောင်ဝေယူမယ့် လူတွေ ပေါ်မလာဘူးလို့ မပြောနိုင်ဘူး"

"မေမေကျတော့ ဘာလို့ ဒီလောက်မလှတာလဲ"

"ညီအစ်မဖြစ်တာနဲ့ ပဲ တူနိုင်မလားဟ၊ မေမေက အသားဖြူရက်သားနဲ့ မလှတာ လေးလေးက အသားလက်ရုံပဲရှိပြီး ဝင်းစက်နေတာပြီးတော့ အိမ်ထောင်သည် နဲ့ အပျိုဆိုတော့ ကွာတာပေါ့"

နှစ်ယောက်သားဖုန်းနားကခွာ၍ ဆိုဖာမှာ ပြန်ထိုင်မိကြသည်။

"ဒါကြောင့်ပဲလည်း မဟုတ်ပါဘူး မလတ်ရယ် လေးလေးက မေမေ့ညီမမို့လို့ အဒေါ်တော်ထားရတာ ဘွားဘွားမေမေ့ကို မွေးပြီးခြားသွားလိုက်တာ လေးလေးကိုမွေးပြီး သွေးဆုံးတာပဲတဲ့ ... မကြီးကို မေမေမွေးတော့ လေးလေးကချီချင် မနိုင်မှာ စိုးလို့ မေမေက မပေးရဲနဲ့ မေမေ့ကို သည်းတယ်ဆိုပြီး ဘွားဘွား

ကတောင် ဆူသေးတယ်ဆိုတာ"

"ဟုတ်တယ် လေးလေးက မကြီးထက် အလွန်ဆုံးကြီးမှ ခုနစ်နှစ် ရှစ်နှစ်လောက်ပဲဖြစ်မယ် အဲလောက်တော့ကွာပါ့မလား မသိဘူး"

"ဘယ်လောက်ကွာလဲတော့ မသိဘူး။ မကြီးတော့ အလူးအလိမ့်ခံလိုက်ရတယ်နော်"

"ဟုတ်တယ် … ငါလည်း ခုချိန်ထိ လေးလေးနဲ့ ဘယ်မှ မသွားခဲ့ဘူး။ ကိုယ်ကလူငယ်ဖြစ်ပြီး ကိုယ့်ကိုကျော်ပြီး သူ့ကိုကြည့်ရင် ဘယ်လောက်မခံချင်စရာ ကောင်းသလဲ"

ကေက စားပွဲပေါ်မှာ အသင့်ရှိနေသော ပန်းသီးထည့်ထားသည့် ခြင်းလေးထဲက တစ်လုံးနှိုက်ယူကာ ဓားပါးလေးနှင့် အခွံခွာသည် ။

"ဒါပေမဲ့ ထူးတော့ထူးဆန်းတယ် မလတ်ရဲ့၊ လေးလေးက ဒီ့ပြင်မိန်းမတွေလို မဟုတ်ဘူး၊ သူလှပေမယ့် အဲဒီအလှကို ထူးပြီး ပေါ်လွင်စေ

တာမျိုးမလုပ်ဘူး၊ ရေမချိုးခင်လည်း ဒီမျက်နှာ ပဲချိုးပြီး ပြင်ဆင်ထွက်လာတော့လည်း ၊ ဒီအတိုင်းပဲ သူ့ကိုက လှနေတာ၊ ဒါကို ဂုဏ်ယူတဲ့ ပုံလည်း မရှိဘူး အရမ်းတည်တာပဲ"

"တည်လည်း တည်ဦးမှ ပေါ့ဟယ် ... ဒီရုပ်မျိုးနဲ့ ပြည်တည်တည်သာလုပ်နေရင် လူသတ်ပွဲတွေ ဖြစ်ကုန်မှာ ပဲ"

"ဆေးရုံမှာ လေးလေးကို ဘယ်လိုခေါ်ကြသလဲ မလတ်သိလား"

"မသိဘူး ... ဘာတဲ့ လဲ"

"နေကုဋ္ဌာ ဆိုတဲ့ နာမည်ကိုမခေါ်ဘူး ... တည်ကုဋ္ဌာတဲ့ ၊ ကွယ်ရာမှာ ခေါ်ကြတာလေ လူနာရှေ့ရောက်တော့လည်း လူနာကငေး ဆရာဝန်အချင်းချင်း စကားပြောတော့လည်း ဆရာဝန်ကကြည့်၊ မိန်းမချင်းမနာလိုလေးလေး ဒုက္ခရောက်နေတာ ပြန်လာရင်ကြည့်ပါလား၊ မျက်

နှာကနှမ်းဖတ်မှုန်ကုပ်နေတာ"

ကေကေ ပန်းသီးကို အစိပ်ကလေးတွေလုပ်၍ ဝင်းလက်ကို လှမ်းပေးသည်။

ဝင်းလက်က ပန်းသီးကိုပါးစပ်ထဲထည့်၍ ဆိုဖာမှာ မှီချလိုက်သည်။

"မြင်ဖူးကြားဖူးသမျှတော့ ရုပ်လည်း လှ ပညာလည်း တတ်ပြီး ချမ်းသာပြည့်စုံခြင်းတွေ ပြုံနေတာ သိပ်မရှိကြပါဘူး။ လေးလေးကျမှ ဘာမှ လိုလေသေးမရှိပြည့်စုံနေပြီး သူကတော့ စိတ်မချမ်းသာရဘူးနော်"

"အစက လေးလေး ဒီလိုမှ မဟုတ်တာ မကြီးနဲ့ ကိစ္စ ဖြစ်ပြီးတဲ့ နောက်ပိုင်းကျမှ ပုံစံပြောင်းသွားတာ သူ့ကိုယ်သူ လှတာကိုပဲ မကျေနပ်ဖြစ်နေတဲ့ ပုံ"

မကြီးကိစ္စဆိုမှ ဝင်းလက်တစ်စုံတစ်ခုကို သတိရသွားကာ ဆိုဖာကိုမှီနေရာမှ ဆတ်ခနဲ

မတ်သွားလေသည် ။

"မလတ် ဘာဖြစ်သွားတာလဲ"

ဝင်းလက်က ကေ့ကိုစိုက်ကြည့်ကာ တော်တော်နဲ့ မဖြေ။ အတော်ကြီးကြာမှ မျက်ခုံးနှစ်ဖက်ကို ထိဆတ်လုမတတ်တွန့်လူး၍

"ငါ မကြီးလိုဖြစ်ခဲ့ရင် ဘယ်လိုလုပ်မလဲ"

"ဟင်"

ကေက ဝင်းလက်မျက်နှာကို အနည်းငယ် အံ့ဩသလို ကြည့်သည် ။

"အလင်းတိုက်က ငါ့ကို စိတ်ဝင်စားတဲ့ ပုံ သိပ်ရှိသေးတာ မဟုတ်ဘူး "

"မလတ်ကလည်း ကြံဖန်ပူနေပြန်ပြီ ... ဟိုက မိုးလင်းက မိုးချုပ်အိမ်မှာ ရှိတာမှ မဟုတ်တာတွေ့လို့ ပါသွားတော့လည်း သွားပေါ့"

"အို ... ဘယ်ဖြစ်မလဲ ... ငါ အလင်းတိုက်

ကို ..."

ဝင်းလက်စကားက တစ်ပိုင်းတစ်စနဲ့ ရပ်သွားသည်။

"မလတ်က အလင်းတိုက်ကို ချစ်နေပြီလား"

"မသိဘူး ဒါပေမဲ့ ... ငါသူ့ကို ... ရင်ခုန်တာတော့ အမှန်ပဲ"

"မလတ်ကလည်း မြန်လိုက်တာ မချစ်မိစေနဲ့ ဦးလေ၊ ဟိုက ချစ်တယ်ဆိုမှ ကိုယ်ကစဉ်းစားပေါ့"

ဝင်းလက်က မျက်လွှာလေးချ၍ ပင့်သက်ရှိုက်သည်။

"သူ့ဟာသူ ရင်ထဲကသဘောကျသွားတဲ့ ဥစ္စာ ... ငါကဘယ်လိုလုပ်ပေးရမှာ လဲ"

ကေကေ ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်

သည် ။

"ဘယ်လိုမှ မလုပ်နဲ့ ချစ်နေပြီဆိုလည်း သားအမိချင်းပဲ ရှက်မနေနဲ့ မေမေ့ဆီဖုန်းဆက်လိုက် မြန်မြန်လက်ထပ်ပေးဖို့ ကျိတ်ပြောပေါ့ ... လက်ထပ်ပြီးရင် ပြီးတာပဲ"

ဝင်းလက်ကတော့ ကေ့စကားကို မကြားတော့ပါ။

သူ့စိတ်အာရုံမှာ မကြီးရဲ့ မျက်ရည်တွေ စွန်းထင်းခဲ့သော မျက်နှာကြီးကဝေ့ဝဲလျက် ... ။

*

# အခန်း (၁၀)

အချိန်ပိုင်းတွေအလိုက်

ဂျူတီကျဆရာဝန်များ စာရင်းထဲမှာ နေကုဋ္ဌာဆိုသည့်နာမည်နှင့် အချိန်ကိုနှစ်ခေါက်သုံးခေါက် ဖတ်ပြီးမှ အလင်းတိုက် ကားပေါ်မှ ဆင်းသည် ။

ဖြူဖွေးသော မီးအလင်းရောင်အောက်မှာ အထူးကုဆရာဝန်ပေါင်း များ စွာနဲ့ ဖွဲ့စည်းထားသော "မိုးဦး" ဆေးခန်းကြီးက အတော်အတန် နွမ်းပါးသူတို့ အနားကပ်ရဲဖွယ်မရှိ။

အလင်းတိုက် မှန်တံခါးကို တွန်းဖွင့်၍ အထဲဝင်ခဲ့သည် ။

စာရေးနေရာမှာ စာရင်းသွားပေးကာ တန်းစီနေသော လူနာတွေဆီ တစ်ချက်ငေ့ကြည့်၍

"ကျွန်တော် အပြင်ခဏထွက်လို့ ရပါတယ်နော်"

စာရေးမလေးကပြုံး၍

"ရပါတယ်ရှင့် ရှေ့မှာ လူနာတွေအများကြီးရှိပါတယ်၊ ကိုယ့်အလှည့်လောက်ကို မှန်းပြီး ပြန်လာခဲ့လို့ ရပါတယ်"

အလင်းတိုက် ဆေးခန်းရှေ့က တီးစင်တာမှ၁ သွားထိုင်နေလိုက်သည် ။ ဘာမှ မကြာသေးမီ ဆီးရောင်ကားလေး ထိုးဆိုက်လာ၏။

ကားတံခါးဆီစိုက်ကြည့်နေသော အလင်းတိုက် မျက်ဝန်းတွေ ကျဉ်းမြောင်းသွား၏။

နီရဲသော ပါတိတ်ဝမ်းဆက်သည် ကိုယ်ပေါ်မှာ ချပ်ချပ်ကပ်ကပ်ရှိကာ ကိုယ်လုံးရဲ့ ကော

က်ကြောင်းတို့ က မျက်နှာလွှဲပစ်ချင်စရာမရှိ။

လည်တိုင်မှာ သေးလှသော ပလက်တီနမ်ကြိုးပျော့လေးက စိန်လော့ခ်ကတ် တပ်ထားသည် မို့ ရင်ညွန့်အောက်မှာ လှုပ်ခါလျက် တဖျပ်ဖျပ်လက်နေသည် ။

နောက်တွဲဆံထုံးပုံ့ပုံ့လေးမှာ ပန်းဘာညာပန်ထားခြင်းမရှိ။ ကားထဲက ဆလင်းဘတ်ခ်အနီလေးကို ပြန်ငုံ့ယူ၍ တံခါးပိတ်ပြီးမှ ဆေးခန်းထဲဝင်လေသည် ။

အလင်းတိုက်က လှုပ်ရှားမှုအားလုံးကို မျက်တောင်မခတ် ငေးကြည့်နေမိရင်း ရင်ထဲမှာ သေချာသည် ထက် သေချာနေတာက အချစ် …။

စီးကရက်ကို မီးညှိ တစိမ့်စိမ့်ရှိုက်သွင်းရင်း ပီပြင်သော ဆုံးဖြတ်ချက်ကိုချ၏။

နေကုဋ္ဌာဆိုတဲ့ မိန်းမတစ်ယောက်ကို မဖြစ်

မနေရမှ ဖြစ်တော့မည်။

"အဲဒါ ဒေါက်တာနေကုဋ္ဌာဆိုတာပဲ ဘယ့်နှယ်လဲ ငါ့ကို မင်းတို့ ပိုတယ် ပြောဦးမလား"

နောက်ဘက်က အသံ။

အလင်းတိုက် နှားစွင့်ထားလိုက်မိသည် ။

ကိုယ်သိချင်တာတွေ ရှိနေသေးသည် လေ။

"မင်းကိုငြိလို့ လား"

"မငြိလို့ ခက်နေတာပေါ့ ... ကိုကိုကြီးတောင် ဆေးရုံမှာ အမြဲမြင်တွေ့ ဆက်ဆံခွင့်ရနေရက်သားနဲ့ လုံးဝကြိုးစားလို့ မရဘူး"

"မင်းရော ဟုတ်ပါ့မလား"

"ကြိုးစားရင် ဘုရားဖြစ်တယ်ဆိုတဲ့ စကားပုံရှိတယ် ကြိုးစားရင် ဘာလို့ မဖြစ်ရမှာ လဲ"

"မင်း ... ဒီလက်ဖက်ရည်ဆိုင်မှာ နေ့စဉ်လာလာ စောင့်ပြီး လှည့်ပြန်ရနေတာ မသိတာ

ကျလို့ ကွာ ကြွားမနေစမ်းပါနဲ့ "

"အချိန်ယူနေတာကွ ... အကပ်မကောင်းလို့ ကွာသွားရင် ဘယ်လိုလုပ်မလဲငါတကယ်ကြွေနေတာ"

"မင်းထက်ကြီးမယ်ထင်တယ်"

"နည်းနည်းပါးပါးပဲနေမှာ
သုံးဆယ်မကျော်သေးဘူး"

"ဘယ်လိုလုပ်သိလဲ"

"ကိုကိုကြီးနဲ့ တစ်ဆေးရုံတည်းလေ၊ ကိုကိုကြီးကပြောတော့ သူ့မှာ တူမသုံးယောက်ရှိသေးတယ်တဲ့ ၊ ဒါပေမဲ့ကွာ နေကုဋ္ဌာကိုသာရမယ်ဆိုရင် သူ့တူမသုံးယောက်နဲ့ တစ်ပြိုင်တည်းပေးတောင် မလဲနိုင်ဘူး"

"လွန်လွန်းပြီ"

"တကယ်ပြောတာ ဒီလောက်လှတဲ့ မိန်းမ

ကိုရမယ် ဆိုရင် တစ်နာရီထဲပဲ ချစ်ရချစ်ရ သေ ပျော်ပြီ"

"ဒါဆို မင်းသေလိုက်တော့"

"သေလို့ မဖြစ်ဘူး ... တော်ကြာဆရာဝန်ပြ ရမယ့် ရောဂါရှိသေးတယ်"

အလင်းတိုက်နေရာမှ ထရပ်လိုက်သည် ။

သူများ ထွင်ထားတဲ့ လမ်းမို့ သူမထွင်လို တော့။

တစ်နေ့နေ့တော့ ဖြစ်လာမှာ ပါ။

*

## အခန်း (၁၁)

"သားရေ ဝင်းလက်ဆီက ဖုန်းလာတယ်ကွဲ့ …"

ဒေါ်လင်းလင်းမြင့် အသံကတက်ကြွနေသည်။

အလင်းတိုက်ကားကို သေသေချာချာ တိုက်ဆေ းနေ ရ ၁မ ၊ စိတ်မပါလက်မပါနှင့် လေးပင့်စွာတက်လာ၍ ကိုင်၏။

"ဟဲလို"

"ကိုလင်း"

"ပြော … ဝင်းလက်"

"ညနေ ဧည့်ခံပွဲတစ်ခု ဝင်းလက်သွားစရာ ရှိလို့ အဖော်မရှိလို့ ကိုလင်းရယ် လိုက်ပို့ပေးပါ လားဟင်"

"ဟာ ကိုယ်လုံးဝမအားဘူး၊ ဝင်းလက် ဆောရီးကွာ ... ကားဆေးနေတာ ခုပဲ၊ သူငယ် ချင်းတွေနဲ့ တေးသံသွင်းသွားမလို့ ချိန်းထားတ ယ်"

ဝင်းလက် အသံလေးတိတ်သွားသည်။

"ကိုယ်တကယ့်ကို လာလို့ မရလို့ ပါ ဆော ရီးနော်"

"ရပါတယ် ကိုလင်းမအားလို့ ပဲဟာ ... ဒါပဲ နော် ..."

"အင်း"

ဖုန်းချပြီး လှည့်ထွက်လိုက်တော့ ဆိုဖာပေါ် မှာ ထိုင်နေသည့် မာမီ့မျက်လုံးများ နှင့် ဆုံမိ

လေသည်။

"ဝင်းလက်က ဘယ်ကိုခေါ်တာလဲသား"

"ညွှန့်ခံပွဲသွားစရာရှိလို့ တဲ့"

"မိန်းကလေးက ခေါ်တာတောင် မင်းက ဘယ်ကိုများ အရေးတကြီးသွားစရာရှိနေလို့ လဲ"

"တေးသံသွင်းကိုသွားမလို့ ကျွန်တော်တို့ သူငယ်ချင်းအုပ်စု တီးဝိုင်းတစ်ခုထောင်မယ်၊ အဆိုတော်တစ်ယောက်က လုပ်မယ် တေးရေး ကတော့ နာမည်ကြီး တေးရေးတွေနဲ့ ပဲသွားမ ယ်"

"ဘာလဲ တီးဝိုင်းထောင်နေတာ အပျော်ဆိုကြမို့လား... စီးရီးထုတ်မှာ လား"

"စီးရီးထုတ်မှာ ကျွန်တော်ပရိုဂျူဆာလေ"

"ဘာ"

ဒေါ်လေးလေးမြင့်အသံက မာသွားသည်။

"အဆိုတော်အသစ်နဲ့ စီးရီးထုတ်တဲ့ စရိတ် ဘယ်လောက်ရှိသလဲ မင်းကသိလို့ လား အခု ဟာက တီးဝိုင်းထောင်ဦးမယ်၊ တေးရေးရှာဦး မယ် ဒီငွေတွေ ဘယ်သူကကုန်ရမှာ လဲ"

"တီးဝိုင်းထောင်ဖို့ က အားလုံးရှယ်ယာဝင်ကြပါတယ်၊ ထုတ်မှာ က တော့ ကျွန်တော်ပဲ"

"ငွေက ဘယ်ကရမှာ လဲ ဒီလိုကံစမ်းခရမ်း ပျိုးတဲ့ အလုပ်မာမီ လုံးဝစိတ်မဝင်စားဘူး၊ အားလည်း မပေးနိုင်ဘူး၊ ဒါပဲနော် သားမင်း မို က်ရူးရဲမလုပ်နဲ့ ... ဒါ စီးပွားရေးပိုင်း လမ်း ဘေးမှာ ဝိုင်းဖွဲ့တီးကြသလောက် မလွယ်ဘူး"

အလင်းတိုက် မျက်နှာအနည်းငယ်တည်သွားသည်။

"ကျွန်တော်ကလေးမှ မဟုတ်တာ မာမီ

အားလုံး ဝါသနာပါကြသလို ဒီလောကနဲ့ ထိတွေ့ဖူးတဲ့ လူတွေချည်းပဲ၊ ရင်းနှီးကြဖို့ စရိတ်ကို အားလုံးတွက်ထားပြီးသား၊ ခုလည်း မာမီ့ငွေ ကျွန်တော်မတောင်းဘူး ဘဏ်မှာ ဒက်ဒီထားပေးခဲ့တဲ့ ငွေနဲ့ လုပ်မှာ "

အလင်းတိုက် ဆယ်တန်းအောင်ပြီးသောနှစ်ကတည်းက ဒက်ဒီနဲ့ မာမီတို့ အိမ်ထောင်ရေးပြိုကွဲခဲ့ကြခြင်းဖြစ်သည် ။

ဒက်ဒီက ရုပ်ချော၍ အောင်မြင်သောလုပ်ငန်းရှင် တစ်ယောက်မို့ ပေါ်ပြူလာဖြစ်နေသလောက် မာမီကလည်း သဝန်တိုနိုင်လွန်း၏။

"သားရဲ့ မာမီက ဒက်ဒီ့ကို အထင်သေးလွန်းတယ်၊ ဘယ်လိုမှ ဆက်သည်းခံလို့ မရတော့ဘူးသား၊ ဟုတ်ဟုတ် မဟုတ်ဟုတ် ဒက်ဒီ ဘယ်လောက်မှန်အောင်နေနေ သိက္ခာကတော့ ပွန်းပဲ့သွားခဲ့ပြီ၊ အဲဒီ

တော့ ဒက်ဒီဘက်က ဘာမှ ဆက်ပြီး ထိန်းသိမ်းနေဖို့ မရှိတော့ဘူး"

စာဖတ်နေသည့် အလင်းတိုက်အခန်းထဲကို အဲဒီလိုဝင်လာပြောပြီးတဲ့ နောက် မနက်ဖက် ဒက်ဒီ့ကို မတွေ့ရတော့ပါ။

နောက်ဆုံး ငယ်ရွယ်လှပသော မိန်းမတစ်ယောက်ကို အတည်လက်ထပ်ယူကာ နိုင်ငံခြားထွက်သွားပြီဆိုသောသတင်းကိုသာရခဲ့လေသည် ။ မြန်မာနိုင်ငံမှာ ထူထောင်အောင်မြင်ခဲ့သမျှ လုပ်ငန်းရှယ်ယာများ နုတ်ထွက်၍ ငွေများကို ဘဏ်မှာ အလင်းတိုက်နာမည်နှင့် အပ်ထားပေးခဲ့သည် ။

အဲဒီကျမှ မာမီ့အံကြိတ်၍ မျက်ရည်ကျခဲ့ကာ ... ခုလည်း ဒေါ်လင်းလင်းမြင့် အံကြိတ်နေပြန်ပြီ။

"အေးပေ့ါလေ မင်းက မင်းအဖေထားခဲ့တဲ့

အမွေတွေ ရှိနေတာကိုး လုပ်ပေ့ါ၊ ဒါပေမဲ့ ခု တော့ ဒီကိစ္စ မင်းမလုပ်ရဘူး ... ဝင်းလက်နဲ့ လက်ထပ်ရမယ် ပြီးမှ ကြိုက်တဲ့ အလုပ်လုပ်"

အလင်းတိုက် မာမီ့ရှေ့မှာ ဝင်ထိုင်ချလိုက် တာ ညင်ညင်သာသာမရှိ။

"ဝင်းလက်ကို ကျွန်တော် လက်မထပ်နိုင် ဘူးမာမီ"

"ဘာပြောတယ် ဘာပြောလိုက်တယ် သား"

"ကျွန်တော့်မှာ ချစ်သူရှိတယ်၊ မာမီ့ဝင်းလ က်ကို ကျွန်တော် ချစ်လည်း မချစ်နိုင်ဘူး လက် ထပ်ဖို့ လည်း မဖြစ်နိုင်ဘူး"

ဒေါ်လင်းလင်းမြင့် မျက်နှာညိုမည်းသွား ကာ ဆတ်ခနဲထရပ်လိုက်သည် ။

"မင်း ... မင်း ငါ့ကို ခွေးလုံးလုံးဖြစ်အောင် လုပ်လိုက်တာပေါ့ ဟုတ်လား အလင်းတိုက်"

အလင်းတိုက် ဆံပင်တွေကိုထိုးဖွကာ ဆိုဖာနောက်မှီမှာ ခေါင်းလန်တင်လိုက်သည်။

"ဟိုနေ့က မိုးကုတ်ကဖုန်းလာလို့ ငါကအကြောင်းပြန်လိုက်ပြီ ... သကြံန်ပြီးရင် သူတို့ လာကြတော့မှာ "

"အဲဒါ မာမီထင်ရာတွေ စွတ်စွတ်လုပ်တာ ... လိုက်ကြည့်ရမယ်ဆိုလို့ ကျွန်တော်လိုက်ကြည့်တယ်၊ ဘယ်သူ့ကို ကြိုက်သလဲမေးတော့ ဘယ်သူ့ကိုမှ ကျွန်တော်မကြိုက်ဘူးလို့ ပြောခဲ့တာ၊ လှတာကတခြား ကြိုက်တာကတခြား အချစ်နဲ့ ဘာဆိုင်လို့ လဲ မာမီ ကျွန်တော့်ကို ဘာမှ မမေးဘဲ မလုပ်သင့်တာကို"

"မင်းတို့ တွဲသွားတွဲလာ တရင်းတနှီးရှိနေကြပြီးမှ "

"အဲဒါ လောလောဆယ် မာမီ နားပူတာသက်သာအောင် မာမီ့သဘောကျ သွားလာပေးခဲ့

ရတာ ကျွန်တော့်သဘောနဲ့ ဘယ်နှခါသွားခဲ့ဖူး လို့ လဲ"

"တော်စမ်း"

ဒေါ်လင်းလင်းမြင့် ဒေါသကြောင့် အသံ တွေတုန်လာသည်။

"နေစမ်းပါဦး မင်းကဘယ်တုန်းက ရည်း စားထားလိုက်တာလဲ ဘယ်ကလဲ ဘယ်လိုအ ဆင့်မျိုးလဲ"

"ရည်းစားလည်း မဟုတ်သေးဘူး၊ ဘယ်က ဘယ်လိုအဆင့်ဆိုတာလည်း မလိုအပ်သေးပါ ဘူး၊ ဒါပေမဲ့ သူ့ကို ကျွန်တော် ရူးလောက်အော င်ချစ်နေတာ သူ့ကိုပဲ လက်ထပ်ချင်တယ်"

"မလိုချင်ဘူး ... အဲဒီတစ်ယောက်ကို ငါသိ ရမှ ဖြစ်မယ်မဟုတ်ရင် မင်းကိုငါလုံးဝ ခွင့်မ လွှတ်ဘူး အလင်းတိုက်"

အလင်းတိုက်က ဖြည်းလေးစွာထရပ်၍ ဒေါ်လင်းလင်းမြင့် ရှေ့ထိလျှောက်သွားသည်။

"သိရင် မာမီက သဘောတူမှာ လား"

"ငါမှန်းထားတဲ့ အဆင့်မျိုးထက် လုံးဝသာ မှ ဖြစ်မယ်"

မိဘမသိအောင် ကျိတ်ချစ်လှတယ်ဆိုကတ ည်းက သေချာပါတယ် ဆင်းဆင်းရဲရဲထဲက ဖြ စ်တော့မည်ကို စိတ်က သိနေသည်။

ဒါကြောင့် ဒေါ်လင်းလင်းမြင့်က အနိုင်နှင့် ပိုင်း၍ လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်လေသည်။

"သူ့မေတ္တာကို ကျွန်တော်မရသေးဘဲနဲ့ ကြေညာနေရင် အရှုံးဖြစ်သွားမှာ ပေါ့မာမီ ... စိတ်ချပါ ကျွန်တော် မာမီ မသိအောင် ဘာမှ မ လုပ်ဘူး"

"မာမီ မသိအောင် ဘာမှ မလုပ်ပေမယ့် လု

ပ်ဖို့ ဆုံးဖြတ်ပြီးမှ အသိပေးတာမျိုးကို မာမီလက်မခံဘူးနော် ... မာမီမွေးထားတဲ့ သား ... မာမီကိုယ်တိုင်ဆုံးဖြတ်ပေးရမှ ဖြစ်မယ်"

အလင်းတိုက် စိတ်ညစ်သွားသည် ။

ကိုယ့်ဘက်က တစ်ဖက်သက်ကြီးကြေညာပြီးသားဖြစ်သွားရတာကို မလုံမလဲဖြစ်မိ၏။

သူကကိုယ့်ကို အိပ်မက်ထဲမှာ မြင်ဖူးခဲ့မှာ မဟုတ်။

ဒေါ်လင်းလင်းမြင့်က အလင်းတိုက်မျက်နှာပေါ်က အပြောင်းအလဲတို့ ကို လိုက်ဖမ်းနေသည် ။

အရင်မိန်းကလေးတွေနဲ့ စီစဉ်မည်လုပ်တိုင်းလည်း အလင်းတိုက်က တော့တော့ဆိုင်ဆိုင်ကျရင် ထွက်ခဲ့သည် ချည်းဖြစ်သည် ။

ဒါပေမဲ့ 'မချစ်လို့ ' ဆိုသည့် အကြောင်းပြချက်ပဲပေးခဲ့တာ ခုတော့ ချစ်သူရှိနေပြီတဲ့

ဘယ်သူလဲ ဘယ်ကလဲ သိချင်စိတ်က ပြင်းပြစွာဖြစ်ထွန်းလျက်

"မင်း ... ဝင်းလက်ကို မလိုချင်လို့ သက်သက်အကြောင်းပြတာလား သား"

" မဟုတ်ဘူး မာမီ သူ့ကိုတကယ့်ကို စွဲလမ်းနေတာ ကျွန်တော် သူ့ကိုရကိုရမှ ဖြစ်မှာ "

"ဒီလောက်ဖြစ်နေရအောင်
ဘယ်လောက်များ လှနေလို့ လဲ"

အလင်းတိုက် ပြုံးလိုက်မိသည် ။

ကိုယ်ထင်ရင် ခုတင်ရွှေနန်းဆိုတဲ့ အလှမျိုး မဟုတ်ဘူး မာမီ မြင်တဲ့ လူတိုင်းကို ရူးသွပ်သွားစေအောင်လှတာဟု အလင်းတိုက် မပြောဖြစ်ပါ။

"မာမိ"

ဒေါ်လင်းလင်းမြင့် မျက်မှောင်ကုတ်ကြည့်နေ၏။

"ကျွန်တော် ဝင်းလက်ကို လုံးဝမယူနိုင်ဘူး နော်၊ ဒီ့ထက်ဘာမှ မလွန်မကျွံကြသေးခင် ဟို ပို့ခိုင်း ဒီသွားခိုင်းတာမျိုးတွေ မာမိ မတိုက်တွန်းပါနဲ့ တော့"

အလင်းတိုက်က မာမိ့ရှေ့က လှည့်ထွက်လာခဲ့သည် ။

ဒီသားဟာ ... ပြောပြီးရင် ခေါင်းမာတတ်တယ်ဆိုတာ မာမိသိမှာ ပါ။

*

## အခန်း (၁၂)

"မကြီး ဒီမှာ ကြည့်စမ်း"

စာရင်းတွေ လုပ်နေရာကနေ မေရီက မော့ကြည့်၏။

"ဟယ် ... ပဝါလေးကလှလိုက်တာ ပန်းရောင်လေးက တစ်မျိုးရောင်လေးထွက်နေတယ်နော် ... ကြည့်စမ်း"

မေရီ တအံ့တသြဖြစ်သွားတာကို ဝင်းလက်က သဘောကျနေသည်။

"ဒါ မြန်မာဖြစ် မဟုတ်ဘူး မမရဲ့ ဘယ်လောက်လောက်တန်မယ်လို့ မမထင်လဲ"

"မမှန်းတတ်ပါဘူး အဖိုးတန်မှာ တော့ သေချာတယ် နေပါဦး၊ ဒါမင်္ဂလာပွဲထိုင်တွေ ဘာတွေမှာ မှ ခြုံရတာမျိုးပါ၊ ပြီးတော့ တော်ရုံပွဲမျိုးကိုလည်း ဒီလောက်ဟာနဲ့ တိုးဖို့ မလိုပါဘူး"

ဝင်းလက်က ရှက်ဝဲဝဲလေးပြုံး၍ မေရီ့ဘေးနားမှာ ကပ် ထိုင်ချလိုက်သည်။

"တော်ရုံပွဲမျိုးအတွက် ဝယ်ထားတာမှ မဟုတ်ဘဲ မမကြီးရဲ့ ဘာအတွက်လည်း သိလား"

"ပြောမှ သိမှာ ပေါ့"

ဝင်းလက်က ပဝါလေးကို တယုတယထိကိုင်၍ မြတ်မြတ်နိုးနိုး နမ်းရှိုက်နေပြန်သည်။

"အဲဒါ ... ဝင်းလက်နဲ့ အလင်းတိုက် လက်ထပ်တဲ့ နေ့ကျရင် ခြုံမလို့ "

"အံမယ်"

ဝင်းလက် မျက်နှာလေး နီတီတီနှင့်ရယ်သည် ။

"ဟုတ်တယ် မကြီးရဲ့ ဝင်းလက်က ပန်းရောင်ကိုကြိုက်တယ်လေ၊ အဲဒီနေ့ကျရင် ပန်းရောင်လေး ဝတ်မှာ ဆိုတော့ ဒါလေးတွေ့တုန်းဝယ်ထားလိုက်တာ ဝတ်စုံလေးလဲ တွေ့ထားတယ်၊ ဒါမျိုးကကြိုဝယ်ထားလို့ မကောင်းလို့ သာ ထားခဲ့ရတာ"

မေရီက ဝင်းလက်ရှက်သွားမှာ စိုး၍ သိပ်အံ့သြရယ်ချင်ဟန်မပြဘဲ ပြုံး၍ သာ နေလိုက်ရပေမယ့် ရင်ထဲမှာ တော့ ဝင်းလက်အဖြစ်သည်းနေပုံကို ရယ်လည်း ရယ်ချင် သနားလည်း သနားသွားမိ၏။

မင်္ဂလာပွဲ မြန်မြန်ဖြစ်ဖို့ မေမေ့ကိုဝင်းလက်လှမ်းပူနေတာလည်း သူသိသည် လေ။

"မကြီး"

"ပြော"

"ဝင်းလက်ကို ဘာလက်ဖွဲ့မှာ လဲ"

"ရတနာ့ထဲမှာ ဘာကြိုက်လဲ တစ်ဆင်စာ ပေးမယ်"

"ပတ္တမြား"

"ရစေရမယ်"

ဝင်းလက်က စိတ်ကူးယဉ်ပျော်မွေ့ပုံလေးနှင့် ခစ်ခနဲရယ်သည်။

"ဘယ်နေ့ ဝင်းလက်လိုက်ယူရမှာ လဲ"

"အို ... ငါက ကိုယ့်ညီမကို လက်ဖွဲ့မှာ ရှိုးကေ့စ်ထဲမှာ ပြထားတာတွေ ဘယ်သုံးပဲ့မလဲ သတ်သတ်လက်ရာဆန်းဆန်း အသစ်စက်စက်လုပ်ပေးမှာ နင်ဘယ်နေ့ မင်္ဂလာဆောင်မှာလဲသာပြော နှစ်ရက် ကြိုရစေရမယ်"

"တကယ်"

"အင်းပါဆို"

"ချစ်ဖို့ ကောင်းလိုက်တာနော် ... မကြီး နောက်ထပ်ချစ်သူထပ်တွေ့ရင် သက်ဆုံးတိုင် ပေါင်းရပါစေ"

ပြုံးနေသည့် မေရီ့မျက်နှာလေး ဆွေးခနဲဖြစ်သွားသည်။

"အဲဒါတွေ ပြန်မပြောကြေးဟာ မကြားချင်ဘူး"

"ဘွာ ... ဘွာ မပြောတော့ဘူး ဆောရီး မကြီး ... နော် ဝင်းလက်က ဒီပုဝါလေး ဝယ်ထားတဲ့ ကိစ္စကော့ကိုတောင် မပြောသေးဘူး။ သူက ရယ်စရာရှိတအားရယ် ပြောစရာရှိရင် ပြောချလိုက်တာပဲ ... ဟဲ ... ဟဲ ဝင်းလက်ကို စမှာ စိုးလို့ "

ပြော၍ ပဝါလေးကို ဘူးလေးထဲပြန်ထည့်ပိတ် ဘူးကို ရင်ခွင်ထဲမှာ ပိုက်ကာ ဝင်းလက် တ

ယ်လီဖုန်းနား ထသွားသည် ။ ဖုန်းကိုကောက်ကိုင်လိုက်ပြီး ဂဏန်းတွေကို လျှောက်နှိပ်၏။

"ဟဲလို ... ဒေါ်လင်းလင်းမြင့်ရှိပါသလားရှင်"

"..."

"ဟာ ... ကိုလင်းလား ... ဟင်းဟင်း ... ဟုတ်တယ် ဝင်းလက်ပါ"

"..."

"မဟုတ်ပါဘူး ကိုလင်းဆီကိုပဲဆက်တာ"

" ... "

"ကိုလင်းမနက်ဖြန်အားရင် ဝင်းလက်တို့ရေလယ်ဘုရား ကျောက်တန်း ဘုရားသွားဖူးရအောင် မနက်ဖြန် ဝင်းလက် မွေးနေ့လေ ... မနက်ကိုးနာရီမှာ ရွှေတိဂုံဘုရားမှာ ပုတီးသွားစိပ်လိုက်မယ်၊ အဲဒီကပြန်မှ ရေလယ်ကျောက်တ

န်းဘုရားကို သွားမယ် ကိုလင်းလိုက်မယ် မဟုတ်လားဟင်"

"..."

"အိုခေ ဒါဆို နေ့လယ်စာစားပြီးချိန်လောက်သွားမယ် ဆက်ဆက်လာနော်"

ဖုန်းကိုချ၍ ဝင်းလက်အပေါ်ထပ် ပြေးတက်သွားပုံလေးက လိပ်ပြာလေးတစ်ကောင် ပျံဝဲသွားသည့်နှယ်။

မေရီ သက်ပြင်းသာချမိလေသည် ။

အချစ်ဟာ အားလုံးအတွက် လက်ဆောင်ကောင်းများ ပေးပါစေ။

*

## အခန်း (၁၃)

"လက်ဆောင်မလိုပါဘူး ကိုလင်းရယ် ... ဝင်းလက်ရဲ့ မွေးနေ့ကို ကိုလင်းက ခုလိုတကူးတကလိုက်ပို့တာ လက်ဆောင်ပေးတာထက် အဖိုးတန်ပါတယ်၊ ခါတိုင်းဆို ဘယ်ကိုပဲခေါ်ခေါ် ကိုလင်းက မအားဘူးလေ"

ဝင်းလက်က လက်ဆောင်ဆိုသည့် ရတနာဘူးလေးကို မက်မောပုံမပြဘဲ အလင်းတိုက်မျက်နှာကိုသာ တစိမ့်စိမ့်ကြည့်နေသည် ။ ဆံပင်ခပ်အုပ်အုပ် မျက်နှာသွယ်သွယ်နှင့် ပိရိကျနေသော အပေါ်အောက် အထူညီသော နှုတ်ခမ်းက အနည်းငယ် မောက်သလိုဖြစ်နေသည် မို့

အလင်းတိုက်မျက်နှာက ဂျစ်ကန်ကန် မာကျောကျောပုံပေါက်နေပေမယ့် နားသယ်စပ်ကိုဆင်းသော ဆံစများကဆက်၍ မေးရိုးထိခပ်ရေးရေးဆင်းသွားပုံက ယောကျ်ားပီသသည် ။

ထူသောမျက်ခုံးတို့ က မည်းနက်သန့်စွမ်းလျက် စူးလက်နေသော မျက်ဝန်းတို့ ကို အရောင်တင်ပေးထားသလို ရှိလေသည် ။

ခါတိုင်း ရှပ်လက်တိုပွပွနှင့် ဘောင်းဘီရှည်များ သာ ဝတ်တတ်သောပုံစံက ဒီနေ့ ပုဆိုးနဲ့ဆိုတော့ အမြင်ဆန်း၍ ဝင်းလက်ကြည့်လို့ မဝ ။

"ဝင်းလက်"

"ရှင် ..."

ဝင်းလက်က သတိလက်လွတ် ငေးနေမိသူမို့ သူခိုးလူမိသလို ထစ်ထစ်ငေါ့ငေါ့လေး ဖြစ်

သွားကာ ခေါင်းလေးငုံ့သွား၏။

"မာမီပေးတဲ့ လက်ဆောင်ကို မကြည့်တော့ဘူးလား"

"ဘယ်လို"

"ဩော် ... ဟို ကိုယ်က လက်ဆောင်ပေးဖို့ သတိရပေမယ့် ဘယ်လိုဟာမျိုးလေးနဲ့ သင့်တယ်ဆိုတာ မရွေးတတ်ဘူးလေ ... အဲဒါ မာမီ ရွေးပေးလိုက်တာ"

မနည်းရှင်းပြတော့မှ ဝင်းလက်ရဲ့ မျက်နှာလေး ကြည်သွား၏။

"ကိုယ့်အတွက် သတိရပေးတဲ့ ဥစ္စာဘာပဲဖြစ်ဖြစ် ဝင်းလက် ကျေနပ်တယ်"

ပြောရင်းဘူးလေးဖွင့်လိုက်တော့ စိန်ပွင့်သေးသေးလေးတွေ မြှုပ်ထားသော လက်စွပ်ကလေး။

"ဟယ် ... လှလိုက်တာ"

ဝင်းလက် ဝမ်းသာသွားသလောက် အလင်းတိုက် မျက်နှာပျက်သွားသည် ။ လက်စွပ်ကလေးက ပလက်တီနမ်ကွင်း ပါးပါးလေး။

ဒီအခြေအနေမျိုးမှာ လက်စွပ်ပေးသင့်သလား။

ပြီးတော့ လက်စွပ်က စေ့စပ်လက်စွပ်ပုံစံ။

ဝင်းလက် ဖုန်းဆက်တော့လည်း မာမီက ငိုမတတ်ရှိမတတ် အမိန့်တွေပေးနေသည် မို့ လိုက်ပို့ပါမည့် အကြောင်း သူကတိပေးခဲ့ရသည် ။

ဝင်းလက်ကို ပုံစံမပျက်ဆက်ဆံပေးသွားဖို့ လောလောဆယ် ကိုယ့်ဘက်ကပျက်ကွက်စေဖို့ အကြောင်းမခိုင်လုံသေးသည် မို့ မိဘမျက်နှာမပျက်ရအောင်နေပေးဖို့ မာမီအထပ်ထပ် ပြောသလို သူကလည်း ဝင်းလက်နဲ့ ဇွတ်စီစဉ်တာမျိုး မလုပ်ဘူးဆိုလျှင်

လိုက်လျှောဖို့ သားအမိနှစ်ယောက် ဆွေးနွေးခဲ့ကြသည်။

မွေးနေ့လက်ဆောင်ပေးလိုက်ပါ သားရယ် ဆိုပြီး ... လက်ထဲထည့်ပေးလိုက်တဲ့ ဘူးထဲက ပစ္စည်းဟာ ဘာမှန်းတောင် မကြည့်ဖြစ်ခဲ့ပါ။

လက်ထပ်ဖို့ ကိစ္စ လက်လျှော့ဖို့ ထိ ကတိပေးခဲ့ပြီးမှ ဘယ်လိုလုပ်လိုက်တာလဲ။

အလင်းတိုက် လက်စွပ်ကိုကြည့်၍ ဟန်မဆောင်နိုင်အောင် ဖြစ်နေမိသည်။

"ကိုလင်း ... ကိုလင်း ဒါ စေ့စပ်လက်စွပ်လေးလား ... ဟင်"

ဝင်းလက်အသံလေးက တိုးရှတုန်ခါနေ၏။

" မဟုတ်ဘူး ... မဟုတ်ဘူး ဝင်းလက် ဟိုမွေးနေ့လက်ဆောင်သက်သက်ပါ"

အလင်းတိုက် မျက်နှာပျက်နေတာကို ဝင်း

လက်က ရှက်နေခြင်းပဲဟု မြင်၍ နှာခေါင်းလေးတွန့်ကာပြုံးသည်။

"ထားပါတော့ ... ဘာအတွက်ပဲဖြစ်ဖြစ်ပါ ... ရော့ ကိုလင်းဝတ်ပေးနော်"

ပြဿနာတော့စပြီ။

အလင်းတိုက် ဘယ်ထွက်ပြေးရမှန်းမသိအောင် ပူထူသွား၏။

ဒီကိစ္စမျိုးဟာ ကိုယ်မရွယ်စူးသော မိန်းကလေးတစ်ယောက်နှင့် လုပ်သင့်တဲ့ ကိစ္စမျိုးမဟုတ်။

ရွယ်စူးပြီးသားလို့ ထင်ပြီး တစ်ဖက်သက်တွေးနေရှာသူကိုလည်း ဘယ်လိုပြော၍ ရှောင်ရှားမလဲ။

"ရော့လေ ... ကိုလင်း"

အလင်းတိုက်လက်ထဲကို ရောက်လာသည့်

လက်စွပ်ကလေးကို ယူလိုက်ရသည် ။ ဝင်းလက်က ဖြူသွယ်သော သူမရဲ့ ဘယ်လက်ကလေးကို ကန္တဲ့ကလျှလေးပြန်ပေး၏။

အလင်းတိုက် စိတ်ပျက်စိတ်ကုန်ခြင်းများစွာနှင့် ဝင်းလက်ရဲ့ လက်သူကြွယ်လေးမှာ စွပ်ပေးလိုက်ရပါတော့သည် ။

အလင်းတိုက် ထိကိုင်လိုက်သည့် လက်ရဲ့ အထိအတွေ့မှာ ဝင်းလက်ရင်တွေ ဗရမ်းဗတာ လှုပ်ခုန် နေလေသည် ။

အချစ်ဆိုတာ ဒါပဲနေမှာ ပါ။

တံတားလေးပေါ်ဆီ တိုးဖြတ်တိုက်ခတ်လာသည့် ရေပြင်ကလေးနံဘေးလေပြည်သည် ချစ်သူကျီစယ်၍ ရှိုက်နမ်းသလိုပါးပြင်နှင့် လည်တိုင်နုနုမှာ သိမ့်ခနဲနွေးသွားသည် ။

သို့ပေမဲ့ ထူနက်သော မျက်တောင်လေးတွေ ဝိုင်းရံနေသည့် အလင်းတိုက်မျက်ဝန်းတို့

ကို အမှတ်တမဲ့ငေးကြည့်လိုက်မိရင်း ချစ်ခြင်းသံစဉ်တို့ ကို ဖွဲ့သီစေလိုသော ဆန္ဒက တိုးတိတ်စွာဖြစ်ထွန်း လာသည် ။

သူကသာ ချစ်လားဟင်လို့ မေးလာပါလျှင်။

*

# အခန်း (၁၄)

"ဒီနေ့ နည်းနည်းနောက်ကျသွားတယ် ကိုယ်လိုက်ပို့ပါရစေ နေ"

"ရပါတယ် 'နေ' ပြန်နေကျပါ"

ဒေါက်တာထွန်းနောင် စကားဆက်ဖို့ ကြိုးစားပေမယ့် နေကုဋ္ဌာက ကားပေါ်ရောက်သွားပြီ။

နေကုဋ္ဌာဆိုသော ဒေါက်တာမလေးဟာ အကျိုးပေးထူး၍ လှလွန်းတာမှန်ပေမယ့် သူ့အလှကို ဘယ်လိုလူမျိုးကိုမှ ခံစားခွင့် မပေးခဲ့ပါ။

ခင်မင်ခွင့်လည်း မပေးသလို ဘယ်လိုပုံစံနဲ့ ချဉ်းကပ်မှုမျိုးကိုမှ လက်မခံတတ်သူ။

သူ့ကိုဘေးကကြည့်၍ ယောက်ျားတွေက ရှူးပဲရှူးရတော့မလိုလို ပြေး၍ ပဲ လုယူရတော့မလိုလို။

ဆေးရုံကလုပ်ဖော်ကိုင်ဖက် ဆရာဝန်အချင်းချင်းစကြတော့

" 'နေ' ရေ ... သတိလည်း ထားဦးနော်တော်ကြာ နေ့ကို အဝေမတည့်ကြလို့ တစ်စစီပိုင်းပြီး ယူကြလိမ့်မယ် ... ပိုင်ရှင်တစ်ယောက်ယောက်ကို ရွေးဖို့ သင့်နေပြီ"

အဲဒီလိုပြောကြတော့လည်း သူက ...

"ဒီလောက်ထိ အခြေအနေဆိုးလာတော့လည်း အလုပ်ကထွက်ပြီး အိမ်တံခါးပိတ်နေမယ်ဒေါက်တာ နေ့ရင်ထဲမှာ အချစ်ကတော့ မရှိသလောက်သေချာတယ်"

နေကုဋ္ဌာက အဲဒီလို မိန်းမဖြစ်သည် ။

အဲဒီတော့ သူ့အချစ်ကို ဘယ်လိုကြိုးစားယူမလဲ။

ဒေါက်တာထွန်းနောင် ကျန်နေခဲ့ပုံကို လှည့်မကြည့်ဘဲသိနေ၏။ နေကုဠာ ပြုံးလိုက်မိသည် ။

ယောကျ်ားတွေဟာ ဒါပါပဲ။

လှတာမြင်လျှင် ချစ်ချင်သည် လိုချင်ကြမည်။

အမျိုးမျိုးကြိုးစားလို့ မရလျှင် ဘဝင်မြင့်သည် မာနကြီးသည် ။ တချို့အောက်တန်းကျစွာနာမည်ဖျက်တတ်ကြသေးသည် ။

ကားကို ညင်သာစွာ မောင်း၍ လမ်းတစ်ဖက်သို့ ချိုးကွေ့လိုက်သည် ။

ရှေ့ကဘာလဲ။

နေကုဠာ မျက်မှောင်လေးတွန့်သွားကာ

ရှေ့ကကားမီးရောင်ထဲ ဝင်လာသည့်ပုံကို စူးစိုက်ကြည့်လိုက်မိသည် ။

လူရွယ်တစ်ယောက် ကားတားနေသည် ။

ကားတားတာဟာ လမ်းဘေးကတားခြင်း မဟုတ်ဘဲ လမ်းလယ်ကောင်ကရပ်၍ တားနေခြင်းဖြစ်သည် မို့ ကားကိုအရှိန်လျှော့ချလိုက်ရသည် ။

နေကုဋ္ဌာ ကားရပ်သွားတော့ လူရွယ်က အနားသို့ အူယားဖားယားပြေးလာသည် ။

"ဆရာမ ဆရာမက နှလုံးအထူးကု ဆရာမ ဟုတ်လား ဟင်"

"ဟုတ်တယ်"

"ဟိုဘက်ကွေ့လမ်းကြားထဲမှာ နှလုံးရောဂါသည် တစ်ယောက် တော်တော်အခြေအနေ ဆိုးနေပါတယ် ဆရာမရယ်

အဲဒါဆရာမလိုက်ကြည့်ပေးပါလားဗျာ"

"အို ... ဒီအချိန်ကြီး မလိုက်နိုင်ပါဘူး၊ ဖယ် ... ဖယ်"

လူရွယ်က ကားကိုဆုပ်ကိုင်ထားဆဲဖြင့် ဆက်ပြော၏။

"လူနာက တော်တော်ခံစားနေရတာပါ ဆရာမရယ် ကျွန်တော်တို့ မှာ ဆင်းရဲလွန်းလို့ အပြင်မှာ လည်း ဆေးတစ်ခွက်တောင်ဝယ်မသောက်နိုင်ပါဘူး၊ အခု ဆရာမကို ခေါ်ရတာလည်း ခေါ်ကြွခပေးစရာမရှိပါဘူး၊ ကျွန်တော့်ပုံစံကို မြင်ပြီး ငွေမရနိုင်မှန်းသိလို့ ဆရာမ မလိုက်တာလားဟင်"

သူပြောမှ ပဲ နေကုဋ္ဌာ သတိထားကြည့်မိသည် ။ လက်တစ်ဖက်က လက်မောင်းမှ ပြတ်လုနီးပါး ပြုတ်ကျနေသည့် စွပ်ကျယ်လက်တို အဖြူကညစ်ထပ်ထပ်။

ဆံပင်ပွယောင်းယောင်းနှင့် တကယ့်ကို စုတ်ပြတ်နေသည် ပဲ။

"ဆရာမ ငွေမျက်နှာမကြည့်ဘူးဆိုရင် လိုက်ခဲ့ပါလား ဆရာမရယ်၊ ကျွန်တော့် အဒေါ်တော်တော်လေးကို ခံစားနေရလို့ ပါဗျာ ဆရာမကို လိမ်ညာလှည့်ဖျားခေါ်တာ လုံးဝ မဟုတ်ဘူး ဆိုတာ ယုံပါ"

ခက်တော့တာပဲ။

ဆင်းရဲလို့ ဆေးတောင်ဝယ်မသောက်နိုင်ပါဘူးလို့ ဖွင့်ပြောထားတာ ကြည့်မပေးနိုင်ဘူးဆိုလျှင် ကိုယ်ကငွေမျက်နှာ ကြည့်တယ်ဖြစ်ဦးမည်။

လိုက်ဖို့ ကျတော့လည်း သွားရမည့်နေရာက မှောင်နဲ့ မည်းမည်း ခေါ်သည့်လူရှယ်က နေကုဋ္ဌာ မျက်နှာကိုသာ မျှော်လင့်တကြီးကြည့်နေသည် ။

"တို့ မှာ ဘာပစ္စည်းမှ ပါမလာဘူး မနက်ဆေးရုံသွားတော့မှ ဝင်ကြည့်ပေးမယ်၊ တို့ ကိုမင်းသိနေတာပဲ တစ်နေ့ရာရာကစောင့်နေပေါ့ "

"ကျွန်တော့်အဒေါ် ဒီည သေသွားရင် ဘယ်လိုလုပ်မလဲ ဆရာမ"

"ခက်တာပဲ ... မင်းကိုလည်း တို့ ကမယုံဘူး၊ ယုံလို့ လိုက်တော့လည်း နားကြပ်ပဲပါတာ "

"လူနာဆိုတာ ဆရာဝန်ကထိလိုက်ကိုင်လိုက်တာနဲ့ ရောဂါတစ်ဝက်ပျောက်ပါတယ် ဆရာမရယ် ... ကျွန်တော့်ကို မယုံရင် ကျွန်တော့်လမ်းထဲက လူကြီးတွေ သွားပြေးခေါ်ခဲ့ပါ့မယ်၊ ဆရာမ ဒီနေရာကစောင့်နေပါ"

အဟုတ်ပဲ လူရွယ်ကလှည့်ပြေးဖို့ အားယူလိုက်သည်။

"ဟိတ် … နေဦးလေ တို့ က ဒီမှာ ဘယ်လို လုပ်အကြာကြီး ရပ်ထားလို့ ကောင်းမှာ လဲ"

ပြော၍ နေကုဋ္ဌာက မျက်နှာလေးရှုံ့မဲ့သွားပြန်သည် ။

ပြီးတော့ လူရွယ်ကို တစ်ချက်စိုက်ကြည့် ကာဖြစ်ချင်ရာဖြစ်ဟု ဆုံးဖြတ်လိုက်ဟန်နှင့် ကားတံခါးဖွင့်ပေးလိုက်၏။

"ကဲ … တက် ဘယ်ကိုမောင်းရမှာ လဲ ပြော "

"အဲဒီတည့်တည့်ကိုမောင်း ဆရာမ … ကွေ့ မယ့်နေရာကျ ကျွန်တော်ပြောပြမယ်"

ပြောလည်း ပြော ကားထဲကို ဝင်ထိုင်ချလို က်သည် ။

ပုံက အကြမ်းပတမ်းမို့ နေကုဋ္ဌာရဲ့ စိတ်ပျ က်သော အကြည့်တစ်ချက် ပြေးဝင်လာ၏။

ကားလေးငြိမ့်ခနဲ ထွက်လာတော့ တစ်ဖက်လှည့်၍ အလင်းတိုက် ပြုံးလိုက်မိသည် ။

ကဲ ... ဘယ်ယောကျ်ားမှ စိတ်ကူးယဉ်ခွင့်မရခဲ့ပါဘူး ဆိုသည့်နေရာမှာ သူထိုင်ခဲ့ရပြီ။

နေကုဋ္ဌာ မင်းဟာ ကိုယ့်အတွက်ပဲဆိုတာ ယုံလိုက်တော့။

*

## အခန်း (၁၅)

ခြံကြီးတိုက်ကြီးတွေ ကြားထဲမှာ ဒီလောက် စုတ်ပြတ်တဲ့ အိမ်မျိုးလေးရှိသေးတာကို နေကုဋ္ဌာ အံ့သြလို့ မဆုံး။

အထဲကို ကားဝင်လို့ မရတာမို့ ကားကိုလမ်းထိပ်မှာ ရပ်ထားခဲ့ရသည် ။ သူ့အမြဲ ဒီနားကဖြတ်သွားနေကျပေမယ့် ဒီလမ်းကြားလေးကို တစ်ခါမှ သတိမထားမိခဲ့ပါ။

အထဲကို ငါးမိနစ်ခန့်လျှောက်မိတော့မှ တဲသာသာ အိမ်လုံးလေးတွေ လေးငါးခြောက်လုံးခန့်ရှိသော နေရာကို ရောက်လာ၏။

ပတ်ဝန်းကျင်က မှောင်နဲ့ မည်းမည်း။

စိုးရိမ်စိတ်ကဝင်လာလိုက် အားတင်း၍ ဆက်လှမ်းရင်း ပျောက်သွားလိုက်။

"ဒါ ကျူးကျော်လေ ဆရာမ ကျွန်တော်တို့က မြေဝယ်မနေနိုင်လို့ ဒီကြားထဲမှာ ကိုယ့်သဘောနဲ့ ကိုယ် နေရာအကွက်လွတ်ကလေး ယူနေကြတာ အစကဆို ကျွန်တော်တို့ တူဝရီးသုံးယောက်နဲ့ အိမ်တစ်လုံးထဲရှိတာ"

"မင်းအဒေါ်ရယ် ဘယ်သူရယ်ရှိသေးလဲ"

"ညီမလေး ရှိသေးတယ်၊ ညီမလေးက ရှစ်တန်း အဲဒီ ကျောင်းသူရယ် အဒေါ်ကလူမမာရယ်ဆိုတော့ ကျွန်တော် ပန်းရန်လုပ်လို့ ရတဲ့ငွေက ဆေးဖိုးဘယ်လိုမှ ထွက်မလာဘူး ဆရာမရယ်၊ ကျွန်တော် ဆရာမကို ဆေးခန်းမှာ လာခေါ်ဖို့ ထိ ချောင်းနေတာ နှစ်ရက်ရှိပြီ ခြေကြွခမပေးနိုင်ဘဲ ဆရာဝန်ပင့်ရင် ဆရာမ ဟောက်လွှတ်မှာ စိုးလို့ "

နေကုဋ္ဌာ စိတ်မကောင်းဖြစ်သွားမိသည် ။

ဝင်လာခဲ့သော စိုးရိမ်စိတ်ကလေးတွေလ ည်း လွင့်ပျယ်သွား၏။

တကယ်ဆင်းရဲရှာတာပါဟု တွေးမိလိုက် သေးသည် မို့ လူနာဆီ စိတ်ရောက်ကာ ခြေလှ မ်းကပိုသွက်လာ၏။

"ဒီဘက်အဖျားကအိမ်ပဲ ဆရာမ၊ အထဲမှာ ညီမလေးရှိပါတယ်၊ ကျွန်တော် ဆရာမကား ကို သွားစောင့်ပေးမယ်နော်"

"အို ... မသွားနဲ့ လေ ဒီကပြီးရင် ဘယ်သူပြ န်ပို့မှာ လဲ ကားကသော့ပိတ်ထားခဲ့တာ ရတ ယ်"

တချို့အကွပ်မဲ့နေပြီဖြစ်သော ဝါးကြမ်းခင်း တို့ ကို ခြေကျွံမကျအောင် ဂရုစိုက်နင်း၍ တက် လာခဲ့ရသည် ။

"အစ်ကို ဆရာမ ပါလာသလားဟင်"

လူနာက အနားစုတ်နေသော ဖျာလေးပေါ်မှာ ဘေးတစောင်းလှဲနေလျက် ဘေးမှာ စိတ်ပျက်လက်ပျက်ကလေး ထိုင်နေသည့် ကောင်မလေးက ဝမ်းသာအားရ ထရပ်၍ မေးသည်။

"ပါလာတယ် အဲဒီမှာ ဆရာမကို လိုအပ်တာမေးလိုက်"

"ဟုတ်ကဲ့"

ဆရာမ အသံကြားသည် နှင့် လူနာအမျိုးသမီးကြီးက လှည့်လာ၏။

ညိုသောအသားသည် မည်းသည့်ဘက်ကို ရောက်လျက် ပိန်ချုံးနေသည် မို့ ပို၍ မှောင်နေသည်။

ကောင်မလေးကလည်း ခပ်ညိုညိုမွဲခြောက်ခြောက်လေးဖြစ်၍ အနားမှာ လာထိုင်သည့်

လူရှုယ်ကိုမော့ကြည့်လိုက်တော့ မှိန်လဲ့လဲ့ ဖယောင်းတိုင် မီးရောင်အောက်မှာ ဖြူဝင်းသောအသားနှင့် အရပ်ကထောင်ထောင်မောင်းမောင်းဖြစ်သည် ။

မ ျကာ ်န ၂၁ပေ ါမ ၂၁ ဘိလပ်မြေလို ညိုညစ်ညစ်ဖြူဖျော့ဖျော့ အရာတွေ ဟိုတချို့ ဒီတချို့နှင့် ပေကျံနေပေမယ့် သန့်ပြန့်သော ရုပ်ရည်က ပျောက်မသွား။

နှစ်ယောက်နဲ့ တစ်ယောက်က လုံးဝမတူပါလား။

ဩော် ... အဒေါ်ဆိုတော့လည်း တူချင်မှ တူမှာ ပေါ့။

ကိုယ့်မှာ ပတ်ဝန်းကျင်ကို သတိထားရမှာမို့ နေကုဋ္ဌာ စေ့စေ့စပ်စပ်အကဲခတ်နေမိသည် ။

ကောင်မလေးကတော့ နေကုဋ္ဌာ ရောက်က

တည်းက ကမ္ဘာ့ထူးဆန်းအံ့ဖွယ် သတ္တဝါကြီး တစ်ကောင်ကိုကြည့်သလိုမျိုး မျက်လုံးပြူး လေးများ နှင့် အကြည့်ကိုတစ်ချက်မှ မလွှဲ။

နေကုဋ္ဌာက လူနာကို သေချာစမ်းသပ်ကြ ည့်သည် ။

လေးကန်ကျပ်ခဲသော နှလုံး၏ လှုပ်ရှားမှု ကိုတွေ့ရသည် ။

"နှလုံးသွေးကြောကျဉ်းတာ"

"ဟုတ်ပါတယ် ဆရာမလေးရယ်"

လူနာကမောဟိုက်သံနှင့် ပြောရှာသည် ။

"မွေးရာပါလား ဘယ်တုန်းက စဖြစ်တာလဲ
"

လူနာက မဖြေနိုင်တော့။

"မွေးရာပါ မဟုတ်ပါဘူး ဆရာမ၊ အခုအ သက်ကြီးမှ ဖြစ်လာတာပါ၊ အမေက

အလုပ်ကြမ်းလည်း အရမ်းလုပ်ရတယ်၊ ဒေါသလည်း ကြီးတတ်တယ် ... ဒီ့ပြင်ရောဂါတော့ဘာမှ မဖြစ်ဖူးပါဘူး။ နောက်ပိုင်း စိတ်ဆိုးလာရင်မောာ ... ပင်ပန်းလာရင်မောနဲ့ အခုလဲသွားတာ သုံးလလောက်တော့ရှိပြီ"

ကောင်မလေးက ဝင်ဖြေသည်။

"ဘာဆေးတွေတိုက်ဖူးလဲ"

"ဘာဆေးလဲတော့ မခေါ်တတ်တော့ဘူး ဆေးဆိုင်မှာ အမောပြေတဲ့ ဆေးစပ်ပေးပါလို့ ပြောပြီး သွားဝယ်တိုက်ပါတယ်"

"သက်သာလား"

"သက်သာတယ်လို့ ပြောတာပဲ ဒါပေမဲ့ ခဏလေးပဲ၊ မောလာတိုင်း ဆေးဝယ်တိုက်ဖို့ ပိုက်ဆံမရှိတော့ ..."

"ကဲ ... ကဲ တို့ မှာ လည်း ဘာမှ တော့ ပါမ

လာဘူး၊ ဒီည သက်သက်သာသာအိပ်လို့ ရအောင် ဒီဆေးလေးကို တိုက်ထားလိုက် မနက်ဖြန်ဆေးရုံ မသွားခင် လာကြည့်ပေးမယ်၊ အဲဒီကျမှ လိုအပ်သလို လုပ်ပေးမယ်နော်"

"ဟုတ်ကဲ့ ဆရာမ"

ကောင်မလေးက ပျာပျာသလဲထယူသည်။

နားကြပ်ကို လက်ဆွဲအိတ်အညိုထဲထည့်၍ သိမ်းဆည်းနေသော နေကုဋ္ဌာမျက်နှာလေးကို အလင်းတိုက် စူးစိုက်ကြည့်ရင်း နေကုဋ္ဌာရဲ့ စာနာတတ်သော စေတနာစိတ်ရင်းလေးကို အထင်ကြီးလေးစားကာ ပို၍ မြတ်နိုးနေမိသည်။

မျက်လွှာချထားသဖြင့် ရှည်သောမျက်တောင်တို့ ၏ အရိပ်က အောက်မျက်စပ်မှာ ထင်ကာ မျက်တောင်နှစ်ထပ်ဖြစ်နေလျက် ပါးမို့လေးတွေက ရဲနေသည်။

ဖူးရှသော နှုတ်ခမ်းလေးအစုံက နီမြန်းစိုအိ

နေ၏။

"အစ်ကို ဆရာမကိုလိုက်ပို့လိုက်ဦးလေ"

"ဩော် အင်း ... ဟုတ်ကဲ့"

အလင်းတိုက် ကမန်းကတန်းထကာ ဆေးအိတ်လေးကို လှမ်းဆွဲသည်။

"အို ... ဘာမှ လည်း မမြင်ရတော့ဘူး"

လာတုန်းက လရောင်လေးရှိနေသည်။

အပြန်ကတော့ ညိုမည်းသောတိမ်အုပ်တို့ ဖုံးလွှမ်းနေပြီမို့ ပတ်ဝန်းကျင်က မှောင်မည်းနေ၏။

"ကျွန်တော် တဲပေါ်က ဖယောင်းတိုင် သွားယူလိုက်မယ်"

"ယူမနေပါနဲ့ ... ဟိုမှာ လည်း လူမမာနဲ့ လမ်းမှာ ဖယောင်းတိုင်ထွန်းလို့ လည်း ရမှာ မှ မဟုတ်ဘဲ"

ဟုတ်သည် လေ။

အေးစိမ့်သော မိုးသက်လေက သုတ်ခနဲ သုတ်ခနဲ ဆော့နေပြီ။ သကြ်န်အကြိုမိုးတော့ ရွာဦးတော့မည် ထင်သည် ။

"ဒုက္ခပါပဲ မိုးက ရွာဦးမယ်ထင်တယ်"

"ဟုတ်တယ် ဆရာမ"

ဘာမှ မမြင်ရတဲ့ လမ်းမှာ ခပ်မြန်မြန်လျှောက်နေမိသည် ။ ခြေထောက်ကခြေလှမ်းမှားပြီး ...

"အမယ်လေး"

"ဟာ ... ဆရာမ"

အလင်းတိုက်သာ လက်မြန်ခြေမြန် ဖမ်းမဆွဲလျှင် နေကုဋ္ဌာ ပုံပျက်ပန်းပျက် ပစ်လဲသွားနိုင်သည် ။

မထင်မှတ်ဘဲရင်ခွင်ထဲ ရောက်လာသည့်

နှုးညံ့အိစက်နေသော ကိုယ်လုံးလေးကို သတိလက်လွတ် ဖက်ထားမိရင်း အလင်းတိုက် နှလုံးသားတွေ တဒိုင်းဒိုင်း ဆောင့်ခုန်လာသည်။

"ရတယ် ... ရပြီ"

နေကုဋ္ဌာက အတင်းရုန်းထွက်၏။

လူသူမနီးသော မှောင်ထဲမှာ ဒီလိုယောကျ်ားမျိုးတစ်ယောက်နှင့် နှစ်ယောက်ထဲ သူ့ရင်ခွင်ထဲလည်း ရောက်ရလိမ့်မည်ဆိုတာ ဘယ်တုန်းကမှ အိပ်မက်ပင် မမက်ခဲ့ဖူးပါ။

ဘုရား ... ဘုရား အဲဒီတစ်ယောက်က ဖောက်လွှဲဖောက်ပြန်များ ဖြစ်လာမှ ဖြင့် ...

နေကုဋ္ဌာ ခြေထောက်မှာ ပြင်းပြင်းထန်ထန်နာကျင်သွားတာကို သတိမရ။

ဟန်လုပ်၍ ဘာမှ မဖြစ်သလို ထိန်းလျှော က်လိုက်သည်။

"ဆရာမ ခြေထောက်တစ်ခုခု ဖြစ်သွားပြီ ထင်တယ်"

"ရတယ် ဘာမှ မဖြစ်ဘူး"

နေကုဋ္ဌာ သူ့ကိုကြောက်နေမှန်းသိ၍ အလ င်းတိုက် စိတ်မကောင်းဖြစ်သွားမိသည်။

တကယ်ဆို ဒီလိုချောင်ကျ ကြမ်းတမ်းတဲ့ နေရာမျိုးကို သူမခေါ်ရက်ပါ၊ ဒါပေမဲ့ နေကုဋ္ဌာ ဆိုတဲ့ မိန်းမရဲ့ တုံ့ပြန်မှု တစ်ခုခုကို ရဖို့ က လ မ်းဟောင်းကြီးအတိုင်းလိုက်လို့ လုံးဝမဖြစ်နိုင် တာ သူသိနေသည်။

ဒီနေ့ ဒီလိုအဖြစ်မျိုးဖြစ်ခွင့်ရဖို့ သူရင်းနှီးစွ န့်စားခဲ့ရတာတွေနည်းသလား။

*

# အခန်း (၁၆)

"ကျေးဇူးတင်လိုက်တာ ဆရာမလေးရယ် ညက ဆရာမလေး ပေးသွားတဲ့ ဆေးသောက်လိုက်မှ အဒေါ်တစ်ညလုံး ကောင်းကောင်း အိပ်ရတော့တယ် အဒေါ်လေ အိပ်ရာကထတော့ ခါတိုင်းလိုမဟုတ်ဘဲ စိတ်ထဲမှာ ကြည်ပြီး ဆရာမလေးကို ကျန်းမာပါစေ ချမ်းသာပါစေနဲ့ မေတ္တာပို့ပေးနေမိတယ်"

တကယ့်ကိုပဲ လူနာအမျိုးသမီးကြီးမျက်နှာက ညကနဲ့ မတူဘဲ လန်းလန်းဆန်းဆန်း ရှိနေသည် မို့ နေကုရွှာ ပြုံးသည်။

ဆေးထိုး၍ ပြီးစီးပြီးသော ပစ္စည်းတို့ ကို သိ

မ်းလိုက်သည် ။

"အဲဒီ ပေးထားတဲ့ ဆေးကို အချိန်မှန်သောက်နော် ... 'နေ' အချိန်မှန် ဆေးလာထိုးပေးမယ်၊ နှလုံးသွေးကြောကျဉ်းတာ လိုအပ်သလို ကုသသွားမယ်ဆိုရင် မစိုးရိမ်ရပါဘူး"

"ဝမ်းသာလိုက်တာ ဆရာမရယ်"

"ဆရာမ ... ဆရာမက တအားလှတာပဲနော်"

ကောင်မလေးက မဆီမဆိုင်ဝင်ပြော၏။

"စေတနာကလှတော့ လူကပိုပြီးကျက်သရေရှိတာပေါ့ သမီးရဲ့ ... ဪ ဆရာမမှတ်ထားပေးပါဦး အဒေါ်က ဒေါ်မြရီ၊ ဒီကလေးမက အဒေါ့်သမီး ရီရီခင်တဲ့ ၊ သူကတော့ တူတော်တယ်၊ နာမည်က ခင်မောင်ရင်တဲ့ "

နေကုဋ္ဌာက သူ့ကိုကြည့်ကာ မျက်မှောင်တ

စ်ချက်ကုတ်သွား၏။

"မင်းမျက်နှာက ပေနေတာတွေက နေ့ရော ညရောပဲလား"

"ဟုတ်တယ်ဆရာမ အလုပ်ကနေ့တိုင်းဆ င်းနေရတယ်လေ၊ ဘိလပ်မြေတွေဆိုတော့ ချ က်ချင်းဖျက်လို့ မရဘူး"

တမင်ရုပ်ဖျက်ထားရတာတွေကို ယုတ္တိရှိ အောင် ပြောလိုက်ရသည် ။

"ကဲ ... အားလုံးပဲ 'နေ' သွားမယ်နော်"

သူ့ကိုယ်သူ 'နေ' လို့ ပဲ ပြောသွားပုံလေးက ချစ်စရာ။

ရွှေဝါရောင်ပါတိတ်ဝမ်းဆက်က ခါးတိုလ က်ပြတ်ကလေးမို့
နုမွတ်သောကုပ်သားဖွေးဖွေးလေးကိုရော ဆင် စွယ်နှစ်ရောင် လုံးသွယ်သော လက်မောင်းပြ

ည့်ပြည့်လေးကိုပါ မြင်နေရသည် ။

မိန်းကလေးတချို့ ခါးတိုဝတ်ထားသလို ဆူချင်ချင်ဗိုက်ပြင်ကို အတင်းထိုးကျပ် ဆွဲဖိထားတာမျိုးမဟုတ်ဘဲ သူ့အလိုအတိုင်းချပ်ချပ်ရပ်ရပ် ရှိနေတာမျိုးဖြစ်သော ဗိုက်သားရှပ်ရှပ်ကလှပြီးသားကောက်ကြောင်းလေးတွေကို ပို၍ပေါ်လွင်နေစေသည် ။

တဲပေါ်ကဆင်းလိုက်တော့ နေကုဋ္ဌာကိုင်ထားတဲ့ ဆေးအိတ်ကို အလင်းတိုက်က ပြောင်းယူလိုက်သည် ။

ထိခတ်သွားသောလက်၏
အထိအတွေ့ကြောင့် နေကုဋ္ဌာ မျက်ဝန်းတွေ သူ့ဆီဒိုင်းခနဲ ရောက်လာသည် ။

အလင်းတိုက် ဒီနေရာမှာ သတိတစ်ချက်လွတ်သွားသော်လည်း နေကုဋ္ဌာမျက်နှာမှာ အလိုကျခြင်းတွေ ဖြစ်ပေါ်သွားသည် ။

ပန်းရန်သမားဆိုတဲ့ လက်က နူးညံ့အိစက်လို့ ပါလား။

ပြီးတော့ မနေ့ညက အမှတ်တမဲ့ သူ့ရင်ခွင်ထဲရောက်သွားရင်း ရလိုက်တဲ့ ရေမွှေးနံ့။

ဒီလိုဘော်ဒီစပရေးဟာ
အနည်းဆုံးသောင်းကျော်တန်။ ဝတ်ထားသောစုတ်ပြတ်သည့်အဝတ်အစားများ နှင့် ပေပွနေသောမျက်နှာ ပွယောင်းယောင်း ဆံပင်အနေအထား။

ဒီလိုကသီဖုတ်ဖက်လုပ်ကိုင် စားသောက်နေရတဲ့ လူတစ်ယောက်ရဲ့ ကိုယ်ဟာချွေးနံ့အပြင် သောင်းကျော်တန် ရေမွှေးနံ့ထွက်နိုင်စရာ အကြောင်းမရှိ။

ကားနားရောက်လာတော့ နေကုဋ္ဌာက ပိုက်ဆံအိတ်ဖွင့်၍ ငါးဆယ်တန်တစ်ရွက်ထုတ်ယူလိုက်ကာ ...

"ရော့ … တို့ ကို ကွမ်းယာငါးဆယ်ဖိုးလောက် သွားဝယ်ပေး"

"ဟင် … ဆရာမက ကွမ်းယာစားတယ်"

"မိတ်ဆွေတစ်ယောက်ဖို့ ပါ"

ပိုက်ဆံထည့်မပေးခင် ဖြန့်လာသည့် လက်ဝါးကို စိုက်ကြည့်လိုက်မိသည်။

လက်ဆစ်တို့ သည် အလုပ်ကြမ်းသမားလို ရှန်းကြွဖုထစ်ခြင်းမရှိဘဲ ခပ်သွယ်သွယ်ရှိလျက် လက်ဖဝါးတစ်ပြင်လုံး နီမြန်းနေသည်။

ထွက်သွားသည့် ခင်မောင်ရင်ဆိုသော လူရွယ်ကို နောက်မှ စူးစိုက်ကြည့်၍ နေကုဋ္ဌာ စိတ်ရှုပ်သွားမိသည်။

ခြေဖနောင့်နှင့် ခြေချောင်းတွေကိုလည်း ကြည့်ဦး ချေးညော်ကင်းစင်လျက် နီရဲနုဖတ်နေသည်။

မျက်နှာနှင့်လည်တိုင်များမှ လွဲ၍ သူ့မှာ ဘာအစွန်းအထင်းမှ မရှိ။ ဒါဆိုဘာလဲ။

ပကတိရိုးသားစွာ ဆက်ဆံနေတာလည်း သိနေသည် ။

လူနာကလည်း တကယ့်ကိုရောဂါ ခံစားနေရသည့် လူနာ။

တောက်လျှောက် အလုပ်ကြမ်းမလုပ်ဖူးဘဲ၊ မကြာသေးခင်ကမှ စားဝတ်နေရေးကြောင့် လုပ်နေရတာဆိုလျှင်လည်း လုပ်ငန်းနဲ့ စိမ်းတုန်းမှာ လက်မှာ ပေါက်ပြဲဒဏ်ရာရှိရမည်သာ။

သံသယတွေရှိနေပေမယ့် ဘာမှ လည်း တွေးလို့ မရ။

သူ့အကြောင်းနဲ့ သူရှိမှာ ပေါ့လေ။

ငါ့အပေါ်ရိုးသားရင်ပြီးတာပဲ။

စိတ်ဒုံးဒုံးချပစ်လိုက်သည် ။

ဒီတော့မှ နေသာထိုင်သာ ရှိသွားတော့သ
ည်။

*

## အခန်း (၁၇)

ကားထွက်သွားတဲ့ အထိ စောင့်ရပ်နေပြီးမှ အလင်းတိုက် လာလမ်းတိုင်းပြန်လှည့်ပြေးခဲ့သည် ။

တဲပေါက်ဝမှာ လွင်ဦးနဲ့ "မမ္မ" က ရပ်စောင့်နေကြ၏။

သူတို့ ခြေထောက်တွေမှာ ဗေဒါဒိုက်ဖက်များ ပေကျံလျက် ...

"ဟိတ်ကောင် ဒီမှာ ခြေဆေးဖို့ ရေတောင်မရှိဘူး ပြန်မယ်"

"နေစမ်းပါဦး"

အလင်းတိုက် တဲပေါ်တက်သွား၍ ဒေါ်မြရီ ဘေးမှာ ထိုင်လိုက်သည် ။ ပြီးတော့ ဝတ်ထားသည့် ဂျင်းဘောင်းဘီအိတ်စုတ်ထဲမှ ပိုက်ဆံအိတ်ပြားလေးထုတ်ကာ တစ်ထောင်တန်လေးရွက် ထုတ်ပေးလိုက်၏။

"အဒေါ် တကယ်သက်သာရဲ့ လား"

"သက်သာပါတယ် သားရယ်၊ ဆရာမလေးက တကယ့်ကို စေတနာကောင်းရှာပါတယ်၊ အဒေါ် လူလေးနဲ့ တွေ့ရတာ သိကြားမင်း 'မ' တာပါပဲ ရောဂါကုခွင့်လည်း ရတယ်၊ လိုလေသေးမရှိလည်း ထောက်ပံ့နေတယ်"

"ဟုတ်ပါတယ် အရီတို့ လည်း ဆရာမလေးကိုရော အစ်ကို့ကိုရော တအားကို ကျေးဇူးတင်တာပဲ"

"ရပါတယ် ကျေးဇူးတင်ရင် ကျွန်တော့်ကို တစ်ခုပဲ ကူညီပါ ဒီကိစ္စ ဒီ့ပြင် ဘယ်သူ့ကိုမှ

လုံးဝမပေါက်ကြားပါစေနဲ့ "

"စိတ်ချပါကွယ် ... စိတ်ချပါ ဘယ်သူမှ မသိစေရပါဘူးကွယ်၊ လူလေးက ဆရာမလေးကို မတော်မတရားကြံစည်လုပ်တာမှ မဟုတ်ဘဲ ဘာမှ စိတ်မသန့်စရာမရှိဘူး"

"ကဲ ... နောက်မှ ကျေးဇူးတင်ကြပါကွာ .. ဒီကိစ္စ ငါလုပ်ပေးထားတာ ငါကတစ်ဆင့်ကျေးဇူးတင်ပေးလိုက်ပါ့မယ် အခုပြန်မယ်၊ ဟိုမှာ ကားထုတ်ပြီးပြီ လာကွာ"

အလင်းတိုက်ကို မမှုက အတင်းဆွဲခေါ်သည်။

ကိုယ့်မှာ ရှုံးလောက်အောင် ချစ်သွားမိတာကို သူငယ်ချင်းတွေနဲ့ တိုင်ပင်တော့ သုံးယောက်ပေါင်း၍ အခုလိုကြံစည်ခဲ့ခြင်းဖြစ်သည်။

ဒီလိုလုပ်ချင်တာက အလင်းတိုက်

လူနာရှာပေးတာက ခမ္မ။

နေရာရှာပေးသူက လွင်ဦး။

ခုထိတော့ သူ့နေရာနဲ့ သူ အံဝင်ခွင်ကျရှိနေဆဲ။

ကားကို ချုံထဲမှာ သစ်ရွက်သစ်ခက်တို့ နှင့် အုပ်ဆိုင်းထားတဲ့ နေရာကနေ ဆွဲထုတ်၍ သုံးယောက်ထိုင်လိုက်ကြသည် ။

အလင်းတိုက်က သော့ဖွင့်၍ လီဗာကိုနင်းသည် ။

"အလင်းတိုက်"

"ဘာလဲ"

"မင်း အချိန်သိပ်မဆွဲနဲ့ ကွ"

"မဆွဲလို့ ဘာလုပ်ရမှာ လဲ"

ရှေ့လေတိုးနေ၍ အသံကိုအားမရဖြစ်ကာ အလင်းတိုက်ကားကို အရှိန်လျှော့ချလိုက်သ

ည် ။

"မင့် မားသားကြီးကလည်း ဘာတွေကျိတ်ကြံနေမှန်း မသိဘူး ... ပြီးတော့ နေကုဋ္ဌာက ဒီကိစ္စတွေ သူ့ဟာသူသိသွားရင် ... မင်းမလွယ်ဘူး"

"အဲဒါ ငါသိတယ်"

"သိရင် မြန်မြန်လုပ်လေ"

"အင်း"

"မင်းအရမ်းကာရော ယိုးမယ်ဖွဲ့မနေနဲ့ နေကုဋ္ဌာလို မိန်းမမျိုးက ကိုယ်တိုင်ကြည်ဖြူစွာ ခေါင်းညိတ်လာဖို့ ဆိုတာ မင်းဆံဖြူသွားကျိုးတာတောင် ဖြစ်ချင်မှ ဖြစ်မှာ "

"ငါ သူ့ကို တစိမ့်စိမ့်ထိုင်ကြည့်နေချင်တာ"

"အေးလေ ... မင်းဟာမင်း မင်းပိုင်တော့မှ တစ်နေ့ဆယ်ခါလောက်ပဲ ထိုင်ရှိခိုးနေနေကွာ၊

ခုနေ တစိမ့်စိမ့်ထိုင်ကြည့်နေလို့ ကတော့ နှလုံးသားလေလံဖြစ်သွားမယ်"

အလင်းတိုက် ပြုံးလိုက်မိသည်။

ဒီလိုဘယ်အဖြစ်ခံမလဲ ... နေရယ်။

ကိုယ့်နှလုံးသားကို မင်းဆီမှာ အပြီးအပ်နှံထားပြီးသား။

*

# အခန်း (၁၈)

"ဆရာမ"

"ဟင်"

"ကျွန်တော့် လုပ်အားခလေးနဲ့ ပိုက်ဆံစုထားတာရှိတယ်၊ ဆရာမကိုတစ်ခုခုကျွေးချင်တယ် ဆရာမရယ် ဖြစ်မလားဟင်"

"မဖြစ်ဘူး"

"ဘာဖြစ်လို့ လဲ"

"တို့ က ဒီချိန်ထိ ဘယ်ယောကျ်ားလေးနဲ့ မှ စားသောက်ဆိုင် တွဲမထိုင်ခဲ့ဘူး"

"ကျွန်တော်က ရိုးရိုးသားသားပါ၊ ဆရာမ

က ကျွန်တော့် ကျေးဇူးရှင်မို့လို့ "

"ကျေးဇူးရှင်ဖြစ်ချင်လို့ မဟုတ်ဘဲကွာ ဘာမှ မလိုပါဘူး"

လမ်းကျဉ်းကလေးရဲ့ တစ်ဘက်တစ်ချက်မှ ကန့်စွန်းခင်းလေးတွေက စိမ်းစိုလျက် လူနေအိမ်ခြေကျဲပါးသော ဒီနေရာလေးကို ဖြတ်လျှောက်ရတိုင်း ခံစားရသောလေအေးလေး၏ ဆွတ်ပျံ့မှုကို နေကုဋ္ဌာ မက်မောနေမိသည် ။

လူနေအိမ်ခြေကျပ်သိပ်သော မြို့ပြကြီးများမှာ ဒီနေရာမျိုးလေးက တကယ့်အိုအေစစ်တစ်ခုပါပဲ။

အလင်းတိုက်က သူ့ဘေးမှာ ပါလာသည့် ယမင်းသူဇာလေးကို မျက်စိမခွာတမ်းငဲ့ကြည့်၍ လမ်းကိုတစ်လှမ်းချင်းလျှောက်၏။

နေကုဋ္ဌာသည် လည်း ပတ်ဝန်းကျင်ကို နှစ်

သက်ခြင်းဖြစ်၍ သူနှင့်ပခုံးချင်းယှဉ်လျက် ခပ်ဖြည်းဖြည်းပါလာသောကြောင့် လောကကြီး တစ်ခုလုံးသာယာလှပါဘိ။

"ခင်မောင်ရင်"

"ဗျာ"

"မင်း ကျောင်းဘယ်နှတန်းထိနေဖူးလဲ"

"ငါးတန်း"

နေကုဋ္ဌာက ဖျတ်ခနဲလှည့်ကြည့်၏။

"ဒါဆို မင်းအပြင်အလုပ်တွေ ထွက်လုပ်ခဲ့ရတာ ငယ်ငယ်ကတည်းကပေါ့"

"ဟုတ်တယ်"

လှမ်းလက်စခြေလှမ်းကို နေကုဋ္ဌာက တုံ့ခနဲရပ်ပစ်လိုက်သည် ။ ပြီးတော့ အလင်းတိုက်ဘက်ကို တည့်တည့်လှည့်ကာ စူးစိုက်ကြည့်သည် ။

မျက်ရစ်ဆွဲထားသလို ထူနက်ကော့ပျံနေသော မျက်တောင်ရှည်များ ဝိုင်းရံလျက် တလက်လက်တောက်ပနေသော မျက်ဝန်းလေးတွေကို ရင်ဆိုင်ကြည့်၍ အလင်းတိုက် ရင်ခုန်သံတွေမြန်လာသည်။

သူ့ကို အကြည့်လေးတစ်ချက်နှင့် ရင်ခုန်ရှူးသွပ်သွားစေနိုင်တဲ့ မိန်းမဟာ ဒီတစ်ယောက်ပဲ ရှိနိုင်မှာ ဖြစ်၏။

တစ်ယောက်ကိုတစ်ယောက် အတန်ကြာစိုက်ကြည့်နေမိကြပြီး နေကုဋ္ဌာ နှုတ်ခမ်းလေး လွန့်ခနဲတွန့်သွား၏။

"မင်းမျက်နှာပေါ်က ဘိလပ်မြေဆိုတဲ့ အရာတွေကို ဖျက်လိုက်စမ်းပါ"

"ဗျာ"

"အညစ်အကြေးဆိုတာ ညစ်နေတဲ့ နေရာမှာ အကြေးတက်သင့်တာ၊ မင်းမျက်နှာ

မှာ သုတ်ထားတာ ကြည့်မကောင်းပါဘူးကွာ”

“ကျ … ကျွန်တော် …”

အလင်းတိုက် မထင်မှတ်ခဲ့သော အဖြစ်အတွက် ဆင်ခြေပေးစရာ ရှာမရဖြစ်နေဆဲ။

ဒေါသဖြစ်နေသော နေကုဋ္ဌာက အလင်းတိုက်မျက်နှာပေါ်က မဲပြာပြာအရာတွေကို လက်တစ်ဖက်နှင့် လှမ်းပွတ်ပစ်လိုက်၏။

“မ လုပ် နဲ့ ”

အမှတ်တမဲ့ ထိတ်ခနဲဖြစ်သွားကာ နေကုဋ္ဌာ လက်ကောက်ဝတ်ကလေးကို အလင်းတိုက်ဖမ်းဆုပ်ထားလိုက်၏။

နေကုဋ္ဌာက မျက်နှာနှင့်ပွတ်လိုက်မိ၍ လက်ဖျားမှ ပေလာသော ဆေးသားတွေကို စိုက်ကြည့်၍ လက်ချောင်းလေးတွေကို ဖြည်းဖြည်းချင်းဆုတ်ပစ်လိုက်သည် ။

မျက်နှာက တရိပ်ရိပ်တက်လာသည့် ဒေါသ ရောင်တွေက မျက်လုံးတို့ မှာ တလက်လက်ဖြာလာသည် ။

ကိုင်တဲ့ လူက ကိုင်ထားဆဲဖြစ်သလို နေကု ဋ္ဌာ လက်ကို ရုန်းဖို့ သတိမရ။

"ဒါ ... ဘာအကြံလဲ ဘာအချိုးချိုးတာလဲ မ င်း ... ငါ ကျေနပ်အောင်ရှင်း"

"ဘာအကြံမှ မရှိဘူး နေ ... ကျွန်တော် ကျွ န်တော့်မှာ မကောင်းတဲ့ အကြံ လုံးဝမရှိဘူး"

"မင်းမရိုးသားတာကို လက်တွေ့ဖမ်းပြတာ တောင် မင်းက ဖုံးကွယ်ချင်တုန်းပဲလား"

"ကျွန်တော် မရိုးသားခဲ့တာမှန်ပါတယ်၊ ဒါ ပေမဲ့ ဒေါ်မြရီဟာ တကယ့်ကိုဆင်းရဲနွမ်းပါးတဲ့ ရောဂါသည် ကြီးပါ၊ သူ့အတွက် ဆေးကုဖို့ တ ကယ်လိုအပ်နေတာပါ"

"မင်းနဲ့ သူတို့ နဲ့ ဘယ်လိုပတ်သက်သလဲ"

အလင်းတိုက် မျက်နှာအပြစ်ရှိသူတစ်ယောက်လို မနေတတ် မထိုင်တတ်ဖြစ်သွားသည် ။

"ပြောလေကွာ"

"ဘာမှ မပတ်သက်ဘူး"

"အဲဒီလို မင်းသရုပ်ဆောင်ကောင်းကောင်းနဲ့ လုပ်ရှားသွားခဲ့တာတွေရဲ့ ရည်ရွယ်ချက်ကို ငါသိချင်တယ်"

နေကုဋ္ဌာက လက်ကို ရှန်းသည် ။

အလင်းတိုက်က လွှတ်မပေးဘဲ ခပ်တင်းတင်းဆုပ်ကိုင်ထား၏။

"ကျွန်တော်ပြောရင် နေ စိတ်ဆိုးမှာ လားဟင်"

နေကုဋ္ဌာ မျက်နှာလေးတင်းသွား၏။

"မင်း ... မင်းမပြောနဲ့ သက်သက်ငါ့စေတ

နာကို စော်ကားတာ သေသေချာချာ ဇယားချပြီး စော်ကားတာ၊ အဲဒီအတွက် မင်းကိုငါလုံးဝခွင့်မလွှတ်ဘူး”

“ မဟုတ်ဘူး နေ”

နေကုဋ္ဌာ လက်တစ်ဖက် ရိုပ်ခနဲမြောက်တက်သွားသည် ။

အလင်းတိုက်က မျက်နှာအနည်းငယ်ပင် လှန်ပစ်လိုက်ကာ အရှိန်နှင့်ကျလာသည့် လက်တစ်ဖက်ကိုပါ ချုပ်ကိုင်ထားလိုက်သည် ။

“နေ ... နေ့ကို ကျွန်တော် စော်ကားတာ မဟုတ်ဘူး ... ကျွန်တော်”

“မပြောနဲ့ .. မင်း ... ငါ့လက်ကိုလွှတ်နော်”

လက်နှစ်ဖက်စလုံးကို ချုပ်ကိုင်ထား၍ အလင်းတိုက်က ရှင်းပြဖို့ ကြိုးစားသည် ။

နေကုဋ္ဌာ ခေါင်းတွင် တွင် ခါ၍ ရုန်းသည် ။

"မင်း ငါ့ကိုစော်ကားပြီးရင်း စော်ကားနေတာလား ခင်မောင်ရင်"

" မဟုတ်ဘူး ... နေ ကျွန်တော့်ကို ရိုက်လိုက်ရင် ကျွန်တော့်စိတ်ကို ကျွန်တော်နိုင်မှာ မဟုတ်တော့လို့ ပါ နေ၊ နေ့ကို ကျွန်တော် ချစ်တယ်၊ နေက ကျွန်တော့်ကို လုံးဝ မသိမမြင်ကတည်းက နောက်ကတကောက်ကောက်လိုက်ပြီး ငေးမောနေခဲ့ရတာပါ၊ နေ့နားကို ကပ်ခွင့်ရဖို့ ဒီလိုလုပ်မှ ဖြစ်မှာ မို့ လုပ်လိုက်မိတဲ့ မရိုးသားမှုကလွဲရင် ကျွန်တော့် ကြိုးစားမှုဟာ ဘယ်သူ့ကိုမှ ကြီးမားတဲ့ စော်ကားမှုမျိုး မဖြစ်ခဲ့သေးပါဘူး"

"ဘာလို့ မဖြစ်ရမှာ လဲ မင်းညာခဲ့သမျှ ငါ တစ်ချိန်လုံးခံနေခဲ့ရတာ"

"နေ ကုပေးရတာ တကယ့်ရောဂါသည် ပါ နေ"

"မင်းနဲ့ ပတ်သက်တာကိုပဲပြော ကျန်တာ ဘာတစ်ခုမှ မပြောနဲ့ "

"အဲဒါဆိုပြောမယ် နေ့ကို ကျွန်တော်ချစ်တယ် သိပ်ချစ်တယ်၊ ကျွန်တော့်ကို နေပြန်မချစ်နိုင်ရင်တောင် ခင်ခင်မင်မင်သွားလာ ဆက်ဆံနေခွင့်လေးပေးပါ"

"မပေးနိုင်ဘူး၊ ဘယ်ယောကျ်ားမှ လည်း ငါ့အထင်မကြီးဘူး၊ ယောကျ်ားတိုင်းဟာ ရတဲ့ အခွင့်အရေးကို အပြည့်အ၀လိုချင်ကြတဲ့ သူတွေချည်းပဲ"

"နေ အဲဒီလိုသိမ်းကျုံးမပြောပါနဲ့ ၊ နေ့ကို ဒီအခြေအနေထိလေးဆက်ဆံခွင့်ရဖို့ ကျွန်တော် ရင်းနှီးကြိုးစားခဲ့ရတာတွေ ကောက်ကျစ်တာမဟုတ်ဘူး ၊ အဲဒါ ကျွန်တော့်အချစ်တွေ အချစ်ရဲ့ ပြယုဂ်တွေပါ ကျွန်တော့်ကိုမမုန်းပါနဲ့ နေရယ် ... နော်"

"မသိဘူး ... မသိဘူး ... ဖယ်ပေး"

"နေ ကျွန်တော့်ကို မခေါ်မပြောဘဲနေမှာ လား"

"လူနာကို နောက်နှစ်ရက် ငါဆေးထိုးပေးမယ်၊ အဲဒါ မင်းနဲ့ မပတ်သက်တဲ့ အတွက် မင်း လာကြိုစရာမလိုဘူး လိုက်ပို့စရာမလိုဘူး"

အလင်းတိုက် နေကုဋ္ဌာလက်တွေကို ဖြေလွှတ်၍ ဆံပင်တွေကို တမင်ဆွဲဖွပစ်လိုက်သည်။

"လူနာက ကျွန်တော်ဖန်တီးခဲ့တဲ့ လူနာပါ၊ နေက ကျွန်တော့် ကြိုးစားချက်တွေကိုတော့ ကန့်ချပစ်ပြီး ..."

နေကုဋ္ဌာဟာ နီရဲနေသော လက်ကောက်ဝတ်လေး နှစ်ဖက်ကို ဆုပ်နယ်နေရင်း နှုတ်ခမ်းမဲ့သည်။

"ငါကဆရာဝန်ပဲ လူနာကိုပဲ စိတ်ဝင်စားတ

ယ်၊ ကျန်တာ ငါနဲ့ ဘာမှ မဆိုင်ဘူး"

နေကုဋ္ဌာက လူနာအိမ်ဆီသို့ ဆက်လှမ်းသွားသည်။

အလင်းတိုက်က အနားမှာ ကပ်လိုက်၍ တတွတ်တွတ် ပြောမဆုံးတော့။

"ကျွန်တော့်ရဲ့ ရိုးသားမှုကို နေက ရဲဆေးတင်ပေးတာနော် .. နေ့ကိုကျွန်တော် ဘယ်လိုမှ ကင်းကင်း မနေနိုင်ဘူး။ အဲဒါ သေချာတယ်"

သူဘာပြောနေနေ နေကုဋ္ဌာလှည့်မကြည့်တော့ ...

ဒါကိုပဲ အလင်းတိုက် ခံရခက်မဆုံး။

"နေ့ကို ပါးပါးလေးချစ်ခဲ့တာ မဟုတ်ဘူး ၊ နင့်နင့်နဲနဲ မြတ်မြတ်နိုးနိုးချစ်တာ ... အဲဒါကို သိမ်းထားပေးပါ၊ နေ့ဆီက အချစ်ကို ရဖို့

လည်း ဒီနေ့ကစပြီး ကျွန်တော်ကြိုးစားပြီဆို တာယုံ”

နေကုဋ္ဌာ မျက်မှောင်လေးကုတ်၍ ဘယ်ကို မှ မကြည့်ဘဲ ဆက်လျှောက်နေသည် ။

လက်ကောက်ဝတ်နှစ်ဖက်လုံးလည်း နာ နေသည် ။

ရင်ထဲမှာ ဒေါသလည်း ထွက်နေ၏။

ကိုယ့်မှာ ဖိုဆိုရင် ယင်ဖိုတောင်အသန်းမခံ ခဲ့သမျှ ဒီကောင်လေးနဲ့ ကျမှ အဖက်ခံလိုက်ရ အဆွဲခံလိုက်ရ။

ဒီလိုအဖြစ်မျိုးတွေ ကြုံလာရလိမ့်မယ်လို့ ဘယ်တုန်းကမှ ထင်မထားမိခဲ့ပါ။

အညာခံနေရပြီလားဆိုသည့် စိတ်နှင့် ညဘ က်အိပ်မပျော်ခဲ့တဲ့ အချိန်တွေလည်း ဒီကောင် လေးကြောင့်ပဲ။

ဇဝေဇဝါညပေါင်းများ စွာ ဒါတွေပဲတွေး၍ ဖြတ်သန်းခဲ့ရသည် ။ အခု အညာခံလိုက်ရပြီမှန်းသိပြီ။

ညအိပ်ရေးပျက်ဦးမှာ အသေအချာပါ။

ယောက်ျားတွေရဲ့ တပ်မက်မှုကို အသည်းမာစွာ အပြုံးမပျက် နေနိုင်ပြခဲ့သမျှ ဒီကောင်လေးနဲ့ ကျမှ ခက်ရချည့်။

*

# အခန်း (၁၉)

ဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်နေသည့် ဝင်းလက်ကို ညီအစ်မနှစ်ယောက် မေးဆတ်ပြ၍ သက်ပြင်းကိုယ်စီ ချမိကြလေသည်။

"ဘာတဲ့ လဲ"

"မရှိဘူးတဲ့ ဒီနေ့စီးရီးထုတ်ဖို့ ကိစ္စရှိလို့ ထမင်းတောင်ပြန်မစားဘူးတဲ့ "

ဖုန်းကိုစိတ်ဓာတ်ကျပုံလေးနှင့် ချပစ်ကာ ဝင်းလက် မျက်နှာလေးရှုံ့မဲ့နေသည်။

"သူက ကိုယ်တိုင်ဆိုပြီး ထုတ်မှာ လား"

" မဟုတ်ဘူး ပရိဂျူဆာလုပ်တာ"

မေရီမျက်ခုံးလေးနှစ်ဖက်မြင့်တက်သွားသည်။

"တော်တယ် ... သူဌေးရဲ့ သားဆိုတာ အလကားပဲ သူဌေးကတော်ကမှ လူတော်"

"မကြီးက တော်နေ ... သူဖြင့်မလာတာကြာပြီ"

ဝင်းလက်က လက်သူကြွယ်က လက်စွပ်ကလေးကို တယုတယ ပွတ်တိုက်၍ မျက်နှာလေးညှိုးနေသည်။

"အင်း မွေးနေ့မဟုတ်ဘဲ မွေးနေ့ဆိုပြီးချိန်း ... မွေးနေ့လက်ဆောင်မို့လို့ စေ့စပ်လက်စွပ်လိုလိုရတာလေးကို အချိန်တိုင်း ထိုင်ကြည့် ပြီးတော့ မျှော်တော်ယောင်လုပ် မလတ်ကြာရင် ရူးသွားနိုင်တယ်"

ဝင်းလက်က ရှက်လည်း မရှက်နိုင်တော့ဘဲ ဝန်ခံသည်။

"ငါ သူ့ကိုမြင်လိုက်တာနဲ့ သဘောကျသွားတာ သူရွေးချယ်တဲ့ တစ်ယောက်ယောက်ဟာ ငါဖြစ်ပါစေလို့ ဆုတောင်းလိုက်ရတာ အမောပဲ"

"အမလေးကံသီလို့ ပါလား၊ တို့ သာဘောထွက်ရပ်မနေမိရင် မြားဦးတွေလွဲရင်လွဲဦးမှာ တော်သေးတယ်နော် ... ကေ"

"ဟုတ်ပ"

ဝင်းလက်က သူတို့ နှစ်ယောက်ကိုကြည့်၍ ရယ်လိုက်သည်။

"မကြီးကလည်း သူကလည်း ဝင်းလက်ကို ဂရုစိုက်လို့၊ ဝင်းလက်ကစိတ်ကူးတာပါ၊ ညီအစ်မချင်းပဲ မကြီးတို့ တစ်ယောက်နဲ့ တစ်ယောက် ငြိသွားလည်း ဝင်းလက်က ကြည်ဖြူပါတယ်"

"တော်ပါ ဒေါ်ဝင်းလက်ရယ် ရှင်ပဲရှူးပါ"

“ဟုတ်တယ် ဝင်းလက် သူ့ကိုချစ်တယ်၊ ဒါကြောင့် မေမေ့ကိုတောင် ရှက်ရကြောက်ရမှန်းမသိဘဲ ဖုန်းဆက်ပူဆာထားခဲ့သေးတယ်”

“ချစ်လည်း ချစ် ဘရိတ်လည်း ထား ကိုယ်ကသိပ်ချစ်ရင် ကိုယ်ပဲ အနစ်နာခံရတတ်တယ်
”

“ဟင် … မကြီးကလည်း ကိုလင်းက မိန်းမတစ်ယောက်ကို အနိုင်ယူတတ်တဲ့ ယောကျ်ားမျိုး မဟုတ်ပါဘူး။ ခုလည်း ဝင်းလက် စိတ်ကူးယဉ်နေသလောက် သူ့ဘက်က မလှုပ်ရှားဘူးဆိုတာ ဝင်းလက်သိတယ်၊ ဒါပေမဲ့ သူဝင်းလက်ကို အလိုလိုက်တယ်၊ ဂရုစိုက်တယ် သူ့ဘက်က အဲဒီလောက်ရရင် ဝင်းလက် ကျေနပ်တယ်
”

“မလတ်ကတော့ စံပဲ၊ ကင်းခဲ့တော့လည်း ရည်းစားတောင်မထားခဲ့ဘူး ချစ်မိတော့လည်း

အရှုးအမူး”

“ကိုလင်းက အရမ်းမိတယ်ဟာ၊ ပြောပုံကြ ည့်ပုံရယ်ပုံလေးတွေကို ငါစွဲတာ”

“ကဲ ... ပြောမရလည်း စွဲစွဲ .. မနက်ဖြန် ည နေထမင်းစားလာဖို့ အန်တီလင်းဖိတ်ထားတ ယ် မလိုက်ချင်လည်း ကြိုပြော”

“ဟင် ... တကယ်”

ဝင်းလက် အဟုတ်ကို ထခုန်လေသည်။

“တကယ်ပေါ့ နင်အဲသလိုဖြစ်သွားမှန်းသိ လို့ တမင်ပြောတာ”

“မကြီးကလည်း ကိုယ်ချင်းမစာလိုက်တာ”

“နင်က အားလုံးထက်ကိုပိုပါတယ်၊ ငါက သူချစ်ကိုယ်ချစ် ရည်းစားထားခဲ့တာတောင် န င့်လောက်မဟုတ်ခဲ့ဘူး”

“ဖွင့်အံခွင့်မရတဲ့ တစ်ဖက်သက်အချစ်က

ဘယ်လောက်နက်နဲတယ်မှတ်လဲ ခံစားဖူးမှ သိတာ”

“ကဲပါ မလတ်ရယ် ကြွေပြမနေပါနဲ့ မကြာခင် လက်ထပ်ရတော့မယ့်ဟာ”

နေကုဋ္ဌာ ခြေလှမ်းတွေတုံ့သွားသည် ။

ဆေးခန်းမထိုင်ရတဲ့ နေ့ တစ်ခါတလေ ဧည့်ခန်းမှာ ကိုယ့်တူမလေးတွေနဲ့ အတူထိုင်၍ ငယ်ငယ်တုန်းကလို ရယ်မောစနောက်ကာ ကြည်နူးမှုကို ခံစားချင်သည် ။

ဒီတူမလေးတွေဟာ တူမဆိုလည်း ဟုတ် ကစားဖော်ဆိုလည်း ဟုတ် နေက မေရီ့ထက် ငါးနှစ်ပဲကြီးတာလေ။

မေရီတို့ ညီအစ်မက နင်နဲ့ ငါနဲ့ ပြောလွန်းလို့ လေးလေးခေါ်ဖို့ မနည်းတိုက်တွန်းခဲ့ရတာ။

ခြောက်၍ တစ်မျိုး ချော့၍ တစ်မျိုး ခေါ်ခိုင်း

ခဲ့ရသည် ။

ခုတော့ ငယ်ငယ်ကလို ရင်းနှီးတွယ်တာမှုတွေ ပျောက်ဆုံးနေခဲ့ပြီ။

ဒီထဲမှာ မေရီနဲ့ ဆို "နေ" မျက်နှာချင်းမဆိုင်ဖြစ်ခဲ့တာ ဘယ်လောက်ကြာပြီလဲ ကိုယ့်ဆီမှာလာနေကြတာပေမယ့် သူတို့ အနေခက်မှာ စိုးလို့ ကိုယ်ကပဲ ရှောင်နေပေးခဲ့သည် ။

နေ့ရဲ့ မနက်ထမင်းချိုင့်အတွက်နဲ့ ညစာအဆင်သင့် ပြင်ထားပြီးသားအတွက်တော့ ဝင်းလက်က တာဝန်ကျသည် ။

ကေက တစ်ခါတစ်ခါ သူ့ခါးကိုလာဖက်၍ ဟိုမေးဒီမေးနှင့်စကားတွေ လာပြောဖူးသည် ။

ဒါကလည်း ရှားပါးလှပါသည် ။

နောက်ပြီး ခုနောက်ပိုင်း ... မေရီမှ အစပြု၍ အငယ်နှစ်ယောက်ကပါ တန်းသွားကြသည်

။

အမြန်ဆုံးအိမ်ပြောင်းဖို့ စီစဉ်နေတယ်ဆိုတာလည်း ‘နေ’ သိပါတယ်။ အားလုံးထဲမှာ ဝင်းလက်လက်ထပ်တော့မည့် ကိစ္စအထိ သူမသိရတာ ရင်နာလှသည် ။

ဟိုတစ်ညက မမ တကူးတကဖုန်းဆက်ပြောမှ သိခဲ့ရသည် ။

ကိုယ့်ကြောင့်ဖြစ်ခဲ့မိသော အဖြစ်အတွက် ပေးဆပ်ခြင်းသည် ဘယ်ထိသံသရာရှည်မှာလဲ။

ကိုယ့်ကြောင့်ဆိုတဲ့ စွဲချက်ဟာ ဘယ်တော့မှ မပြေတော့ဘူးလား။

နေ လှေကားထစ်ကလေးတွေ ပြန်တက်ဖို့အလှည့် ...

“လေးလေး”

နောက်က ကေ့အသံလေးကြောင့် ခြေလှမ်း ကရပ်သွား၏။

"လေးလေး ... ထမင်းစားတော့မလို့ လား ကေ ပြင်ပေးမယ်လေ"

"ရပါတယ် ကေရယ် တို့ မစားသေးပါဘူး"

အပေါ်ထပ်တက်သွားသည့် နေ့ ကျောပြင် လေးကို ကေလိုက်ကြည့်နေမိသည် ။

ဒီနေရာမှာ လေးလေးရပ်၍ ဧည့်ခန်းထဲဝင် ဖို့ လာပြီးမှ မကြီးကိုမြင်ကာ ဆက်ဝင်မလာခဲ့ င်းဖြစ်မည်။

လေးလေးခမျာ အိမ်ရှင်ဖြစ်ပြီး လိပ်မလေး လို ခေါင်းဝှက်နေပေးရှာသည် ။

ဘယ်သူပြောပြော ကေကတော့ လေးလေး ကိုသနားသည် ။

လေးလေးဟာ စိတ်ဓာတ်ကောက်ကျစ်လှ

ည့်ဖျားတတ်သူ မဟုတ်ဘူး ဆိုတာ သူယုံထား
သည် ။

လေးလေး ဘာဖြစ်လို့ ဒီလောက်ထိ
အလျှော့ပေးခေါင်းငုံ့နေခဲ့တာလဲ။

*

# အခန်း (၂၀)

ဒေါက်တာအောင်မော်နှင့် မသဇင်လွင်ဆို သော ရွှေရောင်စာလုံးကြီးများက ဖောင်းကြွ လှပနေလျက် မင်္ဂလာဧည့်ခံပွဲ တစ်ခုလုံးက ခ င်းထားသမျှစားပွဲနဲ့ ကုလားထိုင်တိုင်းမှာ လူအ ပြည့်။

တဖွဲဖွဲရောက်လာနေကြသော လူတွေကို နေရာချ မတတ်အောင် ဖြစ်နေကြဆဲ။

"ဟာ ... လင်း ... အန်တီရော မပါဘူးလား
"

" မပါဘူး မာမီမအားလို့ ငါလာရတာပေါ့ ဘယ်လိုလဲ နင်မအောင့်နိုင်တော့ဘူးမဟုတ်

လား”

ကျောင်းနေ သူငယ်ချင်းတွေမို့ အလင်းတိုက်က သဇင်လွင်ကို နှောက်သည်။

“ဒါပေါ့ဟ ... ချစ်တတ်ပြီဆို အတူနေချင်ကြတာ ဆန်းသလား၊ နင်သာ ခုထိ ချေးများ နေ ... တော်ကြာ အရွယ်ဟိုင်းလို့ ယူမယ့်သူမရှိဘဲနေဦးမယ်”

“ကြည့်လိုက်ပါဦး”

“ကြည့်လိုက်ပ့ါမယ်”

နှစ်ယောက်သား ရယ်လိုက်မိကြသည်။

“နင် ... ဒီမှာ ထိုင်နော် ဒီစားပွဲက ခုမှ ချတာ၊ အထဲမှာ လူကျပ်တယ်”

“အင်း”

သတို့ သမီး သဇင်လွင်က သူ့အတွက် စားစရာပါ ရောက် လာပြီးမှ

ဒီပြင်စားပွဲကိုထွက်သွား၏။

အလင်းတိုက် ဘာမှ မစားဖြစ်သေးဘဲ ရေခဲဘူးထဲမှ ရေတစ်ခွက်ထည့်သောက်လိုက်သည် ။

"ဟော ... နေကုဋ္ဌာ လာ ... ညီမ ... လာ ... ဆရာက အိမ်တွင်းပုန်းမလေး လာပါ့မလားလို့ "

အလင်းတိုက် မျိုချလိုက်သည့်ရေ ဘယ်လမ်းကြောင်းထဲ ဘယ်လိုဝင်သွားသည် မသိ။

ရေနင်သွား၍ လည်ချောင်းတစ်ခုလုံး အောင့်တက်နာကျင်သွားလေသည် ။

ကိုယ့်ဝေဒနာနှင့်ကိုယ် အသံကြား၍ လှည့်မကြည့်နိုင်သေးဘဲ ရှိစဉ် ကုသိုလ်ကံက ကိုယ့်ဘက်ပါလာသည် ။

"လာ ညီမ ဒီမှာ ပဲစားပွဲကရှင်းတာ သဇင်

ရေ ... နေကုဋ္ဌာကို သေချာဂရုစိုက်လိုက်ပါကွာ ... ဟိုမှာ ကိုကို့ကို လှမ်းခေါ်နေလို့ ”

“လာ ... မမ ဒီမှာ အေးဆေးပါတယ် ထိုင်”

လာသမျှဧည့်သည် တိုင်းက မကြိုမဖြစ်တဲ့ လူတွေချည်းမို့ သတို့ သားရော သတို့ သမီးပါ အသက်မရှူအားသလောက် ဖြစ်နေကြသည် ။

စားစရာတွေရောက်လာသည် အထိ သဇင်လွင်က စောင့်၍ ဂရုစိုက်သည် ။

“မမစားနော် လိုတာရှိရင်ပြော၊ လင်း နင်က ပါးစပ်ကြီးပိတ်မနေပါနဲ့ တစ်စားပွဲတည်း ထိုင်ပြီး ... ခင်ခင်မင်မင် နေပါဟ”

“ဟင်”

နေကုဋ္ဌာ မှ င်တက်မိသွားသည် ။

“နေ ... ထိုင်လေ”

အလင်းတိုက်က ကြည်လဲ့စွာပြုံးနေသည်။

အဖြူရောင်အနောက်တိုင်းဝတ်စုံနှင့် ကုတ်အင်္ကျီနက် ဝတ်ထားသော သူ့မျက်နှာက ဝင်းမွတ်ကြည်စင်းနေသည်။

စွပ်ကျယ်ချိုင်းပြဲ မျက်နှာမှာ ဆေးခြယ်ထားတဲ့ ရုပ်နှင့် ဘယ်လိုမှ ဆက်စပ်မရအောင် ပြောင်းလဲသွားသည်။

ထင်ခဲ့သားပဲ သူ့အဆင့်အတန်းက ဒါမျိုးထဲကပဲဖြစ်မယ်ဆိုတာ အံ့သြမှုကို ပြန်လည်ဖုံးကွယ်၍ နေကုဋ္ဌာ မျက်နှာလွှဲလိုက်သည်။

"နေက သိပ်လှတာပဲဗျာ"

ပြောင်ရှန်းနေသော ဇာအနက်ဝမ်းဆက်နှင့် စိန်တွေအပြည့်ဝတ်ထားသော နေကုဋ္ဌာ ပုံစံလေးက အသက်ရှူမှားလောက်သည်။

ဆံပင်တွေကို အားလုံးလှန်သိမ်းထား၍ ဂျ

ပန်းဆံထုံးပုံစံပုံ့ပုံ့လေးထုံးကာ စိန်ဆံထိုးနှစ်ခု ကို ညီမျှခြင်းလေးလို ဆံထုံးကြားထဲမှာ ထိုး ထားပုံက ကဗျာဆန်၏။

ညှော့ခံပွဲထဲက ရောင်စုံမီးရိပ်နှင့် မျက်နှာ လေ းမ ၂၁ နီလိုက်ဝါလိုက် ဖြစ်သွားနေလျက်ရှိပြီး အရောင်ဘယ်လိုပြော င်းပြောင်း မျက်တောင်တို့ ရဲ့ အရိပ်က ပါးမို့ထ က်မှာ ထင်နေသည် သာ။

နီးသောစားပွဲက လူအတော်များများ ၏ အကြည့်တို့ သည် နေ့ဆီမှာ စုပြုံနေကြတာ မ လွဲဖယ်ကြ။

အဲဒီလောက်ထိ ဆွဲဆောင်တဲ့ နေ။

“နေ”

နေကုဋ္ဌာက ရေခဲမုန့်ဘူးကို ဖွင့်စားနေရင်း က မျက်လုံးလှန်ကြည့်သည် ။

"နေ့ ဆေးခန်းကို ကျွန်တော်ညတိုင်းလာတာသိလား"

နေကုဋ္ဌာက ဂရုတစိုက်ဖြေကြားခြင်းမရှိ။

"နေ့ကို တစ်နေ့မမြင်ရရင် ကျွန်တော်မနေနိုင်ဘူးသိလားနေ၊ ကျွန်တော့်ကို စကားတောင် မပြောချင်ဘူးလားဟင်"

နေကုဋ္ဌာက မုန့်နှစ်မျိုးကို တစ်မျိုးပဲစား၍ လက်စသတ်လိုက်သည်။

ပြီးလျှင် ရေခဲရေတစ်ခွက်သောက်၍ ထရပ်လိုက်ကာ နေရာမှ ထွက်ခွာသွားလေသည်။

အလင်းတိုက်ပြီးသည်။

နှုတ်ခမ်းနီစလေးတွေရှိနေသော နေရာကို စိုက်ကြည့်၍ လက်ညှိုးနှင့် လက်မညှပ်ကိုင်ကာ ဖိဖျက်ပစ်လိုက်သည်။

ပြီးတော့ ချထားသည့် သော့ကို ဖျတ်ခနဲ

ကောက်ယူကာ ထရပ် လိုက်လေသည်။

*

# အခန်း (၂၁)

"နေ ... ကားခဏလောက်ရပ်ပါဦး"

ဘေးမှာ ကားနှင့်ယှဉ်၍ သူ့ကို မောင်းလိုက်လာသည် ။ နေကုဋ္ဌာ နှုတ်ခမ်းလေးကိုက်ပြီး လှည့်ကြည့်သည် ။

"ခဏလေးပါ 'နေ' ရယ် စကားလေးနည်းနည်း ပြောချင်လို့ ပါ"

"မင်း ငါ့ကို နှောင့်ယှက်ပေါင်းများ ပြီနော် ... အဲဒါ သက်သက် ငါ့ကို သိက္ခာကျအောင်လုပ်နေတာ"

"မဆိုင်ပါဘူး နေရာ ... အပျိုကိုလူပျိုက ချစ်ရေးဆိုတာ ဘာဖြစ်လဲ အားလုံးနားလည်ကြ

တယ်”

“မလိုချင်ဘူး မင်းလုံးဝဆက်လိုက်မလာနဲ့ ဒါပဲ”

“လိုက်မှာ ပဲ ‘နေ’ … ‘နေ’ ကားရပ်မပေးရင် ကားရှေ့က ကျွန်တော်ပိတ်ရပ်ပစ်လိုက်မှာ ”

နေကုဋ္ဌာ နှုတ်ခမ်းလေးမဲ့၍ စက်ရှိန်ကို ပို၍ မြှင့်တင်ပစ်လိုက်သည်။

“လုပ် လိုက်လေ … အဲဒီလို ရူးကြောင်ကြောင်လုပ်ပြတိုင်း ငါကအထင်ကြီးမယ် မှတ်နေလို့ လား”

ကားက အရှိန်မြှင့်သလောက် အလင်းတိုက်က အရှိန်မြှင့်ကပ်လိုက်ကာ …

“ချစ်တဲ့ လူတိုင်း ရူးကြတာပဲဗျာ … ကျွန်တော်လည်း ချစ်တတ်လာလို့ ရူးတတ်တာပဲ”

ကားက ဝေါခနဲ ထိုးတက်သွားသည်။

"အမလေး"

"ဂျိုင်း"

ဘယ်လိုမှ အရှိန်ထိန်းချိန်မရလိုက်။

အတင်း ဘရိတ်အုပ်ချလိုက်တာကြောင့် ကားက ရှေ့ဆက်မတိုးတော့ပေမယ့် အထက် အောက်မြောက်ခုန်နေဆဲ။

သူဘာဖြစ်သွားပြီလဲ။

နေကုဋ္ဌာ ကားပေါ်ကပြေးဆင်းလိုက်သည် ။

"အို… ဘုရား … ဘုရား"

မျက်လုံးတွေပြာ၍ မိုက်ခနဲဖြစ်သွားသည် ။

လ မ င်းဘေ းမ ၂၁ ကားတံခါးဖွင့်၍ ကားကတခြား လူကတခြား။

"လင်း"

ညည့်ခံပွဲမှာ သတို့ သမီးသဇင်က လင်းလို့ ခေါ်လိုက်တာ ကြားလိုက်ရသည် မို့ သူ့နာမည် ဟာ လင်းတစ်လုံးတော့ပါမည်ဟု တွက်ကာ မှောက်ခုံကြီးဖြစ်နေသော
ကိုယ်ကိုအတင်းပြေးထူ၍ တတွတ်တွတ် ခေါ် နေမိသည် ။

"လင်း ... လင်း"

မီးရောင်အားနည်းသော လမ်းဘေးမှောင်ရိပ် ထဲမှာ အလင်းတိုက် နားထင်မှာ စီးကျနေ သော သွေးတို့ ကမြင်မကောင်း။

စိုးရိမ်ကြောက်လန့်ခြင်းများ နှင့် နေကုဋ္ဌာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည် ။

"လင်း"

မေးဖျားကို ကိုင်လှုပ်၍ ခေါ်နေဆဲ အလင်း တိုက် တစ်ချက်တွန့်ကာ မျက်လုံးတွေပွင့်လာ

၏။

"လင်း"

"နေ"

အလင်းတိုက် သူ့ဟာသူထိုင်ဖို့ ကြိုးစားသည် ကို နေကုဋ္ဌာက ထိန်းပွေ့ထားလျက် …

"ဘယ်ကိုထိသွားသေးလဲဟင် ဘယ်လိုနေလဲ … မင်းသိပ်မိုက်ပါလား လင်းရယ်"

အလင်းတိုက်မျက်နှာ ရှုံ့မဲ့သွား၍ ရုတ်တရက်စကားမပြောနိုင်။

"ထနိုင်လားဟင် … ဆေးခန်းတစ်ခုကို အမြန်ဆုံးသွားမှ ဖြစ်မယ် သွေးထွက်လွန်သွားရင် မကောင်းဘူး"

အလင်းတိုက် ခေါင်းမခါနိုင်သဖြင့် လက်ဝါးကာပြသည် ။

"အို … မသွားလို့ ဘယ်ရမလဲ ထ … ထကြ

ည့်စမ်း”

အလင်းတိုက် ကျောရိုးထဲက အောင့်တက်နာကျင်ကာ အနိုင်နိုင်ရပ်၍ နေကုဋ္ဌာ ပခုံးလေးကို ဖက်ထားလိုက်ရသည်။

နေကုဋ္ဌာ ရှက်ဖို့ သတိမရဘဲ အလင်းတိုက် ကိုယ်ကြီးကို ကျောမှ သိုင်းဖက်၍ ထိန်းထားပေးကာ မနိုင်မနင်းဖြစ်နေလေသည်။

“ခြေထောက်ထိသွားတယ် ထင်တယ် … ထောက်လို့ မရဘူးလား”

ခေါင်းတစ်ခုလုံးဝေဝါးကာ တဆစ်ဆစ်ထိုးဆောင့်နေသည်။

ဝေဒနာကြိတ်ခံစားရင်း အလင်းတိုက်ခြေလှမ်းသည်။

“နေ … နေ့ကိုအားပြုလို့ … နေခံနိုင်ပါ့မလား”

"ရတယ် ... လျှောက်ကြည့်"

ကားနားရောက်လာလျှင် မဟာန်နိုင်တော့သည် အလင်းတိုက် ကိုယ်လုံးကြီးက ကိုယ်ထည်နှင့်မှီ၍ လျှောကျသွားလေသည်။

"အို ... လင်း ... လင်း သတိထားလေ ... ဒုက္ခပါပဲ"

အလင်းတိုက် သတိလစ်သွားမှာ စိုး၍ နေကုန္ဒာ ခြေမကိုင်မိလက်မကိုင်မိဖြစ်သွားသည်။

"လင်း ... လင်း ကားပေါ်ရောက်အောင်တက်လိုက်နော်၊ လင်း ... သတိရရဲ့ လား"

အလင်းတိုက် စိတ်၏ စွမ်းအားဖြင့် သတိကိုထိန်းချုပ်ထားဆဲပါ။

သူစွန့်စားလိုက်တာဟာ နေ့ဆီက ဒီလောက်တုံ့ပြန်မှုနဲ့ တင် ကျေနပ်ဖို့ မဟုတ်။

သတိလစ်သွားလို့ မဖြစ်ဘူးဆိုတဲ့ သတိပေးချက် ခေါင်းလောင်းတွေအဆက်မပြတ် မြည်နေအောင်လှုပ်နှိုး၍ သူတင်းခံထားသည်။

"နေ"

"ဟင်"

အလင်းတိုက်ဆီက အသံထွက်၍ နေကုဋ္ဌာ ဝမ်းသာသွားသည်။

"ကျွန်တော့်ကို ပါရမီထဲက .. (...) ကိုပို့ပေးပါ"

"အို ... ဘယ်ဖြစ်မလဲ လင်းရယ် ... ဒဏ်ရာကို အရင်ဆေးကုမှ ဖြစ်မှာ ပေါ့"

"တော်ပြီ ဒါဆို ကျွန်တော့်ကို ထားခဲ့ပြီး 'နေ' သွားပါတော့"

"အို ... မဟုတ်တာ"

"ကျွန်တော့်ကို ဒီအတိုင်းပဲပို့ပေးပါ ... အား

… ကျွတ် … ကျွတ်”

နေကုဋ္ဌာ ကြာကြာစဉ်းစားချိန်မရ။

နားထင်က ဒဏ်ရာက သွေးတို့ စိမ့်ထွက်နေဆဲ။

“အင်းအင်း … ကဲ… ထ ဟိုရောက်ရင်ဆေးကုရမယ်နော်”

နေကုဋ္ဌာ ဘယ်လိုလုပ်ရမှန်းမသိ။

“ကားကို ဘယ်လိုလုပ်မလဲဟင် … ဒီအတိုင်းထားလို့ ဖြစ်ပါ့မလား”

အလင်းတိုက်က ကုတ်အင်္ကျီထဲက ဖုန်းကိုထုတ်၍ ဘယ်ကိုဆက်သည် မသိ။

“ရပြီ နေ … မောင်းတော့”

နေကုဋ္ဌာ ကားမောင်းရင်း အလင်းတိုက်ကိုပဲ လှည့်လှည့်ကြည့်နေမိသည် ။

“လင်း … ရှော့ … ဒီလက်ကိုင်ပဝါနဲ့ ဒဏ်

ရာကို ဖိထားလိုက် သွေးထွက်လွန်သွားလိမ့်မယ်”

လက်ကိုလက်ကိုင်ပဝါထည့်ပေးလိုက်ပေမယ့် အလင်းတိုက်က ကူရှင်ကိုမှီရင်း လုံးဝမလှုပ်သဖြင့် ကားရပ်ပစ်လိုက်မိသည်။

“လင်း”

“ဟင်”

မျက်လုံးတွေမဖွင့်ဘဲ အသံပြန်ပေးသံကြားမှ အနည်းငယ်စိတ်သက်သာရာရသွားမိသည်။

လက်ကိုင်ပဝါကို ပြန်ယူ၍ နေကုဋ္ဌာ ကိုယ်တိုင်ပဲ ခပ်ထူထူလေးခေါက်ကာ ဒဏ်ရာကိုအုပ် သူ့လက်တစ်ဖက်ကို အဲဒီမှာ ဖိစေသည်။

“ဖိထားနော် လင်း … သတိထား ရောက်တော့မှာ ”

"အင်း"

ရှင်းသန့်နေသော အလင်းတိုက်မျက်နှာကို မကြာမကြာလှည့်ကြည့်ဖြစ်ကာ စိုးရိမ်စိတ်နှင့် လက်တွေတုန်နေ၍ ကားကို မနည်းသတိထား မောင်းနေရသည် ။

ခုတော့ ဒေါသတွေဘယ်ဆီလွင့်ပြေးကုန်မှ န်းမသိ။

မိုက်ရူးရဲလုပ်တာအထင်မကြီးပါဘူး။ ပြောပြီးတော့လည်း ကျောခိုင်းမသွားရက်ပါ လား။

မမြင်ရသော သံယောဇဉ်ကြိုးသည် ဘယ်ရ င်မှာ တုပ်ချည်ပြီလေသည် မသိ။

*

# အခန်း (၂၂)

"ဘာတဲ့ လဲ ဟင်"

"ချက်ချင်းလာခဲ့မယ်တဲ့ "

ဝင်းစိုးဆိုသည့် ကောင်လေးက ပျာယာခတ်နေသည် ။

အိပ်ရာထက်မှာ ရှိနေသည့် အလင်းတိုက်ကို တကြည့်ကြည့်နှင့် ဆရာဝန်လာလျှင် အဆင်သင့်ဖြစ်ဖို့ တစ်ခုပြီးတစ်ခု လုပ်သွားပုံက တကယ့်ခဏလေး။

နေကုဋ္ဌာ ရေနွေးဇလုံထဲကို ဂွမ်းစထူထူနှစ်၍ ဒဏ်ရာကို သေသေချာချာဆေးကြော သန့်စင်ပေးသည် ။

လက်က နာရီကိုငုံ့ကြည့်တော့ အချိန်က ည ကိုးနာရီထိုးတော့မည်။

နောက်ကိုလည်း ပူရ ရှေ့မှာ လည်း စိတ်မ ချရနှင့် နေကုဋ္ဌာ တစ်ကိုယ်တည်းနှင့် စိတ် တွေနှစ်ခွသုံးခွဖြစ်နေသည် ။

ဆရာဝန် လာပြီးလို့ စိတ်ချရလျှင်တော့ ပြ န်မည်ဟု ဆုံးဖြတ်လိုက်၏။

"နေ"

"ဟင် ... ဘာလဲ ပြောလေ"

အလင်းတိုက်က နေကုဋ္ဌာ လက်ကောက်ဝ တ်လေးကို ဆုပ်ကိုင်၍ မျက်လုံးတွေ ပွင့်လာ သည် ။

"နေ ... ကျွန်တော့်နားက ဘယ်မှ မသွားနဲ့ နော်"

"အို ... အမြဲနေလို့ ဘယ်ဖြစ်မလဲ ... ဆရာ

ဝန် လာပြီးရင် ပြန်ရမှာ ပေါ့"

ဝေဒနာကြားမှ အလင်းတိုက်မျက်ဝန်းတွေ လက်ခနဲတောက်ပသွားသည်။

"အခု ကျွန်တော် လုပ်ပစ်လိုက်တာ ပွဲချင်းပြီးလည်း သေသွားနိုင်တယ် ... နေ၊ အဲဒါ ဘာလို့ လုပ်တာလဲသိလား 'နေ့' ကို ကျွန်တော် ဆုံးရှုံးမခံနိုင်ဘူး၊ လင်းဆိုတဲ့ ကောင် လောကမှာ မရှိတဲ့ နေ့ကျမှ 'နေ့' ကိုလက်လွှတ်မှာ စောစောက ကျွန်တော် မသေခဲ့တဲ့ အတွက် ထပ်ပြီးသေဖို့ အခြေအနေရှိနေတယ်ဆိုရင်တောင် နောက်ဆုံးထွက်သက်ထိ 'နေ' ကျွန်တော့်အနားမှာ ရှိမှ ဖြစ်မယ်"

"မင်း ... အဲဒီလို အကျပ်မကိုင်နဲ့ လင်း"

"မကိုင်ပါဘူး၊ နေ မလိုက်လျောနိုင်ဘူးဆိုရင် ထွက်သွားလို့ ရပါတယ်"

အလင်းတိုက်က ခုတင်ခြေရင်းမှာ သူ့အတွ

က် စောင်နဲ့ ခြေနင်းခုတွေ ထုတ်ချပေးနေသောဝင်းစိုးဆီ လှမ်းကြည့်လိုက်ပြီး …

"ဝင်းစိုး"

"ဗျာ အစ်ကိုလေး"

"သူပြန်သွားတာနဲ့ ဒီအခန်းတံခါးပိတ်ထားလိုက် ဘယ်သူလာလာလုံးဝဖွင့်မပေးရဘူး"

"ဗျာ"

ဝင်းစိုးက ပြူးပြူးပျာပျာဖြစ်လျက် …

"တော်ကြာ ဆရာဝန်လာမှာ လေ အစ်ကိုလေး"

အလင်းတိုက် မျက်နှာတင်းသွားကာ ဝင်းစိုးကို စိုက်ကြည့်လိုက်သည်။

"ဟင် ဟုတ်ကဲ့ပါ အစ်ကိုလေး"

သန့်စင်ထားသော ဒဏ်ရာမှ သွေးစိမ်းတွေ ထပ်မံ ယိုစိမ့်လာတာမြင်တော့ နေကုဋ္ဌာ ထိတ်

ခနဲဖြစ်သွားမိပြန်သည် ။

ရေနွေးဖတ်လေးနှင့်ထပ်၍ ဆေးကြောပေးရင်း ကိုယ့်ထွက်ပေါက်ကို ဘယ်လိုရှာရမှန်းမသိဖြစ်နေ၏။

"ဟော အပြင်မှာ ကားသံကြားတယ်၊ ကျွန်တော် ဘာလုပ်ရမလဲ အစ်ကိုလေး"

"တံခါးသွားပိတ်ထားလိုက်"

"ဗျာ"

"သွားပိတ်စမ်း"

"ဟုတ်"

ဝင်းစိုးတံခါးထပိတ်လိုက်ရသည် ။

"ဘယ်လိုလုပ်တာလဲလင်း ဆရာဝန်က ဆေးကုဖို့ လာတာ ဒီလိုမထိလေးစားမလုပ်ပါနဲ့ ဒီမှာ လည်း သွေးကမတိတ်ဘူး"

"နေ ဆုံးဖြတ်တာကို ကျွန်တော်ကြားချင်

တယ်”

“အဲဒါ မင်းသက်သက် အနိုင်ကျင့် အကျပ်ကိုင်တာ ငါ့ကားနဲ့ တိုက်မိလို့ ငါ့တာဝန်မကင်းတဲ့ အတွက် ဒီအထိငါလိုက်ပို့ခဲ့တာ”

“နေ ကျွန်တော်မေးတာကိုဖြေပါ ကျွန်တော် နေ့ကို ပိုင်ဆိုင်ခွင့်မရှိဘူးလား နေ ကျွန်တော့်ကို ထားခဲ့ပြီးသွားဖို့ ဆုံးဖြတ်မှာ လား … မဖြတ်ဘူးလား”

“ဒေါက် … ဒေါက်”

အပြင်က တံခါးခေါက်သံထွက်လာသည် ။

“ဆရာဝန်ရောက်နေပြီ တံခါးဖွင့်လိုက်”

“ပြောရှ် နေကုင္ဗာ ဖျတ်ခနဲထ၏။

အလင်းတိုက်က လက်ကို ဖမ်းဆွဲထားလိုက်သည် ။”

“မဖွင့်ရဘူး ဆေးကုဖို့ ကို ကျွန်တော်လုံးဝ

စိတ်မဝင်စားဘူး၊

နေဆုံးဖြတ်တာကိုအရင်ပြော”

နေကုဋ္ဌာ ဒေါ်သလည်း ဖြစ် မပြောလို့ လည်း မဖြစ်၍ ခေါင်းညိတ်လိုက်သည် ။

စောင့်ကြည့်နေသော ဝင်းစိုးက တံခါးကို ပြေးဖွင့်လိုက်တော့သည် ။

ဆရာဝန်က အထဲက လူသုံးယောက်ကို ထူးဆန်းထွေလာပြကွက်များ နှယ် တစ်ယောက်ချင်း လိုက်ကြည့်ကာ ဝင်လာသည် ။

နဖူးစောင်းမှာ ဒဏ်ရာကို လေးချက်တိတိ ချုပ်လိုက်ရ၏။

လက်ဖျံနဲ့ တံတောင်ဆစ်တွေမှာ ပွန်းပဲ့စုတ်ပြတ်သွားသော ဒဏ်ရာများကိုပါ ဆေးထည့်ပတ်တီးစည်း အားလုံးလုပ်ပေးသည် ။

အလင်းတိုက် တစ်ချိန်လုံး ဆုပ်ကိုင်ထားသ

ညိ့ နေကုဋ္ဌာလက်ကလေးကို လုံးဝမလွှတ်ဘဲ နေလိုက်သည် ။

ဆရာဝန်က သူ့အလုပ်သူ လုပ်သွားပြီး စပ်စပ်စုစု မရှိသော်လည်း မျက်လုံးများကတော့ စူးစူးစမ်းစမ်းရှိ၏။

"လူနာ နားပါစေ ဒဏ်ရာက သွေးအရမ်းထွက်ထားတော့ အားနည်းနေလိမ့်မယ်"

"ဟုတ်ကဲ့ ဒီ့ပြင်စိုးရိမ်စရာတစ်ခုခုများ ရှိသေးလား ဒေါက်တာ"

"မရှိပါဘူး ... အားလုံးလွတ်လွတ်ကျွတ်ကျွတ် ဖြစ်သွားတာအများကြီး ကံကောင်းပါတယ် ။ ဒါပေမဲ့ အက်ဆီးဒင့်အရှိန်နဲ့ ကိုယ်ထဲက အရိုးအဆစ်တစ်ခုခု ဒဏ်ဖြစ်သွားတာမျိုး ဖြစ်ခဲ့ရင်တော့ သူလှုပ်ရှားနိုင်မှ သိမှာ "

"မနက်စောစော လာကြည့်ပေးပါဦး ဒေါက်တာ"

"လာခဲ့ပါ့မယ်"

ဝင်းစိုးက ဆေးသေတ္တာကိုဆွဲ၍ ရှေ့ကထွက်သွားသည် ။

ဆရာဝန်ပြန်သွားလို့ နေကုဋ္ဌာ ငုံ့ကြည့်လိုက်တော့ အလင်းတိုက်မှာ ဆေးအရှိန်နှင့် သွေးထွက်လွန်ထားခြင်းတို့ ရောကာ လုံးဝသတိလစ်သွားပြီဖြစ်သည် ။

သို့သော် ဆုပ်ကိုင်ထားသည့် နေကုဋ္ဌာ့လက်ကလေးကိုတော့ နည်းနည်းလေးမှ လျှော့မသွားစေခဲ့။

ထိုစဉ် နာရီသံကလေးက ငြိမ့်ငြိမ့်ကလေး ခုန်ပေါက်ထွက်လာ၏။

နာရီကိုငုံ့ကြည့်တော့ ဆယ့်တစ်နာရီတိတိ။

အသံလာတဲ့ ဆီ ချောက်ချားစွာမော့ကြည့်လိုက်တော့ နာရီလှလှလေးက နံရံမှာ လူဝ

လေးနှစ်ယောက်က ရှေ့ထွက်၍ ပက်ပက်ပ က်ပက် လက်ခုပ်တီးရယ်နေလိုက်ကြတာ နေ ကုဋ္ဌာ မျက်ဝန်းထဲမှာ အရုပ်နဲ့ မတူဘဲ ကိုယ့်ကို တမင်လှောင်ရယ်နေကြတဲ့ အတိုင်း။

အော်ဂင်တီးလုံးလေးတွေပျောက်၍ နာရီ သံထွက်လာတော့ လူဝရုပ်ကလေးနှစ်ရုပ်က အရယ်ရပ်သွားကာ တစ်ယောက်ကိုတစ်ယော က် လက်ညှိုးလေးတွေ တစ်ပြန်တစ်လှည့် ထိုး နေကြတာ နာရီသံစည်းချက်နှင့် အညီ။

"နင်မှားပြီ ငါမမှားဘူး နင်မှားတာ"

သူတို့ ဒီလိုပြော၍ ငြင်းခုံနေကြတာမျိုး လား။

အရုပ်ကလေးတွေကို မော့ကြည့်နေသည့် နေကုဋ္ဌာ မျက်ဝန်းမှာ မျက်ရည်နှစ်စက်လိမ့်ဆ င်း သွားလေသည် ။

*

# အခန်း (၂၃)

ညကတည်းက ကားကို ဘယ်နေရာမှာ လာယူပေးပါ ဘာညာနှင့် လှမ်းပြော၍ ပျောက်သွားလိုက်တာ ဘယ်ရောက်နေမှန်းမသိ ... ဘယ်လိုဖြစ်သွားသည် မသိ။

အနာတရများ စွာနှင့် ကားကို တွေ့လိုက်ရ၍ သားဟာ ဘယ်လိုမှ အကောင်းတိုင်းရှိမှာ မဟုတ်ဘူး ဆိုတာလည်း တွေးလိုက်မိကာ ဒေါ်လင်းလင်းမြင့် ဟိုပြေးဒီပြေးနှင့် ဘယ်လိုက်ရမှန်းမသိ။

သူနဲ့ ပတ်သက်သမျှ အပေါင်းအသင်းအားလုံးကလည်း မသိပါတဲ့ ။

ခုနစ်ရက်ပြည့်သွားတဲ့ အထိ ဘာသတင်းမှ မလာ စုံစမ်းမရဖြစ်လာတော့ ဒေါ်လင်းလင်းမြင့် တငိုငိုတရီရီ ဖြစ်လာသည် ။

ဗေဒင်တွေမေး နတ်တွေမေး။

ပြီးတော့ အရာမထင်။

ရဲစခန်းမှာ သွားတိုင်ရအောင်လည်း သားကိုယ်တိုင် ကားကို လာသိမ်းဖို့ ပြောသွားတာဖြစ်သည် မို့ အကြောင်းမကြားရဲ ။

"ကလင် ကလင်"

ဖုန်းသံကြားသည် နှင့် အပြေးအလွှားပြေးပြေးကိုင်ရတာလည်း ဟဲလို ဆိုတဲ့ အသံက သားအသံမဟုတ်လျှင် ဖုန်းကို ပေါက်ခွဲ ပစ်လိုက်ချင်တဲ့ အထိ ခံစားနေရ၏။

"ဟဲလို ဒေါ်လင်းလင်းမြင့်ပြောနေပါတယ်"

"အန့်တီလင်း"

"ဩော် ... သမီးဝင်းလက်လား"

"ဟုတ် ကိုလင်းကို မတွေ့သေးဘူးလားဟ
င်"

"မတွေ့ပါဘူး သမီးရယ်၊ အန့်တီလင်းကြာ
ရင် ရူးတော့မယ်ထင်ပါတယ်ကွယ်"

"အန့်တီလင်း"

"ဟင်"

"သမီးတို့ ဖေဒင်သွားမေးကြတယ်"

"အန့်တီလင်းလည်း မေးတာပဲ သူတို့ ပေး
တဲ့ ယတြာလည်း လုပ်ပါတယ် ဘာမှ မထူးဘူး
"

"သမီးကိုတော့ ဖေဒင်ကဟောတယ် ... ကို
... ကိုလင်းကလေ ချစ်သူအသစ်နဲ့ ပျော်နေပြီ
တဲ့ ၊ ကိုလင်းမှာ ချစ်သူရှိသလားဟင် အန့်တီ

လင်း”

ဝင်းလက်မေးလိုက်မှ ရင်ထဲမှာ ဒိုင်းခနဲ ဆောင့်ခုန်သွားသည် ။

“မရှိပါဘူး သမီးရယ် ... သားမှာ ချစ်သူမရှိတာ အန်တီလင်းသိတယ်”

ဖြေလိုက်ရပေမယ့် စိတ်ကထင့်သွားမိပြီ။

သူချစ်တဲ့ မိန်းကလေးရှိတယ်ဆိုတာကို သားကဖွင့်ပြောထားခဲ့သည် ပဲ။ ဒါကို အခု ဒီမိန်းကလေးနဲ့ ချစ်ကြိုက်သွားလို့ လိုက်ပြေးသွားကြတာလား။

ဒါဆို ဘယ်လိုလုပ်ကြမလဲ။

ကိုယ်ကြံဖန်ပြီး စိတ်ပူထားခဲ့သလို သားလေးအက်ဆီးဒင့်တစ်ခုခုဖြစ်ပြီး တိမ်းပါးသွားတာ ကျိုးတာ မဟုတ်ဘူး ဆိုလျှင် သားလေးကို အကောင်းတိုင်းပြန်ရရင်ပြီးရော။

သား … ဘာလုပ်ခဲ့လုပ်ခဲ့ ဒေါ်လင်းလင်းမြင့် ခွင့်လွှတ်ပါတော့မည်။ သို့သော် …

ဒဏ်ရာဗလပွနှင့် ကားက မည်သို့ဖြစ်ပါသနည်း။

ဟိုဟာတွေးကြည့်လည်း မရေရာ ဒီလိုပြန်လှည့်တွေးတော့လည်း မဖြစ်နိုင်။ ဒေါ်လင်းလင်းမြင့် တကယ့်ကို ရှုးချင်နေပါပြီ။

"နင် ရှုးမနေနဲ့ တော့ ဝင်းလက်၊ ဒါအရှင်းကြီး နင်လည်း ငါ့လိုပဲခံလိုက်ရပြီ"

ဝင်းလက်က ဆတ်ခနဲထရပ်ကာ မေရီ့ကို စူးစူးဝါးဝါးကြည့်သည် ။

"မကြီး ဘာတွေလာပြောနေတာလဲ လေးလေးနဲ့ ကိုလင်း ဘယ်တုန်းကတွေ့ဖူးလို့ လဲ ဘယ်မှာ သိလို့ လဲ မဆိုင်ဘူး၊ ဘာမှ မဆိုင်ဘူး"

မေရီကလည်း ဝုန်းခနဲထရပ်လိုက်သည်။

"ဆိုင်တယ် ဆိုင်တာကို နင်ရှုးပြီး ဖွတ်မဆိုင်ခိုင်းတာ ဒေါက်တာအောင်မော့ မင်္ဂလာဆောင်ကိုသွားတယ်၊ အဲဒီညကတည်းက လုံးဝပြန်မလာဘူး၊ ကိုလင်းလည်း အဲဒီမင်္ဂလာပွဲကို သွားတယ် အဲဒီညကပဲ ပြန်ရောက်မလာဘူး၊ သတို့သမီးဆီမှာ သွားစုံစမ်းတော့လည်း သူတို့ နှစ်ယောက်တစ်စားပွဲတည်း ထိုင်ကြတာတဲ့ ၊ပြန်သွားကြတာ မသိလိုက်ဘူးတဲ့ "

မေရီ့အသံက မခံချင်စိတ်များ နှင့် တုန်ခါနေသည်။

"ဒီမှာ လည်း ပြန်မရောက်တာ ခုနစ်ရက်လောက်ရှိပြီ၊ ဟိုမှာ လည်း ပြန်မရောက်တာ ခုနစ်ရက်ရှိပြီ ရှင်းနေတာကို တိုက်ဆိုင်တာပါလို့ နင်ကပြောချင်သေးသလား"

"ဟို ... မသိဘူး မဟုတ်ဘူး လုံးဝမဖြစ်နိုင်

ဘူး၊ ဝင်းလက်မယုံဘူး”

ဝင်းလက်ရှိက်ကြီးတငင်ငိုကာ အပေါ်ထပ်ပြေးတက်သွားလေသည် ။ မေရီ ခံခက်လှစွာဖြင့် တက်ခေါက်လေသည် ။

“ဒီ မိန်းမရိုင်းကြီးနဲ့ ငါတို့ ညီအစ်မ ဘယ်လိုကုသိုလ်ဆိုးတွေနဲ့ လာဆုံနေရတာလဲ ဘာဖြစ်လို့ ငါတို့ အသည်းတွေကိုပဲ သူစားခွင့်ရှိနေတာလဲ မုန်းတယ် ... သိပ်မုန်းဖို့ ကောင်းတဲ့ မိန်းမ”

“မကြီးကလည်း သေလည်း မသေချာသေးပဲနဲ့ ”

“တိတ်စမ်း”

မေရီ့မျက်လုံးတွေက ခက်ထန်မာကျောပြီး မီးဝင်းဝင်းတောက်နေ၏။

“နင်ဘယ်လောက်သိလို့ လဲ

တစ်ကိုယ်လုံးပြည့်နှက်နေတဲ့
မာယာတွေကိုကြောင်လက်သည်း ဝှက်သလိုဝှက်ပြီးသားကောင်ကို ခြေသံမကြားအောင်ချောင်းနေတဲ့ ကျားဆိုး မိန်းမရိုင်းကြီး၊ ဒီပြဿနာ တစ်နေ့ ဘွားဘွားကြီးပေါ်လာမှာ ပါ ... အဲဒီ ကျရင် ဒင်း ဘယ်လိုစကားလုံးတွေနဲ့ ရှောင်ရှားဦးမလဲဆိုတာ စောင့်ကြည့်မယ်”

မေရီ မဲ့ပြုံးပြုံးလိုက်ပုံက အေးစက်သော အငွေ့အသက်များ နှင့် ကျောချမ်းစရာ။

*

## အခန်း (၂၄)

"ဖြည်းဖြည်းလျှောက်မှ ပေါ့၊ ဘယ်လိုဖြစ် နေတာလဲ မလျှောက်နိုင်သေးတာကို သက်သ က်အနှာခံပြီးတော့"

"နာပေ့စေ နေ၊ မောင် နေနဲ့ လက်ထပ်ချင် လုပြီ ဒီခြေထောက်မြန်မြန်ကောင်းမှ ကိုဖြစ်မှာ "

နေကုဋ္ဌာ မျက်နှာလေးပျက်လျက် ငေးသွား သည် ကို အလင်းတိုက်က ကြည့်၍ …

"နေ"

နေကုဋ္ဌာ့ ပခုံးလေးနှစ်ဖက်ကိုကိုင်၍ သူ့ဘ က်ဆွဲလှည့်လိုက်သည်။

"မောင့်ခြေထောက်တွေ တော်တော်ကောင်းနေပြီ လက်ထပ်ကြမယ်နော် ... မာမီ့ကိုလှမ်းပြောလိုက်တော့မယ်"

နေကုဋ္ဌာ စကားတစ်ခွန်းမှ မဆိုမိပါ။

သူ့ကိုယ်သူမောင်လို့ ကိုယ်တိုင်ကင်ပွန်းတပ်၍ လက်ထပ်ဖို့ စကားတွေ တတွတ်တွတ်ဆိုသမျှ နေကုဋ္ဌာ့ရင်ထဲမှာ ဆို့ကျပ်သွားမြဲ။

တစ်ချိန်သောအခါကလည်း ထိုနည်းနှင်နှင် အဖြစ်မျိုးနှင့် လူငယ်တစ်ယောက် ကိုယ့်အတွက် သေဆုံးခဲ့ဖူးသည် ။

ထိုအဖြစ်မျိုးရှိခဲ့တာကြောင့် ဒီနေ့ လင်းအပေါ်မှာ သူစိုးရိမ်ကြီးစွာ ဒုတိယမြောက်တစ်ယောက် အဖြစ်မခံနိုင်ခဲ့တာပဲ ဖြစ်၏။

ကိုယ့်ရဲ့ အလှတရားဟာ ကိုယ့်ထက်ငယ်သော လူငယ်လေးတွေရဲ့ နှလုံးသွေးကို အဘ

ယ့်ကြောင့်ဆူပွက်စေပါသနည်း။

ကိုယ်တိုင်တည်တံ့နိုင်အောင် ကြိုးစားခဲ့သည်။

ပြုံးရယ်သော လိုက်လျောဆက်ဆံခြင်းမျိုး တတ်နိုင်သမျှ ပုရိသဘယ်ယောကျ်ားကိုမှ ရက်ရောစွာမပေးခဲ့ဖူးပါ။

ထိုအဖြစ်မျိုးတွေ ဘာကြောင့်ဖြစ်ခဲ့ရတာလဲ။

ခု လင်းကို သူထပ်မံရှောင်ရှားနိုင်ခဲ့လျှင်တောင် နောက်ထပ်တစ်ယောက် ဒါမှ မဟုတ် လင်းကိုယ်တိုင် နောက်ထပ် ဒီထက်ဆိုးတဲ့ အဖြစ်မျိုးထပ်မဖန်တီးဘူးလို့ ပြောနိုင်မလား။

"နေ ... မောင်ပြောတာကြားလား"

"ကြားတယ်"

"လက်ထပ်မယ်နော်"

"မင်းလက်ထဲ ရောက်နေပြီပဲ မေးဖို့ လိုသေးလို့ လား"

သူဟာ တစ်ယောက်ယောက်ရဲ့ ရင်ခွင်မှာ ထာဝရဝင်လိုက်ပါမှ ဒီဒုက္ခမျိုးတွေက ကျွတ်လွတ်တော့မှာ မို့ နေကုဋ္ဌာ စိတ်ကို အစွမ်းကုန်လျှော့ချထားပြီးသား။

အလင်းတိုက်သက်ပြင်းငွေ့ငွေ့ချသည် ။

"မှန်ပါတယ် မောင်က အခမ္ဘ အပိုင်စီးထားခဲ့မိတာပါ၊ ဒါပေမဲ့ ဒီနေ့ထိ နေ့ကိုမောင်ဘာတစ်ခုမှ အကြမ်းမဖက်ခဲ့ဘူးနော်၊ အဲဒါနေ့ကို ဆုံးရှုံးမခံနိုင်တဲ့ စိတ်ကလွဲရင် အားလုံး နေ့သဘောကျ မောင်က လိုက်လျောချင်တာ ဖြစ်စေချင်တာ၊ မောင့်ကို သိပ်ရင့်ရင့်သီးသီး မဆက်ဆံပါနဲ့ နေရယ် ၊ အဲဒီတစ်ခုကို မောင် တောင်းပန်တယ်"

နေကုဋ္ဌာက မျက်နှာလေးဆတ်ခနဲလှည့်

ကာ ...

"တော်ပြီကွာ .. အဲဒါတွေ မပြောနဲ့ တော့ ခေါင်းက အနာဆေးထည့်မယ်"

နေကုဋ္ဌာနောက်က အလင်းတိုက် ကပ်လိုက်လာသည်။

နေကုဋ္ဌာက ဗီရိုလေးထဲက ဆေးပုလင်းနဲ့ လိုအပ်တာတွေထုတ်ယူလိုက်သည်။

"ထိုင်လေ"

"ဒီတိုင်းပဲ ထည့်ကွာ"

"မင်းအရပ်အမြင့်ကြီးကို တို့ က ဘယ်လို လှမ်းကြည့်ရမှာ လဲ"

အလင်းတိုက်က မျက်နှာရှုံ့မဲ့လျက် ကုလားထိုင်မှာ ဝင်ထိုင်သည်။

"အဲဒီဆေးနံ့တွေမခံချင်တော့ဘူးကွာ... အနာပျောက်ပျောက်မပျောက်ပျောက် နောက်နေ့

ဆေးမထည့်တော့ဘူး”

“မထည့်လို့ ရမလား”

“ဆေးထိုးမယ်”

နေကုဋ္ဌာ သူ့ရှေ့မှာ ရပ်၍ အနာကို ဆေးထည့်ပေးနေရင်း မကျေမနပ်နဲ့ ကြည့်သည် ။

အလင်းတိုက်က ဟက်ခနဲရယ်၍

“နေက စိတ်ဆိုးလည်း လှတယ် အဲ ... ရယ်တာမမြင်ဖူးသေးဘူး၊ မောင့်ကိုတော့ စိတ်ပဲဆိုးနေတာပဲလေ ... နည်းနည်းလောက်ပြုံးပြပါလား ... နေ”

“ပြုံးနိုင်ပါဘူး”

“ဒါလေးတောင် ကပ်စေးနဲလိုက်တာကွာ ဘာလဲမောင် ကလိထိုးလိုက်ရမှာ လား”

ပြော၍ အလင်းတိုက်က သေးသွယ်သော ခါးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည် ။

"လင်းနော်"

"ပြုံးပြမှာ လား"

"ဟင့်အင်း အနိုင်မကျင့်နဲ့ ကွာ"

"မောင်ကြည့်ချင်လို့ "

"မသိဘူး ပြုံးမှ မပြုံးချင်တာကို"

"ဒါဆို ဒဏ်ခတ်မယ်"

"အို .. လင်း"

နေကုဋ္ဌာကို ခါးလေးမှ ဆွဲပွေ့ကာ ဖက်ထားလိုက်သည် ။ ပြီးတော့ မျက်နှာလေးကို မော့ယူ၍ ...

*

# အခန်း (၂၅)

"အို မလုပ်နဲ့ လေ မလုပ်ရဘူး"

"ဟင့်အင်း ဟင့်အင်း ဝင်းလက်ရှက်တယ်၊ မကြီး ဖယ်နော်"

"ဝင်းလက်"

ဆွဲလည်း မနိုင်တော့။ မေရီ တအားကျုံး အော်ပစ်လိုက်မိသည်။

"နင်မိုက်လှချေလားဟင် ... ယောကျ်ားတစ်ယောက်အတွက်နဲ့ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံရသလား"

"သူ့ကိုမရလို့ မဟုတ်ဘူး .. ဝင်းလက် ရှက်

တာ၊ လေးလေးကို မခံချင်တာ၊ လေးလေးသိပ်ရက်စက်တယ်သိလား၊ သူ ဝင်းလက်တို့ ညီအစ်မကို ဘာအငြိုးနဲ့ ဒီလိုလုပ်နေရတာလဲ”

မေရီက ဝင်းလက်အားလျှော့သွားတာကို အခွင့်ကောင်းယူ၍ ဆေးပုလင်းကို ဖျတ်ခနဲဆွဲလုကာပြတင်းမှ လွှဲပေါက်ပစ်လိုက်သည် ။

ကံသီပေလို့ သာ။

ဒေါ်လင်းလင်းမြင့်ဆီက ဖုန်း လာပြီး အိမ်ပေါ်တက် အခန်းအောင်းသွားခဲ့တာကို စိတ်ကမချ။

ဒီနေ့ဆိုင်တောင်မဖွင့်နိုင်ဘဲ ဝင်းလက်ကို စောင့်ကြည့်နေခဲ့တာ မေ့းခနဲအိပ်ပျော်သွားသည် ။

“မကြီး မကြီး မလတ်အပြင်ထွက်သွားပြီး ပြန်လာတယ် အပေါ်တက်သွားပြန်ပြီ”

"ဟင်"

ထူးခြားမှုကို သတိပြုမိကာ ကေ့စကားမ ဆုံးမီ မေရီ အပေါ်ထပ် ပြေးတက်လာခဲ့သည်။

ဝင်းလက်က ပိုးသတ်ဆေးရည်တွေ သော က်ချဖို့ မော့နေပြီ။

"ဝင်းလက် သေပါရစေ၊ သူနိုင်ချင်တာကို နို င်ခွင့်ပေးလိုက်ပါရစေတော့ မကြီးရယ်၊ ဝင်းလ က်သေသွားရင် သူပိုဝမ်းသာနိုင်မှာ ပါ"

"သေစရာမလိုဘူး ဝင်းလက်၊ နောက်ဘယ် တော့မှ ဒီလိုမကြံစည်နဲ့ ... နင်ဒီလိုလုပ်ပြီးသေ သွားရင် သံသရာအဆက်ဆက် ဒီအရွယ် ဒီအ ချိန်ရောက်တိုင်း ဒီလိုအဖြစ်မျိုးနဲ့ ချည်း သေရ တော့မှာ လူ့ဘဝကြီးဟာ သိပ်အဖိုးတန်ပါတ ယ် ဝင်းလက်ရယ်၊ ဒီနေ့ ပြဿနာမတတ်ပူရတဲ့ အပူတွေက မနက်ဖြန်ဆိုရယ်စရာ ဖြစ်သွားမှ သန်ဘက်ခါဆို မေ့သွားမယ့်အရာတွေပါ၊ ခံ

စားနေရတုန်းတော့ တစ်လောကလုံး ငါ့ရင်ထဲကအပူလောက် ဘယ်အပူမှ မကြီးဘူးလို့ ထင်ခဲ့ကြတာချည်းပဲ”

မေရီက တရားချနေပေမယ့် စကားသံများက အေးစက်ခက်ထန်နေသည်။

“ငါ့တုန်းကဆို ရည်းစားတစ်ယောက်လုံးနဲ့ ရှင်ကွဲကွဲခဲ့ရတာအခု နင်က ရည်းစားမဟုတ်သေးပါဘူး”

ဝင်းလက်က ဆတ်ခနဲ ခေါင်းထောင်ကာ ရန်လိုစွာကြည့်၏။

“ရည်းစားထက် ဝင်းလက် သူ့ကိုပိုချစ်တာ နှစ်ဦးသဘောတူ ရည်းစားဖြစ်ခွင့်ရတဲ့ သူတွေက သူတို့ အချစ်တွေကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ခွင့်ရကြလို့ ဝင်းလက် နှလုံးသားထဲမှာ ကျပ်သိပ်နေသလောက် လောင်မြိုက်ကြမှာ မဟုတ်ဘူး ၊ ဝင်းလက်ရင်ထဲမှာ သူပြန်ချစ်ပါ့မ

လား ... သူငြင်းလိုက်မှာ လား ငါချစ်သလောက် သူ့ဆီက ပြန်ရပ့ါမလား ... လားပေါင်းများစွာနဲ့ ပြည့်ကျပ်နေအောင် ခံစားရင်းကျိတ်ချစ်ခဲ့ရတာ”

ပြော၍ ဟီးခနဲ ငိုချလိုက်ပြန်သည် ။

“ကိုလင်းဟာ သေသွားခဲ့တာဆို ဝင်းလက်ဒီလောက်ခံစားရမှာ မဟုတ်ဘူး ။ ခုတော့ ကိုယ်မက်မောခဲ့ရတဲ့ အရာတစ်ခုဟာ တစ်ပါးသူရင်ခွင်မှာ ... ဟင့် ... အဲဒီတစ်ပါးသူကလည်း လေးလေးတဲ့ လေ ... ရှက်ဖို့ ကောင်းလိုက်တာ ”

မေရီက ဟင့်ခနဲမဲ့ပစ်သည် ။

“နင်ရှက်စရာမလိုပါဘူး၊ ဒင်းတို့ နှစ်ယောက် တစ်သက်လုံး စိတ်မချမ်းမသာ ဖြစ်သွားရအောင် ငါလုပ်ပြမယ် နင်ကြည့်နေ”

မေရီက ကြောက်မက်ဖွယ် ကြိမ်းဝါးသည် ။

ဝင်းလက်က ငိုရှိုက်နေဆဲ။

*

## အခန်း (၂၆)

ရေချိုးအဝတ်အစားလဲပြီး လျှော်ထားသည့် ခေါင်းကို မွေးပွသဘက်နှင့် ပွတ်သုတ်၍ နေကု ဋ္ဌာထွက်လာသည် ။

အလင်းတိုက်က ဒရင်းဘက်ပေါ်မှာ ခပ်လျော့လျော့မှီလဲနေရာမှ စူးစိုက်ကြည့်နေသည် ။

ခါးရှည်ပွပွအင်္ကျီကို လုံးဝမဝတ်တတ်ပါဘူးဆိုသည့် နေ့ကို သူကိုယ်တိုင် ပါတိတ်ဝမ်းဆက်တွေ ကီမိုနိုတွေ စိတ်ကြိုက်ဝယ်ပေးထားခဲ့သည် ။

ပြည့်တင်းလှပသော နေ့ ကိုယ်လုံးလေးက

ဘယ်အချိန်ကြည့်ကြည့် ထင်းရှင်းလျက် မြတ်နိုးမဝဖြစ်ရလေသည်။

"နေ သနပ်ခါး မလိမ်းဘူးလား"

"လိမ်းမှာ "

"မောင် သွေးပေးမယ်"

"အို မပေးနဲ့ "

"ဘာဖြစ်လို့ လဲ ခုလိုချစ်စခင်စ အတူနေရတုန်းပဲ မောင်က နေ့ကိုဂရုစိုက်ခွင့်ရမှာ ၊ နောက်ဆိုမောင်က လုပ်ငန်းတွေအများကြီး လုပ်ရတော့မှာ ၊ နေ့ကိုဂရုစိုက်ချင်ပေမယ့် ဖြစ်ချင်မှဖြစ်တော့မှာ လေ"

"နေပစေ ရတယ်"

နေကုဋ္ဌာ မှန်တင်ခုံရှေ့မှာ ထိုင်တော့ အလင်းတိုက်က နောက်မှာ လာရပ်ကာ

"မောင်ခေါင်းဖြီးပေးမယ်နော်"

"နေပါစေဆို"

"မရဘူးကွာ ... ဒါတော့လုပ်ရမှ ဖြစ်မယ်"

ဘီးကောက်ယူ၍ အလင်းတိုက်က အတင်းဖြီးပေးသည် ။ တင်ပါးကျော်သော ဆံနွယ်အုပ်ဖားဖားကို အလင်းတိုက်က မြတ်နိုးလှစွာ မထိရက်ပုံစံနှင့် ဖြည်းဖြည်းလေးဖြီးချနေသည် ။

"ခေါင်းဖြီးတာ ပုရွက်ဆိတ်လျှောက်နေသလိုပဲ ပေးပါဘီး"

"ဟင် ... ဟုတ်လား မောင်ကဆံပင်တွေ ပြတ်ကုန်မှာ စိုးလို့ ... ရတယ် ... ရတယ် ပုံစံပြောင်းလိုက်မယ်"

မှန်ထဲမှာ မြင်နေရတဲ့ အလင်းတိုက်မျက်နှာဆံပင်တွေ အပေါ်အာရုံစိုက်နေပုံက ရယ်ချင်စရာမို့ နေကုဋ္ဌာ မသိမသာလေး ပြုံးလိုက်မိသည် ။

"မောင်တစ်ခုဝယ်ဖို့ မေ့နေတယ်၊ နေ့ခေါင်းကိုခြောက်အောင်လုပ်ဖို့ ဒရိုင်ယာလိုသေးတယ်နော်"

"ဟင့်အင်း ဒရိုင်ယာမသုံးဘူး ခေါင်းလျှော်ပြီး အဲဒီလိုစိုနေတာကို သဘောကျတယ်"

"ဟာ ဘယ်ကျလို့ ဖြစ်မလဲ စိုစိုစိစိနဲ့ အကြာကြီးထားရင် ရောဂါဖြစ်မှာ ပေါ့ ဆံပင်တွေကအရှည်ကြီး တော်တော်နဲ့ ခြောက်မှာ မှမဟုတ်တာ"

အလင်းတိုက်က ခေါင်းဖြီးရင်း ကြည့်ကောင်းမကောင်းကြည့်သလို ဟိုဘက်ရွှေ့လိုက် ဒီဘက်ပြန်လာလိုက်ရုပ်ယှက်ခတ်အောင်လုပ်နေသည်။

"နေ အရောင်ထဲမှာ ဘာအရောင်ကြိုက်လဲ ဟင်"

"ဘာလုပ်မလို့ လဲ"

"ဒီတိုက်ကလေးကို နေသဘောကျတဲ့ ပစ္စည်းတွေ ဆင်ရမယ်လေ၊ အခုတိုက်က လိုအပ်သလောက်လေးပဲရှိတာ ဘာပစ္စည်းမှ မရှိသေးဘူး၊ ရှိတဲ့ ဆက်တီတွေလည်း ထုတ်ပစ်မှာ အဟောင်းတွေ ဘာမှ မသုံးဘူး"

"ဒါ ဘယ်သူ့တိုက်လဲ"

"ဒက်ဒီ့တိုက်လေ၊ ဒက်ဒီက စီးပွားရေးလောကထဲ ဝင်ခါစက ကန်ထရိုက်တာလုပ်ခဲ့တာ၊ ဒီတိုက်လေးကို ဥရောပဒီဇိုင်းနဲ့ နောက်ဆုံးဆောက်ပြီး ကန်ထရိုက်တာလုပ်ငန်းကိုလည်း စွန့်တယ်၊ ဒီတိုက်ကိုလည်း ပြန်မရောင်းဘဲ မောင့်နှာမည်နဲ့ ထားပေးခဲ့တယ်"

"အခု သူကဘယ်မှာ လဲ"

"ဒက်ဒီက ဂျပန်မှာ လေ၊ မြန်မာပြည်ကို ပြန်မလာတာကြာပြီ မာမိနဲ့

စိတ်အခန့်မသင့်ဖြစ်ပြီးကွဲသွားတာ”

ဆံပင်တွေကိုရှင်းနေအောင် ဖြီးပြီးသွားတော့ မှန်တင်ခုံကို နောက်ပြန်မှီကာ နေကုဋ္ဌာ့ မျက်နှာလေးကို စိုက်ကြည့်သည်။

“မောင်တို့ မင်္ဂလာဆောင်မယ်၊ ဒီခြံထဲမှာ ညဘက်ဧည့်ခံပွဲ ကြီးကြီးကျယ်ကျယ်လုပ်မယ် ... မောင်တို့ ရဲ့ မင်္ဂလာအားလုံးကို ဒီတိုက်လေးထဲမှာ ပဲဖြစ်စေမယ်နော် ...”

နေကုဋ္ဌာက မျက်လွှာချ၍ သနပ်ခါးသွေးဖို့ ပြင်သည် ။ နက်မှောင်ကော့ပျံနေသော မျက်တောင်ရှည်တို့ ကို အလင်းတိုက်က လက်ညှိုးနှင့်လှမ်း၍ တို့ ထိသည်။

“နေက သိပ်လှတာပဲကွာ ... ကြည့်လို့ ကိုမဝဘူး မောင့်ကိုသာပြန်ချစ်လိုက်ရင် ဒီကမ္ဘာမှ မောင်ဟာ အပျော်ဆုံးလူသားဖြစ်မှာ ပဲ”

ပြောရင်း နေကုဋ္ဌာရဲ့ နှုတ်ခမ်းလေးကို ဖွဖွ

လေးဆွဲလိမ်ပစ်လိုက်သည်။

"တကယ် အသည်းယားအောင်လှတယ်"

"လင်း ... သွားတော့ကွာ"

"ဘာဖြစ်လို့ လဲ"

"သနပ်ခါးလည်းကောင်းကောင်း လိမ်းရမှာ မဟုတ်တော့ဘူး တကယ်တစ်ချက်မှ ကို အငြိမ်မနေဘူး"

"နေကပါးစပ်ထဲ ကောက်ထည့်ဝါးပစ်ချင်အောင်လှနေတာ ဘယ့်နှယ်လုပ်မလဲ"

"ကြည့်ပါလား ပြောလေကဲလေ"

"ကြည့်နေတာပဲ နေရဲ့ "

"လင်းနော်"

"ဟော ... ဟော တွေ့လား စိတ်ဆိုးတာ ပိုလှသွားပြန်ပြီ"

"အဲဒီမှာ လဲသေလိုက်"

နေကုဋ္ဌာ စိတ်ဆိုးဆိုးနှင့် ဆတ်ခနဲထရပ်ကာ လှည့်ထွက်လာခဲ့သည်။

"ဟော့ နေ စိတ်မဆိုးရဘူးလေ"

အလင်းတိုက် အတင်းလိုက်ဆွဲသည်။

"လင်းနော် လာမကိုင်နဲ့"

"မောင်က ချစ်လို့ စတာလေ စိတ်မကောက်ရဘူး"

"မသိဘူး ... သွား"

အလင်းတိုက်က ရယ်၍ နေကုဋ္ဌာကိုယ်လုံးလေးကို ဆတ်ခနဲပွေ့ယူလိုက်သည်။

"အို ... ဘာလုပ်တာလဲ ချပေး ... ချပေး"

"မရဘူး ... နောက်ကို ခဏခဏ စိတ်မကောက်ရဲအောင် သတိပေးထားမှ ဖြစ်မယ်"

"မလုပ်နဲ့ မကောက်ဘူး လင်းနော်"

"ဒေါက် ဒေါက်"

တံခါးခေါက်သံထွက်လာ၏။

"အစ်ကိုလေး"

"ဟော"

"အပြင်မှာ ကြီးကြီးရောက်နေတယ်"

"ဩော် … အေး"

နေကုဋ္ဌာကိုအသာ ပြန်ချ၍ နဖူးပြေပြေလေးကို မနာအောင်ထုသည် ။

"အပြင်မှာ မာမီရောက်နေပြီ … မဟုတ်ရင် မင်းမလွယ်ဘူးသိလား"

အလင်းတိုက် နေကုဋ္ဌာ့လက်ကလေးတစ်ဖက်ကို ဆွဲ၍ တံခါး ဆွဲဖွင့်လိုက်သည် ။

*

# အခန်း (၂၇)

"ဟား ဟား ဟား"

မေရှီ့ရယ်သံက နေကုဋ္ဌာ့နှလုံးသားကို ဆတ်ဆတ်ခါသွားစေလေသည် ။

"ယောက္ခမလောင်းကလည်း ချစ်လိုက်တာတုန်လို့ ဆိုပဲ၊ ယောကျ်ားကလည်း ငယ်ငယ်ချောချော ပညာတတ်သူဌေး ... လေးလေး သိပ်ပျော်နေမှာ ပဲနော်"

မေရှီ့အနားမှာ လက်ပိုက်ရပ်နေသည့် ဝင်းလက်မျက်လုံးတို့ က မျက်ရည်စီးကြောင်း ရှိနေပေမယ့် ညှိုးဖျော့ခြင်းမရှိဘဲ စူးရှခက်ထန်နေ၏။

မတ်တတ်ရပ်နေကြသည့်
နှစ်ယောက်ကြားထဲမှာ နေကုဋ္ဌာက ပြေးပေါက်ပိတ်နေတဲ့ သားကောင်လို။

"ဒါပေါ့လေ ဖော်ဖော့်တုန်းကတော့ ဖော်ဖော်က ဘွဲ့ရပညာတတ် မဟုတ်ဘူး ကိုလင်းလောက်လည်း ရုပ်မချောဘူးကိုး ... သေတဲ့ အထိ လေးလေးက ကြည့်နေနိုင်မှာ ပေါ့၊ ကိုလင်းကတော့"

" မဟုတ်ဘူး မေရီ၊ လင်းနဲ့ တို့ ချစ်ခဲ့ကြတာ မဟုတ်ဘူး လင်းနဲ့ ဝင်းလက်တို့ ဒီလိုပတ်သက်ကြမှန်းလည်း တို့ လုံးဝ မသိခဲ့တာအမှန်ပဲ၊ အဲဒါ လုံးဝမလိမ်မညာဘဲ ပြောတဲ့ စကား"

"မယုံဘူး လုံးဝမယုံဘူး၊ လေးလေးဟာ လူသလောက် ယောကျ်ားတွေကို ပညာမျိုးစုံနဲ့ ဖမ်းစားနေတာ စောင့်ထိန်းသင့်တာ မသင့်တာကို ဂရုမစိုက်ဘဲ အရှက်မရှိ လုယူရဲတတ်တာ

ဒီလိုလူမျိုးပါးစပ်ကဘာပြောပြော လုံးဝမယုံနိုင်ဘူး။ ဖော်ဖော်ဟာ ကျွန်မရင်ခွင်ထဲကနေ လေးလေးကိုတမ်းတမ်းစွဲပြီး သေတဲ့ အထိဖြစ်သွားခဲ့တယ်။ အဲဒီတုန်းက ချစ်သူသေခဲ့ရသလို မေရီလည်း ဘဝသေခဲ့ရတယ် အခုဝင်းလက်"

နေကုဋ္ဌာ ဝင်းလက်ကိုကြည့်လိုက်မိသည်။

ဝင်းလက်က ရှုံ့ရှာသလိုမဲ့ရွဲ့၍ တစ်ဖက်လှည့်သွားသည်။

"မနေ့က ဆေးတွေသောက်မယ်လုပ်လို့ မေရီ အချိန်မီလေးပဲ တားနိုင်ခဲ့တာ ... မဟုတ်ရင် ခုလောက်ဆို တစ်ခုခုဖြစ်လောက်ပြီလေ၊ လေးလေးဟာ မျက်နှာတစ်သောင်းပိုင်ရှင်ထက် ကြောက်စရာကောင်းတဲ့ မိန်းမ လူတွေကို သေစေသတ်စေနိုင်စွမ်းတဲ့ မာယာရှင် ..."

"မေရီ ... မင်း ... တို့ ကို အဲဒီလောက်ထိမပြောနဲ့ တို့ မင်းရဲ့ အဒေါ်"

"ပါဝါတွေလာပြမနေနဲ့    သေချာတွက်ရင် ငါးနှစ်ပဲကွာတာ    ကိုယ်သတ်ပစ်ချင်လောက် အောင် မုန်းနေမိတဲ့ လူကို မေရီက ချစ်စရာ ကောင်းတဲ့ စကားတွေပြောနေရမှာ လား"

"ဖြစ်ခဲ့သမျှအားလုံးကို တို့ ဘာမှ ကိုယ်တိုင် ကျူးလွန်ခဲ့တာ မဟုတ်ဘူး ... ပြီးတော့ တို့ ကြောင့်ဆိုတဲ့ အမည်းစက်ကြီး ဖြစ်ခဲ့ရတာက လည်း တို့ ဘာတစ်ခုမှ မတုံ့ပြန်ခဲ့ဘဲ အားလုံး ကို ရှောင်ရှားထွက်လာခဲ့တာ"

"ဒါက လေးလေးလုပ်တဲ့ အပြစ် လေးလေး သိလို့ လေးလေးဖာသာ ဆုံးဖြတ်ခဲ့တာလေ၊ မှန်တဲ့ လူနဲ့ မှားတဲ့ လူဟာ ဘယ်တော့မှ တန်းတူရည်တူယှဉ်ပြောလို့ မရနိုင်ဘူး၊ အဲဒါ လေးလေး သဘောမပေါက်ဘူးလား"

"တော်ပြီ တော်ကြပါတော့ ဝင်းလက်လိုချင်တာ ဒါ မဟုတ်ဘူး "

ဝင်းလက်က မေရီ့ရှေ့မှာ ပိတ်ရပ်လိုက်သည်။

"လေးလေး သူ့ကို တကယ်မချစ်ခဲ့ဘူးလို့ ပြောလိုက်တာ သေချာတယ်နော်"

"ဟုတ်တယ်"

"ဒါဆို သူ့ကို လေးလေး လက်မထပ်ပါနဲ့ "

ဝင်းလက်စကားကြောင့် မေရီပါဆတ်ခနဲဖြစ်သွားသည်။

"မနက်ဖြန်မင်္ဂလာဆောင်တော့မှာ ... မင်း ဘယ်လိုပြောလိုက်တာလဲ"

"ဒါဆို မချစ်ခဲ့ပါဘူးဆိုတဲ့ လေးလေးစကားက ဘယ်မှာ လဲ ... ပြီးတော့လည်း ညားကြလေသတည်းဆိုတာမျိုးလား ဝင်းလက်လုံးဝမကျေနပ်ဘူး၊ ဝင်းလက်သိပ်ချစ်တဲ့ ယောကျ်ားကို လေးလေးက အလွယ်တကူ ကောက်ယူပစ်

လိုက်တာ ဝင်းလက် ရင်ထဲကိုလည်း ဝင်ကြည့်စမ်းပါဦး”

ဝင်းလက်က တအားအော်သည် ။

အင်းယားရေပြင်က ငြိမ်သက်၍ ဝေဒနာရှင်းတမ်းတို့ ကို နားစွံ့နေသည့်နှယ်။

“ဒီမှာ တွေ့လား”

ဝင်းလက်က သူ့လက်ခုံလေးကို နေကုဋ္ဌာ ရှေ့ထိုးပြသည် ။

“ကိုလင်းကိုယ်တိုင် ဝတ်ပေးခဲ့တဲ့ စေ့စပ်လက်စွပ်”

နေကုဋ္ဌာ ကိုယ်လုံးလေး မသိမသာတုန်သွားသည် ။

ရင်ဝတည့်တည့်မှ အောင့်ခနဲနာကျင်သွားလေသည် ။

“ကိုလင်းကို ဝင်းလက် အများကြီးမျှော်လင့်

နေခဲ့တာ လက်ထပ်ကြဖို့ စိတ်ကူးယဉ်ပြီး မိတ်ကပ် ပေါင်ဒါကအစ စုဆောင်းထားခဲ့တာ လူကြီးချင်းလည်း ရက်ချိန်းညှိကြတော့မလို့ ဖြစ်နေပြီ ... အဲဒီလောက်သေချာနေတဲ့ အထဲက လေးလေး ဘယ်လိုပြုစားပြီး ဖြတ်လုပစ်လိုက်တာလဲ ... ရှင်း ... အဲဒါကို ရှင်းပေး”

နေကုဋ္ဌာ ဘာကဘယ်စကား စပြောရမှန်း မသိ ...

တစ်အိမ်တည်းနေပြီး သူတို့ ကမပြောလို့ မသိဘူးပဲထားဦး။ ဒါတွေကို တကယ်မသိခဲ့တာပါဆိုလည်း ဘယ်သူမှ ယုံမှာ မဟုတ်။

ကိုယ်မသိခဲ့တာလည်း တကယ်အမှန်ဖြစ်နေသည် ။

မျက်ရည်စတို့ ဝေ့သီလာခဲ့ပြီ။

“ဝင်းလက်ကိုလည်း ကိုလင်းအရေးပေးယုယခဲ့တာပဲ... အဲဒီလူကို လေးလေး ဆွဲယူနိုင်

တာ လှည့်စားတာကောက်ကျစ်တာ"

"မဟုတ်ဘူး"

အဲဒီစကားတစ်လုံးမှ မလွဲ၍ နေကုဋ္ဌာ နောက်ထပ်စကားပြောရန်ကြိုးစားလို့ မရ။

"ကိုလင်းနဲ့ လေးလေး ပျော်ပျော်ကြီးလက်တွဲသွားကြမှာ ကို ဝင်းလက် မလိုချင်ဘူး၊ ဝင်းလက်တို့ ညီအစ်မ နှစ်ခါစလုံး နာနေခဲ့ရတဲ့ အတွက် လေးလေးတစ်ခုပြန်ပေးမှ ဖြစ်မယ်၊ အဲဒါ လေးလေး ဘာလုပ်ပေးမလဲပြော"

နေကုဋ္ဌာ ဖြည်းလေးစွာထရပ်လိုက်သည်။

ဘာလုပ်ပေးရမလဲ။

သူပြောသလို
လက်မထပ်ဘဲရှောင်ထွက်သွားခဲ့လျှင် ဒီအခြေအနေကျမှ လင်း ဘယ်လိုနေမလဲ။

လူကြီးတွေ ဘာပြောကြမလဲ။

ကိုယ်ကလက်ထပ်မယ်ဆိုရင် ...

"ဝင်းလက် ဟောဒီအင်းယားကန်ထဲ အခုခုန်ချပစ်လိုက်မှာ ထွက်လာကတည်းက ဆုံးဖြတ်ပြီးသား"

နေကုဋ္ဌာ ဝင်းလက်ကို တအံ့တဩကြည့်ကာ တစ်ခုခုကိုဆုံးဖြတ်ဖို့ ကြိုးစားပါတော့သည်။

"လင်းကို တို့ လက်မထပ်ရင် မင်းဆီ ပြန်ရောက်လာနိုင်မလား"

"ဘယ်ရောက်နိုင်မလဲ ဝင်းလက်က လေးလေးလို မာယာမှ မရှိဘဲ ဒါမျိုးလည်း ကောက်မယူချင်ပါဘူး၊ ဝင်းလက် ဖြစ်စေချင်တာက လေးလေးနဲ့ ကိုလင်း ချစ်ချစ်ခင်ခင်ပေါင်းသင်းသွားတာမျိုး လုံးဝမဖြစ်ရဘူး၊ လက်ထပ်ပွဲမဖြစ်ရအောင် ဖြစ်သလို လေးလေးဖျက်ပေး

အဲဒီလျှော်ကြေးရပြီးရင် အားလုံးကို မေ့ပစ်လိုက်မယ်”

နေကုဋ္ဌာ ဝဲလာသော မျက်ရည်စတို့ ကို မျက်တောင်တို့ နှင့် ပုတ်ခတ်သိမ်းဆည်းပစ်လိုက်သည်။

“ကောင်းပြီလေ ဒီလက်ထပ်ပွဲကိုတော့ ဖျက်လို့ မဖြစ်ဘူး၊ မင်းဖြစ်စေချင်တာက သူနဲ့တို့ အဆင်မပြေဖြစ်သွားဖို့ ပဲ မဟုတ်လား”

“ဟုတ်တယ် ... ဒါမှ လေးလေး တကယ်မချစ်ခဲ့ဘူးဆိုတာ ဝင်းလက်ယုံမယ်၊ တမင်ယုတ်တာ မဟုတ်ဘူး လို့ လက်ခံမယ် ကိုယ့်စကားတစ်ခွန်းဟာ တကယ့်သစ္စာနဲ့ ဆိုခဲ့တာဆိုရင် လေးလေးလက်တွေ့ပြပေါ့”

“ပြမယ် မင်းစောင့်နားထောင်နေပါ ... လင်းနဲ့ တို့ ဘယ်တော့မှ ချစ်သူမဖြစ်စေရဘူး”

*

## အခန်း (၂၈)

အတိတ်ဟာ ပြီးဆုံးလွန်မြောက်ခဲ့ပေမယ့် မေ့မှ ိန်ပျောက်ကွယ်သွားခဲ့ခြင်းမရှိပါလား။ နေကုဋ္ဌာပြတင်းဝမှာ ရပ်ရင်း လှုပ်ရှားယိမ်းနွဲ့ နေသော ပန်းပင်လေးများကို ငေးကြည့်နေမိသည် ။

ပန်းရဲ့ ပွင့်ညှာနားက ရွက်စခက်တို့ ဟာ ဝ င်းလက်ရဲ့ ခါးထောက်ထားသော လက်နှစ်ဖ က်ဖြစ်လျက် ခေါင်းတညိတ်ညိတ်နှင့်။ ပန်းပွင့် က ဟားတိုက်ရယ်မောနေသော ဝင်းလက်ရဲ့ မျက်နှာ ဖြစ်နေသည် ။

လေးလေးနဲ့ ကိုလင်း ချစ်ချစ်ခင်ခင် ပေါင်း

သင်းသွားတာမျိုး လုံးဝမဖြစ်ရဘူး။

နှစ်ခါစလုံးနစ်နာခဲ့ရတဲ့ အတွက် လေးလေး တစ်ခုပြန်ပေးမှ ဖြစ်မယ်။

လေးလေး ဘာလုပ်ပေးမလဲပြော။

နေကုဋ္ဌာ နားထဲမှာ ဝင်းလက်အသံတွေ ပြန်လည်ဆူညံလာသည် ။ ရှိုက်သံတွေလုံးထွေးပါလာ၏။

ဒီမှာ တွေ့လား ကိုလင်းကိုယ်တိုင်ဝတ်ပေးခဲ့တဲ့ စေ့စပ်လက်စွပ်။

ဝင်းလက်ကိုလည်း ကိုလင်းက ယုယခဲ့တာပဲ။

အို ... မပြောနဲ့ မပြောကြပါနဲ့ ။

နေကုဋ္ဌာ ပန်းတွေကိုကျောခိုင်း၍ ပြတင်းပေါင်ကို ကျောနဲ့ ကပ်ထားလိုက်သည် ။ ဒီဘက်မှာ မေရီမျက်နှာကမဲ့ပြုံးနှင့်။

လေးလေးဟာ လူတွေကို သေစေသတ်စေနိုင်စွမ်းတဲ့ မာယာရှင်။

နေကုဋ္ဌာအံကြိတ်၍ မျက်လုံးတွေပိတ်ချပစ်လိုက်သည် ။

ကိုယ်တိုင်ဘာမှ မကျူးလွန်ရပါဘဲ ယုတ်မာတဲ့ သူ မာယာများ တဲ့ သူ စည်းမစောင့်တတ်တဲ့ သူတဲ့ ။

စွဲချက်ပေါင်းများ စွာထဲမှာ ငြင်းပယ်သော်လည်း အရာမထင်ခဲ့ဘဲ နေကုဋ္ဌာ့နှလုံးသားမှာဒဏ်ရာတွေပြည့်နှက်နေခဲ့ပြီ။

ဒီမှာ တွေ့လား ကိုလင်း ကိုယ်တိုင်ဝတ်ပေးခဲ့တဲ့ လက်စွပ်”

လှပသော လက်စွပ်ကလေးက အာရုံထဲမှာ ဝင်းခနဲလက်သွားသည် ။

လင်းဟာ တကယ်ပဲ ဝင်းလက်ကို ရည်ရွယ်

ခဲ့ပြီးမှ ကိုယ့်ကိုတွေ့လို့ အာရုံပြောင်းသွားခဲ့တာလား။

လှပမှုတစ်ခုပေါ်မှာ တိမ်းမူးတတ်တဲ့ ယောကျ်ားလား။

ဘာပဲဖြစ်ဖြစ် လင်းကို နေကုဋ္ဌာ မုန်းနိုင်အောင်ကြိုးစားရတော့မည် ဖြစ်သည် ။

လင်း ... သူ့ကိုတစစစိတ်ပျက်စွန့်လွှတ်ချင်လာအောင် နောက်ဆုံးကွာရှင်းပြတ်စဲပေးလာတဲ့ အထိ။

တွေးလိုက်တာနဲ့ ပဲ မျက်ဝန်းမှာ မျက်ရည်တွေဝေ့တက်လာသည် ။

ကိုယ်ဟာ အချစ်ကြောင့် မျက်ရည်လွယ်တတ်ခဲ့ပြီကော။

လင်းရဲ့ ယုယကြင်နာခြင်းတွေကို ဘယ်လိုမှ ဥပေက္ခာထားလို့ မရနိုင်တော့တဲ့ ကိုယ့်နှလုံး

သားက နူးညံ့ပျော်ဝင်အံ့မူးမူးမှာ ရက်စက်သော ထိုးနက်ခြင်းများ နှင့် နှလုံးသားလေး မွမွကြေခဲ့လေပြီ။

ပွဲမစခင်ရှုံးခဲ့ရတဲ့ ကိုယ့်အဖြစ်က ပြင်ဆင်ချိန်ပင်မရလိုက်ပါ။

"မမ … မမက သိပ်လှတာပဲဗျ …"

"မမကိုပဲ ဇော်ချစ်တယ် …"

"ဇော် ခုမှ အချစ်ကိုတွေ့တာ မေရီ့ကိုတောင် မမအပေါ် ချစ်သလိုမျိုး မချစ်ခဲ့ဘူး"

"မမ ဇော့်ကို ချစ်တယ်မဟုတ်လား … မရဘူးဗျာ … မမချစ်တယ်လို့ မပြောဘဲ မပြန်ဘူး … လုံးဝမပြန်ဘူး"

အနည်းငယ်ဝချင်သော ကိုယ်လုံးခပ်တုတ်တုတ်နှင့် ဇော်ဇော်သည် မိဘကချမ်းသာလို့ ဝတ်နိုင်စားနိုင်သလောက် ကြွကြွလေးနေတတ်

သူဖြစ်သည် ။

မျက်နှာမှာ ခပ်ရှည်ရှည်ပါးကွက်ကလေး အမြဲတင်ထားတတ်ကာ အိတ်တွေဇစ်တွေ ရှုပ်ယှက်ခတ်အောင်ပါသော ဘောင်းဘီရှည်တွေ ထည်လဲဝတ်၏။

ကိုယ်တိုင်က ဆယ်တန်းမအောင်သေးပေမယ့် မိဘအရှိန်အဝါနှင့် တစ်ကိုယ်လုံးမှာ ပလက်တီနမ်တွေကို စတီးကြိုးတွေလို ထူထဲထပ်ညပ်နေအောင် ဖောခြင်းသောခြင်းဝတ်ထားတတ် သေးသည် ။

ရုပ်ကလေးလည်း သနားကမားမို့ မိန်းမငယ်လေးတွေ အထင်ကြီး မက်မောချင်ဖွယ်ပေါ့ ။

မေရီနဲ့ သူချစ်သူတွေဖြစ်ကြ စေ့စပ်ကြတဲ့ အချိန်မှာ နေကုဋ္ဌာက မန္တလေးတက္ကသိုလ်မှာ တက်နေဆဲ။

မေမေတို့ က မိုးကုတ်ဇာတိပေမယ့် မမ အိမ်ထောင်ကျသွားကတည်းက မန္တလေးသို့ပြောင်းခဲ့သည် ။

အဲဒီတုန်းက သွေးဆုံးခါနီးမှ မွေးခဲ့သော နေကုဋ္ဌာက လေးနှစ်သမီးပဲရှိပါသေးသည် ။

မမကိုယ်တိုင်က အိမ်ထောင်မကျခင်အထိ ဒီညီမကို ချီပွေ့နမ်းရှုံ့ဆဲ၊ ခေါ်တာကိုက ညီမလေးလို့ မဟုတ် နာမည်မခေါ်။

'ကလေး' တဲ့

"မေမေကလည်း မေမေတို့ ပြောင်းလည်း ကလေးကို သမီးနဲ့ ထားခဲ့ပါ"

"တော်ပါ သီတာရယ် ... ညည်းတို့ သားတွေသမီးတွေ မမွေးသေးလို့ ပြောတဲ့ စကားပါ ၊ ကိုယ့်မှာ သားနဲ့ သမီးနဲ့ လည်း ဖြစ်လာရောင့်သမီးလေးက ဘေးရောက်သွားမှာ ပဲ"

“ဟယ် … မေမေကလည်း ကလေးကို သမီးက ကိုယ်သမီးလေးလိုချစ်တာပါ မေမေရယ် ”

မမက နေကုဋ္ဌာကိုဖက်၍ ဝမ်းနည်းပက်လက်ပြောခဲ့တဲ့ စကားသံက တကယ့်ကို ခံစားသွားရတဲ့ ပုံ မန္တလေးပြောင်းကြဖို့ ကားပေါ်တက်ကြတော့ နေကုဋ္ဌာကို မမကချီပွေ့၍ ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန်ပြီးတော့ လည်ပင်းပြီးတော့ မေးဖျားလေးနဲ့ ဗိုက်သားဖွေးဖွေးလေးကို လှန်ကာ မနာအောင် ငုံ့ကိုက်သည် ။

နေကုဋ္ဌာ မျက်နှာလေး နီရဲညိုတက်လာအောင် နမ်းပြီးမှ ကားပေါ်လှမ်းတင်ပေးကာ …

“ကလေး မမဆီကို ခဏခဏလာနော်”

တဖွဖွမှာ၏။

နားလည်တတ်သလောက်လေးနှင့် နေကု

ဋ္ဌာခေါင်းလေး ညိတ်သည် ။ နောက်ပိုင်း မေမေကလည်း မမတို့ ဆီ မကြာမကြာပို့ပေးခဲ့တာပါ။

ဒါပေမဲ့....

နောက်ပိုင်းသွားရကျဲလာသည် ။

မမလည်း သမီးနှစ်ယောက်ကို နှစ်နှစ်ပဲခြား၍ မွေးဖွားခဲ့ပြီးနောက် သုံးနှစ်ခြား၍ ကေသီမြင့်လွင်ကို မွေးသည် ။

မ မ မှ ၃ သမီးတွေမြိုင်မြိုင်ဆိုင်ဆိုင်ရသွားတဲ့ နောက်ပိုင်း မေမေက နေကုဋ္ဌာ့ကို သိပ်မသွားစေခဲ့တော့ပါ။

နေကုဋ္ဌာကတော့ မမဆီသွားလျှင် အဖော်တွေနဲ့ ဆော့ရသည် ။ လွတ်လပ်သည် ။

မေရီတို့ ညီအစ်မဟာ တူမတွေဆိုတဲ့ အသိမရှိ။ ကစားဖော်တွေလိုပဲ တွယ်တာခဲ့တာဖြစ်

သည် ။

ကော့ကို အတင်းနမ်း အတင်းလုချီတဲ့ အခါ များ မမ ပျာပျာသလဲ

"အို ... ကလေး ကလေးမနိုင်ဘူး မချီနဲ့ လေ ကလေးရဲ့ "

အဲဒီအခါများ ဆို မေမေကလည်း မခံ။

"ငါမပြောဘူးလား၊ သားနဲ့ သမီးနဲ့ ဖြစ်တဲ့ အခါ ကိုယ့်ဥမှ ကိုယ့်ဥဖြစ်ကုန်ကြတာပဲ"

"မေမေကလည်း ကလေးချင်းဆိုတော့ ပြု တ်ကျသွားမှာ စိုးလို့ ပါ"

တကယ်တော့ မေမေကိုက စကားနာထိုး တတ်တာပါ။

မမက သမီးကတစ်ဖက် နေကုဋ္ဌာကတစ်ဖ က်ချီ၍
ခွံ့ကျွေးတတ်တာပြောင်းလဲခြင်းမရှိခဲ့ပါ။

နောက်များမှာ တော့ အရွယ်တွေ အသီးသီး ရောက်လာကာ ညီအစ်မနှစ်ယောက်အတွက် မေမေတို့ က အမွေခွဲပေးသလို စီစဉ်စရာရှိတာ စီစဉ်ပေးသည် ။

"မမကိုချစ်တာချစ်တာပေါ့၊ ခဏခဏမသွားပါနဲ့ တော့ မီးငယ်၊ သူ့သမီး တွေနဲ့ မီးငယ်က ရွယ်တူလေးတွေ၊ ပြီးတော့ မေမေ့သမီးက အကျိုးပေးထူးတယ် ... သား သမီးနဲ့ ပတ်သက်လာရင် ဘယ်သူမဆိုသွေးကွဲကြတာပဲ"

ဆံပင်ကျောလယ်ခန့်မည်းမည်းစန့်စန့်များ နှင့် ပြာလဲ့သော မျက်နက်ဝန်းလေးများမှာ မျက်တောင်ရှည်များ ရံခက်နေသော နေကုဋ္ဌာ မျက်နှာလေး အချိန်တိုင်း ပါးမို့လေးတွေ နီထွေး နေတတ်သေးသည် ။

မေမေကတော့ အသက်ကြီးမှ ရခဲ့တဲ့ သမီး

ထွေးလေးက ရွှေရည်ပန်းစက်လေးမို့ ဒီသမီး ကိုမထိရက် မဆူရက်နှင့် မှန်ကြည့်သလို ကြ ည့်နေခဲ့သူဖြစ်သည် ။

မေမေဆုံးသွားတော့ စီးပွားရေးလောကထဲ မှာ လုံးထွေးနေခဲ့တဲ့ ဖေဖေနဲ့ ကျန်ခဲ့တာ နေ ကုဋ္ဌာ ဆေးတက္ကသိုလ် ပထမနှစ်။

"ဖေဖေ သမီးတို့ ရန်ကုန်ပြောင်းရအောင် လေ"

ဘယ်နေရာကြည့်ကြည့် မေမေ့အယုအယ မေမေ့စကားသံများ ချည်းရှိနေတဲ့ အိမ်မှာ နေ ကုဋ္ဌာ မနေချင်တော့ပါ။

နှစ်ကိုယ့်တစ်စိတ်လို တွယ်တာခဲ့ကြတဲ့ နေ ကုဋ္ဌာနဲ့ မေမေ့သံယောဇဉ်ကိုသိသော ဖေဖေ ကလည်း နေကုဋ္ဌာ့ဆန္ဒကို လိုက်လျောချင်ပါ သည် ။

ဒါပေမဲ့ အခြေခိုင်ပြီးခဲ့တဲ့ လုပ်ငန်းတွေက

ဟိုနဲ့ ဒီရွှေ့ပြောင်းဖို့ ရုတ်တရက် မလွယ်။

သမီးမျက်နှာပြန်ကြည့်တော့လည်း အမေ ကိုလွမ်းဖျားဖျားကာ ချောင်ကျနွမ်းဖတ်နေသ ည် မို့။

"သမီးမမဆီ စိတ်ပြေလက်ပျောက်သွားနေ လိုက်နော်"

ဟု ဆို၍ မမကိုချက်ချင်းဖုန်းကောက်ဆက် ၍ စီစဉ်သည် ။

ဟိုရောက်တော့ မမက ပုံစံမပြောင်းရှိပေမ ယ့် ငယ်ငယ်တုန်းကလို နေကုန်ငှာ မပျော်တော့ ပါ။

အတူမနေခဲ့ကြတဲ့ အတွက် တူဝရီးတွေဆို ပေမယ့်လည်း တရင်းတနှီးမရှိခဲ့ကြ။

အတော်ကြီးကြာမှ ပြန်တွေ့ခဲ့ကြတော့ ပို ဆိုးသည် ။

နေကုဋ္ဌာဆိုတဲ့ မျက်နှာကို မြင်လိုက်ကတည်းက မေရီက ဟက်ဟက်ပက်ပက်မရှိ။

ဝင်းလက်က မထိတရိ ငေါ့သည် ။

ကေကတော့ သူ့ကို ပွေ့ပွေ့ဖက်ဖက်နှင့် ငယ်ငယ်တုန်းကအတိုင်းပင် ဖြစ်၏။

မပျော်တဲ့ နေရာမှာ မနေချင်တော့၍ မန္တလေးပြန်ကာ ဖေဖေ့ကိုသာ ရန်ကုန်ပြောင်းဖို့ ပူဆာမည်ဟု ဆုံးဖြတ်လိုက်သည် ။

သို့သော် ...

"အမလေး ဒုက္ခပါပဲ ကလေးရေ ...ကလေး လာဦး ဒီမှာ ဖေဖေဦးနှောက်သွေးကြောပြတ်ပြီး ဆုံးပြီတဲ့ ဖုန်းလာတယ်"

"ဟင်"

နေကုဋ္ဌာ တစ်ခါတည်းပုံကျသွားခဲ့တာ

လှေကားခြေရင်းမှာ ခွေခွေခေါက်ခေါက်က
လေး။

အားကိုးရာမဲ့သွားသည့် နေကုဗ္ဘာမှာ လော
လောဆယ်ဘယ်မှာ မှ သွားနေလို့ မရတော့ဘဲ
မမဆီမှာ ပဲ မေရီတို့ နဲ့ အတူနေဖြစ်ခဲ့သည် ။

ကျောင်းပြန်ဖွင့်တော့ မန္တလေးအိမ်မှာ ဖြစ်
နေ၍ ကျောင်းတက်နိုင်အောင် မမက အဖော်
အလှော်ကိစ္စအားလုံး ကိုယ်တိုင်လိုက်၍ စီစဉ်
ပေးခဲ့လေသည် ။

မေရီတို့ နဲ့ ရင်မဆိုင်ချင်၍ မန္တလေးအိမ်မှာ
ပဲ ကျောင်းပိတ်ပေမယ့် မပြန်ဘဲနေဖို့ ဆုံးဖြတ်
ချင်သည် ။

ဒါပေမဲ့ ဘယ်နေရာသွားသွား ယင်တလော
င်းလောင်းနဲ့ အပုပ်ကောင်ကြီးလို နေကုဗ္ဘာ
နောက်မှာ တကောက်ကောက် လိုက်နေကြတဲ့
ပုရိသတွေ ရန်ကမသေး။

ဇွတ်လိုက်မည့်သူ ဇွတ်ယူချင်တဲ့ လူ အတင်းကြီးတောင်းခိုင်းနေတဲ့ လူကမရှား။

အလှတရားဟာ ဒီနေရာမှာ အန္တရာယ်ကြီး လှသည် ။

ကျောင်းပိတ်တဲ့ ရက်မှာ မိုးကုတ်ကို နေကု ဋ္ဌာ ပြန်လာခဲ့သည် ။

မမက ဝမ်းသာနေပုံနှင့် ပြောလာသည် ။

"ဘယ်သူလဲ မေရီလား မမ"

"ဟုတ်တယ် ပညာသင်တုန်းဆိုတော့ ငယ် တော့ငယ်သေးတယ်၊ ဒါပေမဲ့ ကောင်လေးက လည်း လက်ထပ်ချင်နေပြီ၊ သူ့မိဘများကလ ည်း စေ့စပ်နေကြတယ်လေ၊ ကောင်လေးက တော်တော့်ကို ချမ်းသာတယ် ကလေးရဲ့ ၊ တစ် ဦးတည်းသောသား မိဘများ လုပ်ငန်းတွေ အ များကြီးရှိတယ်၊ လက်ထပ်ဖို့ ကတော့ ကျောင်းပြီးမှ ပဲ လုပ်ရအောင်ပါလို့

သမီးကိုပြောခိုင်းထားတယ် အခု စေ့စပ်ထားပြီးပြီလေ”

တစ်ညနေမှာ ဖြစ်သည်။

နေကုဋ္ဌာ နုလွှသော ပန်းနုရောင်ဝတ်စုံလေးနှင့် အဖြူနဲ့ ပန်းနုရောသော ဖိနပ်အမြင့်လေးစီးကာ တင်ပါးထိရှည်နေပြီဖြစ်သော ဆံပင်တွေကို ဒီတိုင်းဖြန့်ချ၍ အပြင်ထွက်ဖို့ အပေါ်က ဆင်းလာသည်။

“ဘယ်လဲ ကလေး”

“ခေါင်းလျှော်ရည်ကုန်နေလို့ သွားဝယ်မလို့ မမ ဘာမှာ ဦးမလဲ”

“အေး ... မမမှာ ချင်တယ် ဒီဆေးဘူးလေး ဝယ်ခဲ့ပေးနော်”

မမက နမူနာဘူးလေးသွားယူပြတော့ နေကုဋ္ဌာ ခေါင်းညိတ်သည်။

"အဲဒါဝယ်ပြီး ဦးထွန်းတို့ ဆီကို ကလေးပဲ ဝင်ပေးခဲ့ပါကွယ်၊ မနေ့ကတည်းကမှာ ထား တာ မမ မေ့နေလို့ ... နော်"

"နေမှ လိပ်စာမသိတာ"

ဆိုတော့ မမက လိပ်စာကတ်လေးထုတ် ပေး၏။

"ဘာမှ မဝေးဘူးကလေးရဲ့ ... အဲဒီ က လေးသွားမယ့် စတိုးရဲ့ ဘေးက ကားမှတ်တိုင် ရှိတဲ့ လမ်းနောက်ကို ဝင်သွားရင် တွေ့ပြီ တို က်ဝါဝါကြီးကို ဟိုးနေတာပဲ"

မေရီရဲ့ ယောက္ခမတွေဆီကိုပါ။

ဒီအကြောင်းပြောတိုင်း မမမျက်နှာက ဂုဏ် ယူဝင့်ကြွား မာန်တွေအပြရှိနေသည် သာ။

ခြံတံခါးကပွင့်ထားတာမို့ စက်ဘီးလေးကို တွန်း၍ ဝင်လာခဲ့သည် ။

ထိုစဉ် ရိပ်ခနဲအရာတစ်ခုပြေးဝင်လာတာ သိလိုက်သောအချိန်နှင့် ဒိုင်းခနဲ တုန်ခါသွားပြီး ယိုင်ထွက်သွားသည့် စက်ဘီးကို ကိုင်ထားလို့ မနိုင်တော့ဘဲ ဝုန်းခနဲလဲသွားခြင်းက တစ်ထပ်တည်းပင် ဖြစ်၏။

"ဟာ ... ဟေ့ကောင်"

"ဘယ်သူလဲကွ"

အသံတချို့နှင့် အတူလူငယ်လေးတွေ ငါးယောက် ပြေးလာကြသည် ။ တရားခံကဘောလုံး။

သူတို့ ပြေးလာကြပြီး စက်ဘီးပြေးထောင်တဲ့ လူက ထောင် ဘောလုံးပြေးကောက်တဲ့ လူကောက်။

နေကုဋ္ဌာ ရှေ့တည့်တည့်ကလာရပ်၍ ပြုံးပြုံးပြပြ ကြည့်တဲ့ တစ်ယောက်ကို အဲဒီတုန်းက ဇော်ဇော်ဆိုတာမှန်း နေကုဋ္ဌာ မသိသေး

။

"ဟာ ... လှတယ်ကွာ ... မမ .. မမ ဘယ်သူနဲ့ တွေ့ချင်လို့ လဲဟင် ... ဒက်ဒီတို့ ဧည့်သည် လား ... ဆော်ရီးနော် ခြံထဲမှာ ဘောလုံးကန်နေကြတာ အရှိန်လွန်သွားလို့ "

နေ မျက်နှာကိုတင်းပစ်လိုက်သည် ။

"ဘယ်သူ့ဧည့်သည် မှ မဟုတ်ဘူး ၊ ဒီအိမ်က ဦးထွန်းဆိုတာကို ဒေါ်သီတာစမ်းက ဆေးပုလင်းပေးခိုင်းလို့ ၊ ရော့ ယူထားလိုက်"

နေကုဋ္ဌာ ထိုးပေးတဲ့ ဆေးဘူးကို ငုံ့မကြည့်ဘဲ ယူထားလိုက်ကာ ဇော်ဇော်မျက်လုံးတို့ က နေကုဋ္ဌာ မျက်နှာမှ မခွာ။

စက်ဘီးကိုပြန်လှည့်ကွေ့၍ ခြံဝရောက်လာတဲ့ အထိ ဇော်ဇော်က ဣန္ဒြေမဆောင်နိုင်စွာ ကပ်လိုက်လာ၏။

"မမ ... မမက အန်တီသီတာတို့ နဲ့ ဘယ်လိုပတ်သက်တာလဲဟင် ... မမက ဘယ်ကလဲ"

ဥမ္မာဒန္တီကို မြင်တဲ့ သိဝိမင်းကြီးလို ဇော်ဇော်ဖြစ်သွား ပုံက ခြေမကိုင်မိ လက်မကိုင်မိ။

နောက်နေ့ အိမ်မှာ မေရီနဲ့ သူတွဲဝင်လာတုန်း ပက်ပင်းသွားဆုံတော့မှ နေကုဋ္ဌာ ဒီလိုတော်စပ်သူမှန်းသိသွားသည် ။

ဈေးမှာ လမ်းမှာ အိမ်မှာ လူတွေကွယ်သည်နှင့် နေကုဋ္ဌာကို အတင်းအချစ်ရေးဆိုတော့သည် ။

"မင်း ဖောက်ပြန်တတ်လှချေလား ဇော်ဇော် ... မင်းက မေရီနဲ့ စေ့စပ်ပြီးတဲ့ ယောကျ်ား မဟုတ်ဘူး လား"

"မဆိုင်ဘူး ... မေရီ့ကို ဇော် မမအပေါ်ချစ်သလောက် မချစ်ခဲ့သေးဘူး၊ ဇော် မမကိုပဲချစ်

တယ် မမကိုပဲလက်ထပ်မယ်”

ပန်းခြံထဲမှာ သူတို့ အခြေအတင် ဖြစ်နေကြတာကို မေရီ ကိုယ်တိုင်မြင်သွားပြီး ပြဿနာတက်တော့သည်။

အားလုံး လူသိရှင်ကြား ဖြစ်ကုန်၍ မေရီ ဟိုသွားမယ် ဒီသွားမယ်နှင့်လုပ်သည်။ နောက်တော့ လူကြီးချင်းပြန်လည်ညှိနှိုင်းပြီး မေရီနဲ့ ဇော်ဇော့်ကို လက်ထပ်ပေးဖို့ စီစဉ်ကြလေသည်။

မေရီကလည်း ဇော်ဇော့်ကို ချစ်နေမိသည့်စိတ်ကမပြတ်နိုင်တာကြောင့် ဇော်ဇော်စိတ်ပြောင်းသွားတာသိသိနှင့်ပဲ လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့သည်။

ဘယ်သူကမှ မနှင်ပေမယ့် ကိုယ် နေဖို့ မသင့်တော့ဘူးဆိုတာ သိ၍ နေကုဋ္ဌာ မန္တလေးမှာပဲ သွားနေတော့ဖို့ ဆုံးဖြတ်ခဲ့သည်။

အိမ်မှာ ဘယ်သူမှ မရှိတဲ့ အချိန် သားရေအိတ်ကိုဆွဲ၍ အခန်းထဲကအထွက် လှေကားမှ တဒုန်းဒုန်းပြေးတက်လာသူက ဇော်ဇော်။

"ဇော် ထင်တယ် မမထွက်သွားမှာ စိုးလို့ အမီပြေးလာလိုက်တာ၊ မမ မနေ့ကကားလက်မှတ်ဝယ်တာ ကျွန်တော်သိတယ် ဘယ်သွားမလို့လဲ မမ ဘယ်မှ မသွားရဘူး"

"ရှေ့ကဖယ်စမ်း ... ဇော်ဇော် မင်းအရူးထချင်တိုင်း လူကြီးတွေကို အရူးမလုပ်နဲ့ ... မင်းကြောင့် ငါ့သိက္ခာတွေ ငါ့အရှက်တွေ ဘာမှ မရှိတော့ဘူး"

"ဘာဆိုင်လဲ ဘာမှ မဆိုင်ဘူး၊ မမကိုဇော်ချစ်တာ ဘာနဲ့ မှ မတူဘူး၊ မမကိုပဲ ဇော်လက်ထပ်ဖို့ ဆုံးဖြတ်ပြီးသား၊ မမ ဇော့်ကိုပြန်ချစ်ပါနော် ... မမကချစ်မယ်လို့ ပြောလိုက်တာနဲ့ ဇော် ပြတ်ပြတ်သားသားကြေညာပစ်မယ်"

"တော်တော့"

"မတော်နိုင်ဘူး မမ ... မမကသာလက်ခံရင် မာမီတို့ လည်း ဖြစ်အောင်လုပ်ပေးမှာ ပဲ ... မာမီကပြောတယ် နေကုဋ္ဌာဆိုတဲ့ ကောင်မလေးနဲ့ တွေ့တာ နောက်ကျသွားတယ်တဲ့ ... ဘာဆိုင်လဲ လက်မှ မထပ်ရသေးတာ ... ဇော်ကြိုက်တဲ့ လူကို ရွေးချယ်ခွင့်ရှိတယ်၊ ရည်းစားထားတိုင်း ချစ်သူလို့ မခေါ်ပါဘူးဗျာ ... မေရီက ရည်းစား ... မမက ဇော့်ချစ်သူ ... မမကို ဇော်တကယ်ချစ်တာ ... ဇော့်ကို ပြန်ချစ်လိုက်ပါ မမရယ်နော်"

စကားကို မနားတမ်းပြော၍ ရှေ့တိုးအတင်းဆွဲ လက်ထဲက သားရေအိတ်ပြုတ်ကျသွားသည်။

ဇော်ဇော်က နေကုဋ္ဌာ့ပခုံးနှစ်ဖက်ကို အတင်းအကျပ် ကိုင်၍ ပွေ့ဖက်ဖို့ ကြိုးစားလာသည်

။

“ဘာလုပ်တာလဲ လွှတ်စမ်း”

“မလွှတ်ဘူး မမချစ်တယ်လို့ မပြောရင် လုံးဝမလွှတ်ဘူး”

တွန်းထိုးရုန်းကန်ရင်း နှစ်ယောက်ကြားမှာရှိနေတဲ့ အိတ်ကြီးက ဇော်ဇော့်နောက်ရောက်သွားကာ နေကုဋ္ဌာ တွန်းပစ်လိုက်၍ နောက်လန်သွားသည့် ဇော်ဇော်သည် အိတ်ကိုနောက်ပြန်တိုက်၍ လှေကားထိပ်မှ အောက်ခြေထိ ခြေလွတ်လက်လွတ် ပြုတ်ကျသွားလေသည်။

“အား”

လေ ႇက ၁းရ င ်းမ ႇ၁ ဦးခေါင်းကွဲ၍ သွေးခြင်းခြင်းနီသွားသော ဇော်ဇော်။

အလောင်းကိုငုံ့ကြည့်ကာ နေကုဋ္ဌာ့ အော်သံက စူးစူးဝါးဝါး။

ပြဿနာတွေ အမှုအခင်းတွေ တစ်သီကြီး ရှင်းလိုက်ရသည်။

မမ အလိုက်ကောင်း၍ နေကုဋ္ဌာ ဘာအပြစ်မှ မရခဲ့ပေမယ့် အားလုံးရဲ့ ကြဉ်ဖယ်ခြင်းကို ခံခဲ့ရသည်။

"လေးလေးကို မေရီသိပ်မုန်းတယ်၊ လေးလေးကြောင့် မေရီ့အရှက် မေရီ့အသည်း ဘာမှ ရစရာမရှိတော့ဘူး၊ အဲဒီအတွက် လေးလေးကို မေရီဘယ်တော့မှ ကျေမှာ မဟုတ်ဆိုတာ ယုံ"

ကိုယ်ကပြောပေမယ့် ချစ်တဲ့ လူက အတင်းလိုက်ချစ်တဲ့ ပြဿနာကို နေကုဋ္ဌာ ဘယ်လိုရှင်းပြမလဲ။

ပတ်ဝန်းကျင်မှာ ဇော်ဇော်ကချမ်းသာလို့ ရုပ်ချောလို့ တူဝရီးနှစ်ယောက်ဝိုင်းလုကြတာဟု သတင်းထွက်နေသည်။

"ဇော့်ကို မေရီချစ်လို့ ခွင့်လွှတ်ပြီး လက်ထပ်ဖို့ ထိ စီစဉ်ခဲ့တာတောင် လေးလေးကဇွတ်ကပ်ပြီး ဖြားယောင်းတယ်၊ ယောကျ်ားလေးတစ်ယောက်ဆွဲချင် ရမ်းချင်လာအောင် လေးလေး အနေအထိုင်မတတ်တာ"

မေရီ့ စွဲချက်တို့ က ပြင်းလှသည် ။

ထိုမှ စ၍ နေကုဋ္ဌာဟာ လူတွေကိုသာမက ကိုယ့်အလှကိုပါ စိတ်ပျက်စိတ်ကုန်ခဲ့တဲ့ မိန်းကလေးတစ်ယောက် ဖြစ်ခဲ့ရသည် ။

အထီးကျန်ဆန်သော ဘဝနှင့်ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ခဲ့ရသည် ။

ဒီနေ့အချိန်ထိ ကိုယ်ကသာအချစ်ခံရခြင်းကို နာကြည်းစွာ ခံစားခဲ့ရလျက် ... ကိုယ်ကချစ်ရသူမရှိခဲ့ဖူးသော နှလုံးသားကနုနုလေး ရယ်ပါ။

အတိတ်ရဲ့ နာကြည်းစရာများက မျက်ဝန်း

မှ မျက်ရည်မိုးကို အငြိုးတကြီးရွာစေသည် ။

မမ ...

ဒါတွေ မမသိရင် ဘာပြောမလဲ။

မေရီကတော့ သိပ်ခံစားနေရတယ် ကလေးရယ် ... မမကတော့ ကလေးကို နားလည်ပါတယ်တဲ့ ။ ဒီတစ်ခါထပ်ပြီး မမ နားလည်ပေးနိုင်ပါစေ။

*

## အခန်း (၂၉)

"ဟိတ် ... သတို့ သား ဘဝင်မမြင့်နဲ့ ဒီကို လာဦး"

"ဟာ ... ခမ္မ"

ခမ္မနဲ့ လွင်ဦးက လက်ဖွဲ့ပစ္စည်းတွေကိုင်၍ အဝေးကတည်းက လှမ်းခေါ်သည်။

"နေ ... ခဏနော်"

"အမလေးကွာ ... ခြေဆယ်လှမ်းမပြည့်တဲ့ နေရာသွားရမှာ လေးကို ခွင့်တောင်းနေတယ် ချိတ်ချင်းရဲတာ အဲဒါတွေပဲ"

သူငယ်ချင်းတွေ တွေ့တော့ အလင်းတိုက်

ပျော်သွားသည် ။

ဧည့်ခံပွဲတစ်ခုလုံး ဆူညံစည်ကားလျက် ကံစမ်းမဲ အစီအစဉ်ထည့်ပေးထားသည် မို့ အဲဒီဘက်အခြမ်းက ကြေညာသံ ရယ်မောနောက်ပြောင်သံတွေနှင့် တကယ့်ကို ကြည်နူးစရာဖြစ်နေသည် ။

"သမီးရေ ဒီမှာ ကံစမ်းမဲ လာနှိုက်စမ်း၊ သားရော"

"လင်း ... ဟိုမှာ သူ့သူငယ်ချင်းတွေကို ဧည့်ခံနေတယ် မေမေ"

"ဒါဆို ... သမီးလာ"

"ဟင့်အင်း ... နေ မနှိုက်ချင်ပါဘူး ... မေမေရယ်"

"ဧည့်သည် အတွက်တင် မဟုတ်ဘူး သမီးရဲ့ ၊ သားနဲ့ သမီးအတွက်ပါ ပါတယ် ... လာစ

မ်းပါ”

ဒေါ်လင်းလင်းမြင့်က နေကုဋ္ဌာ့ပခုံးလေးကို အတင်းဖက်၍ မဲနှိုက်နေတဲ့ စားပွဲထိခေါ်လာသည် ။

တေးသံက မြူးကြွနေ၏။

အားလုံး၏ အကြည့်တို့ က နေကုဋ္ဌာ့ဆီ စုပြုံလာကြ၏။

စကတ်တို့ ကိုယ်ကျပ်ဂါဝန်တို့ လုံးဝ မဝတ်တတ်သော နေကုဋ္ဌာက ဖြူဆွတ်သည့် ဇာအထူဝမ်းဆက်ကို ရိုးရိုးယဥ်ယဥ်လေး ဝတ်ထားကာဂျပန်ဆံထုံးလှလှလေးမှာ စိန်ဆံထိုးတွေ ထိုးစိုက်ထား၏။

တစ်ကိုယ်လုံး ရတနာရောင်စုံလုံးဝမပါဘဲ စိန်တွေချည်းဆင်ထားသဖြင့် တဖျပ်ဖျပ်အရောင်တွေ ထွက်နေသော အဖြူရောင် နှင်းပွင့်လေးလို နုလှဝင်းစက်နေလေသည် ။“ဒေါက်

တာနေကုဋ္ဌာတဲ့၊ တော်တော်လှတယ်နော်”

“ထိုင်ပဲကြည့်နေချင်တော့တယ် တကယ်”

“ကြည့်ပါလား ... မမလင်း ချွေးမကိုတုန်နေတာ”

လူတွေထဲက အသံမျိုးစုံထွက်လာသည်။

“အားလုံးကျေနပ်ကြပြီနော် ... ကျွန်မကသားလေးရဲ့ မင်္ဂလာပွဲကို ထူးထူးခြားခြားဖြစ်ကျန်ခဲ့ရအောင် ကံစမ်းမဲကို ထည့်ပေးထားပါတယ်၊ အဲဒီကံစမ်းမဲ အစီအစဉ်က ခုတရားမျှတစွာ ပျော်ရွှင်စွာ ပြီးဆုံးသွားပါပြီ”

“ဟုတ်တယ် ... ပြီးသွားပြီ ... တို့တော့ ပစ္စည်းရတာထက် ပျော်လိုက်တာအရမ်းပဲ”

လက်ဝတ်ရတနာရတဲ့ လူတွေက ကိုယ်ရတဲ့ ပစ္စည်း ကိုယ်မြှောက်ကြည့်ရယ်မောနေကြသည်။

အထည်ရသူတွေက ဖြန့်ကြည့်ချင်ပေမယ့် ကောင်းလည်း မကောင်းတတ်တာမို့ မျိုသိပ်ရယ်မောရင်း အထည်အိတ်ကို ခဏခဏဖြုပြကြည့်လို့။

"အခု ... သတို့ သားနဲ့ သတို့ သမီးအတွက် ကံစမ်းမဲသတ်သတ်နှိုက်ပေးမှာ ပါ"

လက်ခုပ်သံတွေ ဆူညံသွားသည်။

အသံကြား၍ အလင်းတိုက်နဲ့ ဟိုနှစ်ယောက် အပြေးအလွှားရောက်လာကြသည်။

"မာမီ ... ကျွန်တော်ရောပါလား"

"ပါတာပေ့ါသားရယ် ... ရော့ ... သားကအရင်နှိုက်"

"မာမီ အထဲမှာ ဘာတွေလဲဟင်"

"ဘာပဲဖြစ်ဖြစ်ပေ့ါ၊ ရဲရဲနှိုက် ဘာကောင်မှ မရှိဘူး"

အားလုံးဝါးခနဲထရယ်ကြသည်။

အလင်းတိုက်က နေကုဋ္ဌာ လက်ဖဝါးလေးကို ဆွဲယူ၍ ချိုင်းကြားမှာ ညှပ်လိုက်သည်။

"လက်က ဘာလုပ်တာလဲ ... အဲဒါ"

လွင်ဦးက အလင်းတိုက်နောက်စေ့ကို ဖတ်ခနဲလှမ်းပုတ်၍ ခပ်ကျိတ်ကျိတ်အော်သည်။

အလင်းတိုက်က ဟဲခနဲရယ်၍ ...

"ငါ့အသည်းက နုနုလေးကွ ဒီမှာ ရင်တွေခုန်နေတယ်"

ရယ်သံတွေ ထွက်ကြပြန်သည်။

နေကုဋ္ဌာတောင်မှ ရှိထားသည့်ပူပန်မှုတွေကို မေ့လျော့ကာ ကြည်နူးသွားမိလေသည်။

လူတွေအားလုံးက ပြန်ထွက်လာမည့် အလင်းတိုက်လက်ကို အာရုံစူးစိုက် ကြည့်လိုက်ကြသဖြင့် ရုတ်တရက်တိတ်ကျသွားသည်။

အလင်းတိုက်က ဥုံဖွဟု ရေရွတ်ကာ လက်ကိုပုံးထဲက ဆွဲထုတ်လိုက်သည် ။

အပြာရောင်ကတ္တီပါ ဘူးလေးပါလာသည် ။

“မြန်မြန်ဖွင့်ကွ”

“နေ … ဖွင့်မလား”

အလင်းတိုက်က နေကုဋ္ဌာ့ရှေ့မှာ ထိုးပေးသည် ။

“ဟင့်အင်း … လင်းပဲဖွင့်ပါ”

“ကဲ … သည်းမနေနဲ့ ကွာ၊ ကြည့်ချင်လှပြီ”

“ဖွင့်ပါပြီကွာ …”

အထဲမှာ နီစွေးသော ပတ္တမြားလည်ဆွဲကြီးက တဖျပ်ဖျပ်ခါလျက် အားလုံးဟယ်ခနဲဖြစ်ကာ လက်ခုပ်သံတွေ ဆူညံသွားသည် ။

ဒေါ်လင်းလင်းမြင့်က အသံထွက်အောင်ရယ်နေ၏။

“ဟော့ကောင် … မင်းပေါက်တာ မင်းလည်ပ င်းမှာ ဆွဲ လိုက်လေ။ ငါတို့ရှောက်သီးဆေးပြားသွားရောင်းရအောင်”

အလင်းတိုက်က ရယ်၍ …

“ဘာဖြစ်လဲ၊ ငါ့မိန်းမကို ဆွဲပေးမှာ ပေါ့”

“အို … လင်းကလည်း ”

“ဟုတ်တယ်လေ သမီး:ရဲ့ ၊ သားရတာ သမီးအတွက်ပေါ့”

အလင်းတိုက်က နေကုဋ္ဌာ့လည်တိုင် ဖွေးဖွေးလေးမှာ စိန်ကုံးတွေပေါ်ကထပ်၍ သေချာဆွဲပေးလိုက်သည် ။

ဆွဲပေးနေရင်း နေကုဋ္ဌာ နားရွက်ဖျားလေးကို ငုံ့နမ်း၏။

ဒါမျိုးဆို ဓမ္မတို့ က လျင်ပြီးသား။

“ဟော့ … ကောင်မလေးကို ဘာလုပ်တာလဲ

”

အားလုံးဝိုင်းရယ်ကြတော့ အလင်းတိုက်ရော နေကုဋ္ဌာပါ မျက်နှာလေးတွေ နီမြန်းမြန်းနှင့်။

“နမ်းတာပဲကွာ၊ နားရွက်ကိုနမ်းရသလား၊ ဒီမှာ ဒီကိုလာကင်မရာမင်း ...”

ဓမ္မက ဗီဒီယိုကင်မရာသမားကို လှမ်းခေါ်လိုက်သည် ။

“သတို့ သားက သတို့ သမီးကို ပခုံးလေးကိုင်ပြီး ပါးကိုနမ်းမယ်”

“ဟာ ... ဟေ့ကောင်”

“ဘာလဲ”

“နေ ရှက်မှာ ပေါ့ကွ”

“ရှက် ရှက် ဒါမျိုးကရှက်နေလေ ပိုလှလေ၊ ကဲ ... လုပ်လုပ် ဟိုမှာ ကင်မရာချိန်နေပြီ”

နေကုဋ္ဌာ ထွက်ပြေးချင်စိတ်ပင်ပေါက်လာသည် ။

ရှက်လိုက်တာ မျက်နှာကိုဖြုတ်၍ တစ်နေရာရာသွားဝှက်ထားချင်တဲ့ အထိ။

"ဟုတ်တယ် ... ဟုတ်တယ် ... သတို့ သားနမ်းပါ"

အလင်းတိုက်က တောင်းပန်ဟန်နှင့် ငုံ့ကြည့်ကာ နေကုဋ္ဌာပခုံးလေး နှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည် ။

"အို"

မီးရောင်တွေ တဖျပ်ဖျပ်လက်သွားသည် ။

ဗီဒီယိုကင်မရာက အနီးကပ်ချိန်၍ သေသေချာချာရိုက်ယူ၏။

လက်ခုပ်သံတွေ ဆူညံနေတာမစဲနိုင်။

ဒေါ်လင်းလင်းမြင့် မျက်နှာမှာ ကျေနပ်ပြီး

တို့ ဝေနေ၏။

သားဇွတ်တရွတ်ရအောင်ယူခဲ့တဲ့ မိန်းက လေးဟာ ဒေါ်သီတာစမ်းရဲ့ ညီမဖြစ်သည့်အပြ င် ဆရာဝန်မကလေးဖြစ် အသက်ချင်းလည်း သိပ်ကွာလှတာမဟုတ်ဘဲ ရုပ်ရည်လေးက ရွှေ လိုဥနေသူလေး။ ဘာဆိုဘာမှ ပြောစရာမရှိသူ ။

သူ့မှာ အဆိုးထဲကအကောင်းဖြစ်လာခဲ့တာ ကို ဝမ်းသာလို့ မဆုံး။ နောက်ဆုံး နေကုဋ္ဌာဆို တဲ့ မိန်းကလေးသည် သားရဲ့ ဇွတ်တရွတ်ဆန် မှုကို လိုက်လျောခဲ့ရသည် ဆိုသော်လည်း ...

မောက်မာရိုင်းပြခြင်းမရှိ။

နူးညံ့သိမ်မွေ့ကာ သူ့ကိုခေါ်သည့် 'အမေ' ဆိုတဲ့ အသံလေးကိုပဲ ဒေါ်လင်းလင်းမြင့် သ ဘောကျနေမိတာဖြစ်သည် ။

သို့သော် အုပ်ထိန်းသူမရှိတော့သည့် နေကု

ဋ္ဌာ့ခမျာ မေရီတို့ မိသားစုရဲ့ အထင်လွဲမှားခြင်း ခံရကာ အားငယ်နေရှာတာကိုလည်း ဒေါ်လင်းလင်းမြင့် သိသည်။

ဒါ့ကြောင့် ချွေးမလေးကို အားမငယ်ရအောင် သူချစ်တာ၊ အလိုလိုက်တာကို ဘယ်လောက်ထိတန်ဖိုးထားတယ်ဆိုတာအထိ ပြခဲ့ရသည်။

"ကဲ ... ကဲ သားအလှည့်ပြီးပြီ၊ သမီး အလှည့်"

နေကုဋ္ဌာ မော့ကြည့်တော့ အလင်းတိုက်က ပခုံးလေးကို ဖွဖွဖယ်၍ နှိုက်ဖို့ မေးဆတ်ပြသည်။

အားလုံးအကြည့်တွေ နေကုဋ္ဌာ့လက်ဆီ စုပြုံသွားပြန်သည်။

ဘာရယ်မဟုတ်ဘဲ ရင်လေးခုန်လျက် နေကုဋ္ဌာ စမ်းမိသည့် ဘူးလေးကိုပဲ ကိုင်၍ ဆွဲထု

တ်လိုက်သည် ။

"ဖွင့်လိုက် ... သမီး"

ဘူးထဲမှာ စိန်မြရံသော လက်စွပ်တစ်ကွင်း ...။

ကွင်းက ကွင်းကျယ်မို့ ယောကျ်ားလက်နဲ့ မှ တော်ပေမည်။

"ကဲ ... အဲဒါကို သမီးက သားကိုဝတ်ပေး လိုက်လေ"

"ကြည့်စမ်း ...နှစ်ယောက်နှိုက်လိုက်တဲ့ ပ စ္စည်းတွေက အတော်လေးတွေနော်"

"ဟုတ်ပ့ါ ... သတို့ သားကဆွဲကြိုးရတယ်၊ သတို့ သမီးကလက်စွပ်ရတယ်"

အလင်းတိုက်မျက်နှာကြီးက ချိုအီနေသည် ။

"ကဲ ... မြန်မြန်ဝတ်ပေးပါဗျို့"

နေကုဋ္ဌာ လက်စွပ်ကိုကြည့်၍ စိန်ကိုပလက်တီနမ်နှင့် ကွင်းထားသော စေ့စပ်လက်စွပ်လေးတစ်ကွင်းကို ဖျတ်ခနဲသတိရသွားသည် ။

“ဒီမှာ တွေ့လား ... အဲဒါ ကိုလင်းကိုယ်တိုင် ဝတ်ပေးခဲ့တဲ့ စေ့စပ်လက်စွပ်”

နှ ားထဲ` မှ ာ ဝင်းလက်အသံကဆိုးဝါးစွာထွက်ပေါ်လာ၏။

“နေ ... ဝတ်ပေးလေ”

အလင်းတိုက်က ဘယ်ဘက်လက်ကိုပေး၍ သတိပေးမှ နေကုဋ္ဌာသတိဝင်လာ၏။

စွပ်ချလိုက်တော့ လက်စွပ်သည် အလင်းတိုက်ရဲ့ လက်သူကြွယ်မှာ အံဝင်ခွင်ကျဝင်သွား၏ ။

အလင်းတိုက်က နေကုဋ္ဌာ့လက်ဖမိုးလေးကို ပင့်ယူ၍ နမ်းသည် ။

"ဟာ ပြောင်းပြန်တွေဖြစ်ကုန်ပြီ အလင်းတိုက် ဘယ့်နှယ် မင်းကချည်းပဲနမ်းနေရတာလဲ၊ အဲဒါ မနေကနမ်းရမှာ "

တိုက်တွန်းကြ အော်ကြဟစ်ကြနှင့် ဆူညံသွားကြပြန်သည်။

မတတ်သာတဲ့ အဆုံး နေကုဋ္ဌာ အလင်းတိုက်လက်ကို ငုံ့နမ်းလိုက်ရသည်။

လက်ခုပ်တွေတီးကြ ခတ်ပုံတွေရိုက်ကြနှင့် ရှုပ်ယှက်ခတ်ကုန်ကြပြန်သည်။

နီရဲနေသည့် နေကုဋ္ဌာ့ မျက်နှာလေးကိုကြည့်၍ အလင်းတိုက်က လက်ဖဝါးလေးကိုထွေးဆုပ်ကာ လူအုပ်ထဲကတိုးထွက်လိုက်သည်။

"ဟော့ကောင် ... ဘယ်လဲ"

"ဒီမှာ ... နေ သိပ်ရှက်နေပြီကွ"

ဖြေလည်း ဖြေ ပြေးလည်း ပြေး

"ဟာ ... ပြေးပြီ"

"ဟော့ အလင်းတိုက် သတို့ သမီးဝှက်ရဦးမှာ .. လူလည်မကျနဲ့ နော်"

"ကောင်မလေးကိုပြန်ပေး"

ရုတ်ရုတ်သဲသဲလိုက်လာကြတဲ့ အုပ်စုကြီး ကို အလင်းတိုက်က လွတ်အောင်ပြေးသည်။

တချို့အူနှိပ်ရယ်ကာ ထိုင်ကျန်ခဲ့ကြသည်။

တချို့က ညာသံပေး၍ အခန်းထိလိုက်လာ၏။

"ဖွင့်နော် ... ဖွင့်နော် မဖွင့်လို့ ကတော့ လုံးဝအိပ်မရအောင် ဒုက္ခပေးပြီမှတ်"

"ဒိုး ... ဒိုး"

"ဟော့ .. ခဲဖိုးပေးကွ"

နေကုဋ္ဌာ့ကို ရင်ခွင်ထဲမှာ မြုပ်နေအောင်ဖက်ထားသော အလင်းတိုက်က ပါးစပ်ပိတ်၍ တခွိခွိရယ်နေသည်။

"ဟင်း ဟင်း ဒီမှာ အန်တီရှင်းပေးလို့ နော် ... တွေ့မယ်"

ကြိမ်းဝါးခြင်းအမျိုးမျိုးပို့လွှတ်၍ တစ်အောင့်ကြာတော့ အသံတွေတိတ်သွားသည်။

နေကုဋ္ဌာက အတင်းပြန်ရုန်း၏။

"နေကလည်း ကွာ ဘာလို့ ဒီလောက်ရုန်းနေရတာလဲ"

"ဒီအဝတ်အစားတွေနဲ့ တို့ မနေတတ်လို့ ပါ၊ အင်္ကျီသွားလဲမယ်"

"ဘာဖြစ်လဲ ... ဒါ မောင်တို့ အတွက် မင်္ဂလာအိပ်ခန်းပဲ မင်္ဂလာအဝတ်အစားနဲ့ နေတာ ပိုကျက်သရေရှိတာပေါ့"

"တစ်ကိုယ်လုံး ပစ္စည်းတွေက ဝတ်ထားရတာလေးတာပေါ့၊ အဲဒါတွေချွတ်မယ်"

"မချွတ်နဲ့ ၊ နေက ဒီည မနက်က မင်္ဂလာပွဲမှာ ထက်ပိုလှတယ်၊ မောင့်ရင်ထဲက နတ်သက်ကြွေဆင်းပေးတဲ့ နတ်သမီး"

အလင်းတိုက်က ပြောပြောဆိုဆို မွေ့ရာကြီးပေါ်လှဲအိပ်ချလိုက်တော့ နေကုဋ္ဌာက သူ့ရင်ဘတ်ပေါ်မှာ မှောက်လျက်ကလေး။

"လင်း ... ခဏလွှတ်ပါဦး... တို့ .. ရေချိုးချင်လို့ "

"ဘယ်အချိန်ချိုးချိုးရပါတယ်ကွာ ... နေဉာဏ်များ မနေပါနဲ့ "

အလင်းတိုက်က အလျှော့ပေးဖို့ စိတ်ကူးရှိဟန်မတူဘဲ မျက်နှာလှလှလေးကို ဆွဲဖိနို့မ့်ချကာ နမ်းဖို့ ကြိုးစားသည် ။

နေကုဋ္ဌာက အလင်းတိုက်ရင်ဘတ်အပေါ် မျက်နှာအပ်ပစ်ကာ ရှောင်သည်။

"ဟာ ... လူလည်ကျပြီ"

အလင်းတိုက် တံတောင်နှင့်ထောက်ထ၍ နေကုဋ္ဌာ့ မျက်နှာလေးကို အတင်းမော့ယူလိုက်သည်။

"ဒေါက် ... ဒေါက်"

"ဘယ်သူလဲကွာ"

အလင်းတိုက် စိတ်တိုသံနှင့်မေးသည်။

"အစ်ကိုလေး အပြင်မှာ အမျိုးသမီးနှစ်ယောက် ရောက်နေပါတယ်"

"ဘယ်ကအမျိုးသမီးလဲ ဧည့်ခံပွဲကပြီးပြီလို့ ပြောလိုက် ဝါသနာပါရင် အိုးခွက်ဆေးပေးသွားလို့ ... အသုံးမကျတဲ့ကောင်"

"ပြောတယ်အစ်ကိုလေး ... မရဘူး၊ ဒေါက်တာနေကုဋ္ဌာကိုခေါ်ပေးပါတဲ့ မေရီတဲ့ "

"ဟင်"

အလင်းတိုက် ထူးဆန်းသလို အံ့ဩသွားမိသည်။

နေကုဋ္ဌာမျက်နှာ သရဲတစ္ဆေတွေ့သူလို အတင်းကျုံးထ၍ မျက်ဝန်းလေးတွေ ပြူးနေသည်။

အလင်းတိုက်က လက်ဖဝါးလေးကို ဆုပ်ညှစ်၍ ခေါင်းခါပြ၏။

"ဘာမှ နေ စိုးရိမ်မနေနဲ့ ၊ သူတို့ နဲ့မောင့်မှာ ဘာအကန့်မှ မရှိဘူး"

ဧည့်ခန်းထဲမှာ ဝင်းလက်နဲ့ မေရီ။

"ဧည့်ခံပွဲလာတာလား ... မေရီ ... ပြီးသွားပြီ"

အလင်းတိုက်က တည့်တည့်ရွဲ့သည် ။

မေရီ့မျက်နှာ တင်းခနဲဖြစ်သွားသည် ။

လက်ထဲမှာ ကိုင်လာသည့် လက်ဖွဲ့ဘူးကို နေကုဋ္ဌဆီအရောက်လာ၍ လက်ထဲထည့်ပေး၏။

"မေရီတို့ ညှော်ခံပွဲလာတာ မဟုတ်ပါဘူး၊ သိပ်အရေးကြီးတဲ့ ညှော်သည် က ဒီလက်ဖွဲ့မဖြစ်မနေ ပို့ခိုင်းလို့ လေးလေး ခုဖွင့်ကြည့်ပါ"

"လက်ဖွဲ့ဆိုရင် တို့ နဲ့ လည်း ဆိုင်တယ်ပေး ... တို့ ဖွင့်မယ်"

အလင်းတိုက်က ဆတ်ခနဲဆွဲယူကာ စက္ကူတွေကို ခပ်ကြမ်းကြမ်းဆွဲခွာပစ်လိုက်သည် ။

အထဲက စက္ကူဘူးက အနက်ရောင်။

မဖွင့်ရသေးဘဲ ဒေါ်သက ထောင်းခနဲဖြစ်သွား၏။

ဒါသက်သက်လုပ်လာတာ။

"ဆက်ဖွင့်ပါ ကိုအလင်းတိုက်၊ ဒါရှင်လည်း သိကိုသိရမယ့်ကိစ္စပဲ"

အနားမှာ ကျောက်ရုပ်လေးလို ရပ်နေသည့် နေကုဋ္ဌာ လက်ဖျားတွေ အေးစက်ကျင်ခဲလာ၏။

သူလုံးဝမထင်မှတ်သော လုပ်ကြံမှုတွေနှင့် စတင်တိုက်ခိုက်လာခဲ့ပြီ။ တည့်တည့်ဝင်တိုး လိုက်ရမလား၊ ဒူးထောက် အရှုံးပေးရမှာ လား၊ ဒါမှ မဟုတ် ဓားကိုဓားချင်း လှံကိုလှံချင်းနဲ့ စစ်ဖြစ်ရမှာ လား။

ဘူးနက်ထဲမှာ သွေးရောင်လွှမ်းနေသော စာအိတ်တစ်လုံး ဒေါသကြောင့် အလင်းတိုက် လက်တွေ တုန်ခါလာ၏။

အဲဒီ အနီရောင်အိတ်ထဲမှာ မှ စာအိတ်ဖြူ တစ်လုံး ထပ်ရှိနေသေးသည် ။ စာအိတ်ဖြူကို

ဆွဲထုတ်လိုက်တော့ နိုင်ငံတံဆိပ်အပြည့်အစုံနှ
င့် ပို့စာတစ်စောင်ဖြစ်နေသည် ။

ခေတ္တဂျပန်

ကိုကို

ဟု တစ်ဖက်မှာ ရေးထားသည် ။

တစ်ဖက်တွင် မိုးကုတ်လိပ်စာ အပြည့်အစုံနှ
င့်

အောက်မှာ

ဇနီး

နေကုမ္မာသို့ ဟု ပါလေသည် ။

အလင်းတိုက်တစ်ကိုယ်လုံး လေထဲမှာ မြော
က်ကြွပါသွားသည့်နှယ်။

စူးရဲသောအကြည့်တို့ သည် မေရီနဲ့ နေကု
မ္မာ့ဆီသို့ မြားတွေပစ် လွှတ်လိုက်သလို ခံစား

လိုက်ရသည်။

မေရီက လက်ပိုက်၍ ခပ်မိန့်မိန့်ရယ်သည်။

“ကိုယ့်မှာ မပြတ်စဲရသေးတဲ့ ကာမပိုင်ယောက်ျားတစ်ယောက်လုံး ရှိနေသေးတာတောင် လေးလေးက မင်္ဂလာပွဲကြီး အကြီးအကျယ် ကျင်းပရဲသေးတယ်နော်”

“မေရီ ...”

နေကုဋ္ဌာ ရှက်ရွံ့ချောက်ချားစွာ လှမ်းတားလိုက်မိသည်။

ဝင်းလက်က မေရီ့ဘေးမှာ လာရပ်ကာ ...

“ဘာ ခုမှ ပိတ်ဆို့ဖို့ ကြိုးစားတာလဲ၊ လေးလေးက ဝင်းလက်ကိုအရှက်ခွဲခဲ့ပေမယ့် ဝင်းလက်တို့ က ဒီစာကို မင်္ဂလာပွဲပြီးတဲ့ အထိ စောင့်ပေးခဲ့တာ အဲဒါသဘောထားကြီးလိုက်တာပဲ”

ဝင်းလက်က အလင်းတိုက်ကို ဆတ်ခနဲလှ ည့်ကြည့်ကာ …

"ရှင်ကတော့ သိပ်လှတဲ့ မိန်းမကို ရတယ် ဆိုပြီး ပျော်နေမှာ ပဲနော် ကိုလင်း၊ ဟင်း ဟင်း ဒါပေမဲ့ ရှင်ခံလိုက်ရပြီ၊ သူ့ယောက်ျား ပြဿနာ လာရှာရင် ရှင်ခံရတော့မှာ ၊ အားလုံးအရှက်ကွဲ ကုန်တော့မှာ အဲဒါ ဘယ်လိုလုပ်ကြမလဲ"

"တော် … တော် မင်းပါးစပ်ကို ခုပိတ်လိုက် ပါ .."

အလင်းတိုက် နေကုဋ္ဌာ့ မျက်နှာကိုတည့်တ ည့်ကြည့်ပြီး ပြော၏။

"ဒီစာနဲ့ သူတို့ ပြောတာ တကယ်ဟုတ်သ လား"

ဘုရား …ဘုရား

နေကုဋ္ဌာ ခေါင်းထဲတွင် မူးမူးမိုက်မိုက်ဖြစ်

လာသည် ။

တစ်ကိုယ်လုံးပွင့်ကွဲ ထွက်မတတ်ဆောင့်တိုးနေသော နှလုံးသွေးက ဦးနှောက်ထိတိုးတက်၍ အာရုံတို့ က ဝေဝါးသွားလိုက် မှောင်မဲသွားလိုက်။

"ပြော လိုက်လေ လေးလေး ... လေးလေး သတ္တိမရှိဘူးလား၊ ဒီကိစ္စကြီးကိုဖုံးကွယ်ပြီး ချစ်ဗိမာန်တည်ဆောက်မယ်လို့ စိတ်ကူးထားလို့လား"

ဝင်းလက်က တစ်ထစ်ချင်းဆွပေးနေသည် ။

အဲဒီအတွက် လေးလေး တစ်ခုပြန်ပြီးပေးဆပ်ပါ။

ကိုလင်းနဲ့ လေးလေးပျော်ပျော်ကြီး လက်တွဲသွားကြမှာ ကို ဝင်းလက် မမြင်ချင်ဘူး။

အားလုံးကိုပြန်တွေး၍ နေကုဋ္ဌာ သဘော ပေါက်သွားသည်။

နေကုဋ္ဌာဆိုတဲ့ မိန်းမဟာ ပျော့ညံ့စွာကတိ ပေးပြီးခဲ့တဲ့ မိန်းမတစ်ယောက်အဖြစ် ပြောသ လိုစေသလို လုပ်ကိုလုပ်ရတော့မှာ ကို အပိုင် တုပ်၍ သူတို့ ရောက်လာကြခြင်းဖြစ်သည်။

သာယာမှုထဲမှာ ပျော်ဝင်စပြုခဲ့ပြီဖြစ်သော နှလုံးသားက အမုန်းတရားကို လက်တကာ ကာနှင့် ငြင်းဆန်နေသော်လည်း

"နေ ... မောင် နေပြောတာကိုပဲကြားချင် တယ်၊ ဒါတွေဟာ သက်သက်လုပ်ကြံတာ မဟု တ်လား၊ မောင့်နှလုံးသားကို မလိမ့်တပတ် လု ပ်ဖို့ လာကြိုးစားရင် မောင်ဘယ်သူ့ကိုမှ ခွင့်လွှ တ်မှာ မဟုတ်ဘူး "

အလင်းတိုက်အသံက အံကြိတ်၍ ဆိုသည် မို့ အေးစက်ပြတ်တောက်နေသည်။

"မလိမ့်တစ်ပတ် ဘယ်ကမလဲ၊ ဒါ... ယုတ်မာတာပဲ"

"ဝင်းလက် မင်းတို့ ကိစ္စပြီးရင် ပြန်ပါ"

"အို ... မပြန်နိုင်ပါဘူး၊ ဝင်းလက်တို့ မရှိတဲ့အခါ သူက မဟုတ်ပါဘူးငြင်းပြီး ဘူးကွယ်တော့ဘယ်လိုလုပ်မလဲ၊ ဝင်းလက်ကတော့ ရှင်းရှင်းပဲ၊ လေးလေးက ဝင်းလက်ထက်ဘာမှ မသာဘူး၊ ဝင်းလက်ချိန်ရွယ်တဲ့ ယောကျ်ားတစ်ယောက်ကို ဝင်လုသွားတဲ့ မိန်းမဟာ ဝင်းလက်ထက် အဆပေါင်းများ စွာ ယုတ်ညံ့သေးသိမ်တဲ့ မိန်းမဆိုတာ ရှင့်ရှေ့မှာ သိအောင်ပြကိုပြရမယ်၊ လေးလေး ဒီစာဟာ လေးလေး ယောကျ်ားဆီကစာပါဆိုတာ ဝန်ခံလိုက်ပါ"

နေကုဋ္ဌာ မျက်ရည်ပြည့်အိုင်သော မျက်ဝန်းများ နှင့် ဝင်းလက်ကို စူးစိုက်ကြည့်သည် ။

လှုပ်ခတ်နေသော
မျက်တောင်ရှည်နှစ်လွှာကြားမှာ ပြိုကျအံ့ဆဲဆဲမျက်ရည်များက ဝင်းခနဲလက်ခနဲ အရောင်တွေထွက်နေ၏။

"ဟုတ်တယ် တို့ မှာ ယောကျ်ားရှိခဲ့တယ်၊ သူပြောတာ အမှန်ပဲ"

ယတိပြတ် ပြောချလိုက်သည်။

"ဘာ"

အလင်းတိုက် တစ်ကိုယ်လုံးတုန်ခါသွားသည်။

ဆတ်ခနဲလှဲ့ပစ်လိုက်သော နေကုဋ္ဌာ့မျက်ဝန်းမှ မျက်ရည်နှစ်စက်လွင့်ကျသွား၏။

"ဟားဟား"

ဝင်းလက်ရဲ့ ရယ်သံခပ်အုပ်အုပ်က ညရဲ့တိတ်ဆိတ်ခြင်းမှာ ကျယ်လောင်စွာ။

*

## အခန်း (၃၁)

"နေ ... နေ ခဏနေဦး"

"ဟင့်အင်း ... ဖယ်"

နေကုဋ္ဌာ အခန်းထဲပြေးဝင်ကာ အတင်းတံခါးပိတ်ဖို့ ကြိုးစား၏။

အလင်းတိုက် ဇွတ်တိုးဝင်ကာ နေကုဋ္ဌာ့ ပခုံးနှစ်ဖက်ကို သူ့ဘက်အတင်းဆွဲယူလိုက်သည်။

"နေ ဘာဖြစ်လို့ မဟုတ်တာကို ဟုတ်တယ်လို့ ပြောရတာလဲ မောင်သိတယ်၊ ဒါသက်သက်ဝင်းလက်လုပ်ကြံတာ ဘာဖြစ်လို့ နေ သတ္တိမရှိတာလဲ၊ မင်း တစ်ခွန်းငြင်းလိုက်တာနဲ့ မောင်

သူတို့ အားလုံးထောင်ကျသွားအောင် လုပ်ပစ်လို့ ရတယ်”

“ဟုတ်တယ် ဟုတ်နေလို့ မငြင်းတာ ... မင်းနဲ့ လက်ထပ်ဖြစ်တော့မှာ မို့ ပြီးတော့ ဒါတွေပြီးခဲ့ပြီထင်လို့ တို့ ဘာမှ မပြောခဲ့တာ”

“ဒါဆို အဲဒီကောင်က နေ့ကို ဘာဖြစ်လို့ ထားခဲ့တာလဲ၊ ဘာဖြစ်လို့ ကွဲနေတာလဲ ... မောင်ယုံအောင် နေပြောကွာ၊ ဒီကိစ္စ မောင်လုံးဝမယုံဘူး ...”

“တို့ ငယ်တဲ့ အချိန်က စိတ်ရူးထပြီး သူနဲ့ ခိုးပြေးခဲ့တာ အချစ်မပါတော့ မမြဲခဲ့ဘူး”

အလင်းတိုက် အံကိုကျိတ်ခနဲ ကြိတ်ပစ်သည်။

နေကုဋ္ဌာ့ကိုလွှတ်ကာ ကမူးရှူးထိုးခြေလှမ်းများ နှင့် ခေါက်တုံ့ခေါက်ပြန်လျှောက်နေပြီး စားပွဲကို

လက်သီးနှင့်ဒုန်းခနဲ ထိုးချလိုက်၏။

“အသားအနာမခံပါနဲ့ လင်း ... မင်း ပေါက်ကွဲချင်နေတယ် မဟုတ်လား ... မင်းကို လှည့်စားခဲ့တာကတို့ လေ၊ မင်းပဲ မင်းနှလုံးသားက လှည့်စားမခံဘူးဆို ... တို့ ကို အပြစ်ပေးပါ ... မင်းကြိုက်သလို လုပ်ပစ်လိုက်စမ်းပါ”

နေကုဋ္ဌာက အလင်းတိုက်ရှေ့မှာ သွားရပ်၍ တတွတ်တွတ်ပြောသည် ။

အလင်းတိုက်က ခပ်စူးစူးပြန်ကြည့်ကာ တက်ခေါက်၍ ချာခနဲကျောခိုင်းပစ်သည် ။

“မင်းဘာပြောပြော ဒီကိစ္စကို မောင်ယုံမယ်လို့ ထင်သလား နေ ... မောင် ဒေါသဖြစ်နေတာ မင်းလိမ်နေတာကို”

“ မဟုတ်ဘူး ”

“တော်ပါတော့နေ ...

မင်းတကယ်အဲဒီလိုဖြစ်ခဲ့ရင် ... မောင်ဖွတ်လိုက်ခဲ့တုန်းက မင်းမပြောဘဲနေမလား ... ငါ့မှာ မကွာရှင်းရသေးတဲ့ ယောကျ်ားရှိတယ် ... မင်း မကြိုးစားနဲ့ လို့ နေ ဘာဖြစ်လို့ မပြောခဲ့တာလဲ ”

နေကုဋ္ဌာ ဆွံ့အသွားသည် ။

“မောင် စိတ်ပျက်လက်လျှော့သွားအောင် အဲဒီတုန်းကနေ ခါးခါးသီးသီး ခွာထုတ်ချင်တဲ့ ဟာ မဟုတ်ဘူး လား”

အလင်းတိုက်က နေကုဋ္ဌာ့ တစ်ကိုယ်လုံးကို စူးစူးရဲရဲ စိုက်ကြည့်သည် ။

“နေ ညာခဲ့တာပါလို့ တစ်ခွန်းထဲပြောပါနေရယ် ... မောင် ဘာမှ ထပ်မမေးဘူး နေ့ကိုမောင်ယုံတယ် ... မောင့်ကိုအသည်းကွဲအောင် မလုပ်ပါနဲ့ ”

နေကုဋ္ဌာ့ နှလုံးသားတို့ ဆတ်ဆတ်ခါလျက်

မျက်ရည်စက်တွေ အဖြစ်သွန်ကျလာ၏။

"နေ"

"အို ... ဖယ်"

ထိကိုင်လာသည့်လက်တွေကို ခါးခါးသီး သီး ပုတ်ထုတ်ပစ်၍ နေကုဋ္ဌာ ရှိုက်ကြီးတငင်ငို ချလိုက်သည် ။

တစ်နည်းတစ်ဖုံပတ်သက်ခဲ့သည် သာဖြစ် သော ကိုယ့်အပြစ်တွေကို စင်ကြယ်အောင် ဆေးကြောဖို့ နှလုံးသားကိုစတေးမှ ဖြစ်မည်။

ကိုယ့်ကြောင့် ကြွေလွင့်ခဲ့ကြရသော အသ က်နဲ့ နှလုံးသားတွေအတွက် ကိုယ့်ဘက်က ဒီ လောက်တော့ ပေးဆပ်ထိုက်ပါသည် ။

"မင်းကို တို့ ပေါင်းသင်းဖို့ စိတ်မသန့်တော့ ဘူး၊ တို့ ဖုံးကွယ်ထားခဲ့တဲ့ ကိစ္စလည်း ခုပေါ်ပြီ သူလည်း လာနှောင့်ယှက်တော့မှာ ပဲ အဲဒီ

တော့ မင်းတို့ ကို မထိပါးဘဲ လွတ်လပ်စွာနေခွ
င့်ပေးပါ လွှမ်းတာကို နှာတာနဲ့ ထိုးပြီး ကွာရှင်း
ပေးဖို့ ထိ စဉ်းစားပေးပါ”

“ဘာ ... ဘာပြောတယ်”

အလင်းတိုက် ဒေါသတကြီးရောက်လာသ
ည်။

“မောင့်ကို နေက ကစားစရာအရုပ်လိုသ
ဘောထားနေသလား၊ ဒီမှာ နေ မင်းကိုလုံးဝ
ကွာရှင်း ပေးဖို့ မပြောနဲ့ မျက်စိအောက်က
တောင် အပျောက်မခံနိုင်ဘူး၊ အဲဒီ ကိုကိုဆိုတဲ့
ကောင်ဟာ ပါးစပ်ထဲက တွေ့ကရာနာမည် တ
စ်ခုခုပဲဖြစ်ဖြစ် ... တကယ်ပဲရောက်လာလာ
မောင် ရင်ဆိုင်မယ်၊ မင်းအပျိုဘဝနဲ့ လက်ထပ်
ခဲ့တာ မင်းဘဝ ဘာဖြစ်ခဲ့ဖြစ်ခဲ့ မောင်ဂရုမစို
က်ဘူး”

အလင်းတိုက်က ပြော၍ နေကုဋ္ဌေမျက်နှာ

ကို ငုံ့ကြည့်သည်။

"တကယ်ရောက်လာရင်တောင် မောင်ယုံ လောက်စရာရှိမှ ယုံမှာ သူများ ပစ္စည်းမှန်ရင် မင်းငိုစရာမလိုပါဘူး၊ အေးဆေးထည့်ပေးလိုက်မယ် အေး မဟုတ်ဘဲ မောင်အလိမ်ခံနေရတာ ဆိုရင်တော့ အဲဒီတစ်မျိုးလုံးကို သွက်သွက်ခါအောင် မွှေ့ယမ်းပစ်မယ်မှတ်"

တံခါးကို ဂျိန်းခနဲဆောင့်ဖွင့်ကာ အလင်းတိုက် ဒေါသတွေကို မြတ်နိုးစွာဖက်တွယ်၍ ထွက်ခွာသွားလေသည်။

နေကုဋ္ဌာ အိပ်ရာထက်ပြေးမှောက်ချကာ တအားငိုချပစ်လိုက်သည်။

လင်းရယ် တို့ နဲ့ ပတ်သက်မိတဲ့ လူတွေဟာ ဘာဖြစ်လို့ သူတို့ နဲ့ ဖြစ်ပျက်ခဲ့ပြီးသားတွေ ဖြစ်နေရတာလဲ။

တရားခံဖြစ်လာတဲ့ အပြစ်တွေ တို့ အပေါ်စု

ပုံကျနေတာ လင်းသိရဲ့ လား။

နေ ... ဘယ်သူ့ကိုမှ မမြှုဆွယ်ဘူး လုလည်း မလုခဲ့ဘူး။

သူတို့ ဘယ်လိုမှ မယုံကြဘူး။

အဲဒါ နေ သက်သေပြချင်တယ် နေ့ကိုမှန်းဖို့ ကြိုးစားပါ လင်းရယ်။

ရှိုက်သံများကို အပြင်ကကြားနေရလျက် အလင်းတိုက် အံကြိတ်တင်းထားနေရသည် ။

မျှော်လင့်ထားခဲ့ပါသော မင်္ဂလာဦးညသည် ရှိုက်သံများ ထုံမွှမ်းလျက်။

*

# အခန်း (၃၁)

"အစ်ကိုလေး ... အစ်ကိုလေး"

အတင်းလာလှုပ်နေသည် မို့ ကျိန်းစပ်ဖန် တွတ်နေသော မျက်လုံးတွေကို ဖွင့်လိုက်ရသည်။

"ဘာလဲ"

"အပြင်မှာ ကြီးကြီးရောက်နေတယ်"

"ဟင်"

အလင်းတိုက် ဖျတ်ခနဲထကာ ဆိုဖာပေါ်မှ အပုံလိုက်ကျန်ခဲ့သည့်စောင်ကို ပြန်ကောက်ယူလိုက်သည်။

"ငါ့ကိုမေးရင် မထသေးဘူးလို့ ပြောလိုက်၊ နေ ဘယ်မှာ လဲ"

"မမ အပေါ်ထပ်မှာ ထင်တယ်"

"သွားခေါ်ပေးလိုက်"

အလင်းတိုက် နှစ်ယောက်အိပ်ခန်းထဲဝင်ကာ စောင်ကိုအိပ်ရာပေါ်ပစ်တင်၍ မျက်မှောင်ကုတ်ထားရင်း စိုက်ကြည့်နေမိသည် ။ နေညက ဒီမှာ မအိပ်ဘူးလား။ အိပ်ရာသည် ပုံမပျက် ။ အိပ်ထားသည့်ပုံစံကို လုံးဝမရှိ အမှတ်တမဲ့ မျက်လုံးရွှေ့ကြည့်လိုက်တော့ အခန်းရဲ့ ဒေါင့်မှာ သင်ဖျူးလိပ်လေးထောင်ထားတာ တွေ့သည် ။

စောင်ခေါင်းအုံးအပိုတွေ ထည့်ထားသည့် ဗီရိုကြီးက ခပ်ဟဟ သော့တန်းလေးနှင့် အလင်းတိုက် သဘောပေါက်သွားသည် ။

သူလေးတွဲ့စွာသွား၍ အိပ်ရာဘေးစွန်းမှာ

ထိုင်ချလိုက်သည် ။ ဖြစ်ခဲ့သမျှတို့ ဟာ အိပ်မက်မက်သွားခဲ့တဲ့ အတိုင်း။

ဒါတွေဟာ အိပ်မက်တွေပဲဖြစ်ပါစေ။

ရှေ့ဆက် ဘာတွေဖြစ်လာဦးမှာ လဲ။

နေ သူ့ကို ဘာတွေတောင်းဆိုလာဦးမှာ လဲ ။

သေချာပြီးသားတစ်ခုကတော့ နေ့ကို သူဘယ်လိုမှ မုန်းနိုင်မှာ မဟုတ်တာဖြစ်သည် ။

ဘယ်လိုပုံစံနဲ့ ပဲဖြစ်ဖြစ် နေဟာ သူ့ရင်ခွင်ထဲမှာ ပဲ ရှိနေရမည် နေ့ကို အလင်းတိုက်လုံးဝ စွန့်လွှတ်မပေးနိုင်ပါ။

ဖြစ်တည်ခဲ့သော အချစ်ကိုက စွန့်လွှတ်အနစ်နာခံဖို့ မဟုတ်။

ဟနေသော တံခါးက ရုပ်ခနဲပွင့်သွား၏။

နေ ကုဋ္ဌာ့လက်ထဲမှာ ဝီစကီပုလင်းကတစ်

ဖက် ဖန်ခွက်ကတစ်ဖက် တစ်ယောက်ကိုတစ်ယောက် အတန်ကြာစိုက်ကြည့်နေကြ၏။

"မင်းထသွားရင် ဒါတွေကို တစ်ခါတည်းသိမ်းသွားဖို့ ကောင်းတယ်"

ရင်ထဲမှာ အောင့်သွား၏။ ညကအရက်တွေ သောက်သလား။

ဘာဖြစ်လို့ သောက်တာလဲ ဘာညာ နေ ပြောဆိုခြင်းမရှိ။

"ဒါတွေ အမေမြင်သွားပြီး ဟိုမေး ဒီမေး မေးသွားတယ်"

နေကုဋ္ဌာ့မျက်နှာမှာ လုံးဝ နူးညံ့ခြင်းမရှိ။

စတင်မြင်တွေ့ခဲ့တုန်းကအတိုင်း အေးစက်မာကျောလျက်။

"ဒီမှာ လင်း ... အချစ်ကြောင့်အရက်သောက်တယ်ဆိုတာ သိပ်ကိုသိမ်ဖျင်းတယ်နော်၊ အဲ

ဒါ မင်းသိဖို့ တို့ ပြောတာ သဘောကျနေရင် ဆက်သောက်”

နေကုဋ္ဌာ နောက်ပြန်လှည့်သည် ။

“နေ”

အလင်းတိုက် ခြေလှမ်းကျဲများ နှင့် ထသွားကာ တံခါးဝမှာ ပိတ်ရပ်လိုက်သည် ။

“ဆက်သောက်ဖို့ နေပြောတာနော်”

နေကုဋ္ဌာ့မျက်နှာ တင်းခနဲဖြစ်သွား၏။

အတန်ကြာမှ မဲ့မဲ့လေးပြုံးသည် ။

“လူတစ်ယောက်ကို ဟိုဟာမလုပ်နဲ့ ဒီဟာမလုပ်နဲ့ အမိန့်ပေးဖို့ တို့ ဝါသနာ မပါဘူး”

“ကောင်းပါတယ် မင်းဝါသနာပါလာတဲ့ အထိ ဆက်သောက်ရင်းစောင့်မယ်”

အလင်းတိုက် ချာခနဲလှည့်ထွက်သွားသည် ။

နေကုဋ္ဌာ့ မျက်ဝန်းမှာ မျက်ရည်ရောင်တွေ လက်လာသည် ။

သို့သော် မျက်ရည်မကျနိုင်အောင် မျက်တောင်များ နှင့် ပုတ်ခတ်ပစ်လိုက်သည် ။

ဒါလောက်ကို ညည်းတုန်လှုပ်နေရင် ရှေ့ဆက်ဘယ်လိုလုပ်မလဲ။ နှလုံးသားနှင့် ဦးနှောက်တို့ မှာ သတိပေးခေါင်းလောင်းသံများ ဆူညံနေသည် ။

*

## အခန်း (၃၂)

"ဟော လာပါပြီ အသစ်စက်စက် သတို့သား"

ကားသော့ကို ခါးမှာ ချိတ်ခဲ့ပြီး Calling တေးသံ သွင်းထဲသို့ ဝင်လာခဲ့သည် ။

အထဲမှာ မျက်နှာစုံညီရှိနေကြပြီ။

"ကဲ ဒီမှာ နားဆင်စမ်းပါဦး သွင်းထားတဲ့ music လေးတွေ ဘော့စ်ပေါ်မလာလို့ ၊ ဒီမှာ ကျွန်တော်မျိုးတို့ ငုတ်တုတ်ထိုင်နေရတယ်"

အားလုံးသူလာမှ စတူဒီယိုခန်းထဲ ဝင်လာခဲ့ကြသည် ။

"ရွှေစင်ဖြန့်ချိရေး မလဲ့တို့ ကို မဖိတ်ဘူး လား"

"ဖိတ်ထားတယ် ခု ဖုန်းထပ်ဆက်နေပြီ"

"ဦးသိုက်တို့ ကိုတာတို့ ရော"

"ခေါ်နေပြီ"

"နေပါဦး မင်းကလည်း မင်္ဂလာဆောင်ပြီး တာဖြင့် ရှစ်ရက်ရှိပြီ ခုမှ ပဲ ပေါ်လာတယ် မလွ န်လွန်းဘူးလား"

လွင်ဦးက မေးသည်။

ဓမ္မက အကဲခတ်နေ၏။

ငယ်ပေါင်းသူငယ်ချင်းတွေမို့ အလင်းတိုက် မျက်နှာအနည်းငယ်နီ၍ ခပ်အစ်အစ်ဖြစ်နေ တာ ...

မျက်ဝန်းတွေ အရောင်မှဲ့နေတာ ...

ဓမ္မက ဝင်လာကတည်းက အကဲခတ်မိပြီး

သွား။

ဒါကြောင့် လွင်ဦးကိုလက်တို့ ၍ တိတ်တိတ်နေဖို့ သတိပေးလိုက်သည် ။

နေ့လယ်တစ်နာရီလောက်မှာ ဖြန့်ချိရေးထဲက ဖိတ်ထားတဲ့ သူတွေရောက်လာကြသည် ။

အားလုံးတိုင်ပင်ဆွေးနွေး၍ သူတို့ လည်း သဘောကျကြသည် ။

"မမ္မရေ"

"ဟင်"

"ငါတို့ ဒီနွေပေါက်မှာ ပဲ ဗီစီဒီရိုက်ဖို့ ပါမင်းခြေလှမ်းစထားလိုသလောက် ထုတ်ပေးမယ်ကွာ စိတ်ကြိုက်သာလုပ်"

"အေး ငါလည်း အဲဒါပြောမလို့ "

"ဟော့ကောင် ... ငါ့သီချင်း ... ငါသရုပ်ဆောင်မှာ နော်"

သီချင်းရှင် နေ့သစ်က ဒီနေရာမှာ ဟန်ဆောင်ဖို့ သတိမရ။ သူတို့ သူငယ်ချင်းတွေလေ …

“အေးပါ … သိပ်ငတ်ကြီးကျမနေပါနဲ့ မင်းနဲ့ သရုပ်ဆောင်ဖို့ ပွင့်ကိုရွေးထားပြီးသား”

“ဟော့ကောင်”

“ဘာလဲ မကြိုက်လို့ လား၊ ပွင့်က ဝပေမယ့် ချစ်စရာလေးကွ၊ နှာမည်ကြီးကြတဲ့ မော်ဒယ်တွေ မင်းကြိုက်လား၊ ပိန်ကပ်ရှည်မျောကြီးတွေ … ရုပ်တွေလည်း ကြည့်ဦး ဆယ်ယောက်ပြည့်အောင်စောင့်ကြည့်လို့ မှ လှတပတ တစ်ယောက် မပါဘူး”

“ဘာပဲဖြစ်ဖြစ် မော်ဒယ်ဆို ဝါးခြမ်းပြားသာသာပဲ ရှိလည်း ငါကြိုက်တယ်”

“ပြီးရော”

"ပြီးတယ်"

စီးကရက်ကို လွှတ်ချနင်းခြေ၍ အလင်းတို က်ပြုံးလိုက်မိသည် ။

"အလင်းတိုက် "

နောက်က လက်တို့ ၍ လှည့်ကြည့်လိုက် တော့ ခမ္မ။

"အပြင်ဘက်ဧည့်ခန်းခဏသွားရအောင်"

ဧည့်ခန်းထဲမှာ နှစ်ယောက်တည်းထိုင်မိကြ တော့ ခမ္မက တဲ့ တဲ့ စမေးသည် ။

"မင်းနဲ့ နေကုဋ္ဌာ ဘာဖြစ်ကြတာလဲ"

အလင်းတိုက် မျက်နှာလွှဲ၍ ငြိမ်သက်နေသ ည် ။

"မင်း အရက်သမား ရုပ်ပေါက်လာသလိုပဲ"

အလင်းတိုက် ဆက်တီကိုမှီ၍ မျက်နှာကြ က်ကို မော့ကြည့်၏။

"ငါ့ကိုပြောလို့ မဖြစ်ဘူးလား"

"နေ့ကို ငါသိပ်ချစ်တယ်"

"ဟုတ်တယ်လေ ... အဲဒါဘာဖြစ်လဲ"

"ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ် ငါမစွန့်လွှတ်နိုင်ဘူး"

"စွန့်လွှတ်ရဖို့ ဖြစ်နေလို့ လား"

အလင်းတိုက် ဆတ်ခနဲကိုယ်ကိုပြန်မတ်ကာ ခမ္မကို ကြည့်သော မျက်လုံးတွေက ချက်ချင်းနီလာ၏။

"နေ ငါ့ကိုသိပ်ရက်စက်တယ်ကွာ"

အလင်းတိုက် ခမ္မကိုတော့ ကိုယ့်ရဲ့ ကိုယ်ပွားလိုမို့ မချွင်းမချန်ရင်ဖွင့်ပြောပြသည်။

ခမ္မမျက်နှာကြီး မအီမလည်ဖြစ်နေတာ ဖုံးလို့ မရ။

"မင်းက ဒါကို ဘယ်လိုထင်သလဲ"

"ငါ လုံးဝမယုံဘူး ဒါပေမဲ့ နေကိုယ်တိုင် ဟုတ်ပါတယ်ချည်း ပြောနေတယ်"

ခမ္မအတန်ကြာစဉ်းစားနေသည် ။

"ဒီကိစ္စမျိုးက ဂုဏ်ယူဝံ့ကြွားလို့ ကောင်းတဲ့ကိစ္စမျိုးမှ မဟုတ်တာ တကယ်ဟုတ်ခဲ့ရင်တောင် ဖုံးကွယ်ချင်ကြမှာ ပဲ"

"မင်းက ဟုတ်တယ်လို့ ထင်လား"

"ဟုတ်တာ မဟုတ်တာကို လောလောဆယ် မစဉ်းစားဘဲ မေရီ့တို့ ပြောသလို ကိုကိုဆိုတာ တကယ်ရောက်လာခဲ့ရင် ဘယ်လိုဆုံးဖြတ်ကြမလဲ"

"ဘယ်တော့မှ ရောက်လာမှာ မဟုတ်ဘူး "

အလင်းတိုက်လေသံက တိကျပြတ်သားနေသည် ။

"မင်းက ဘာဖြစ်လို့ ပြောနိုင်တာလဲ"

"မဖြစ်နိုင်လို့ ပေါ့ ... နေ အိမ်ထောင်ကျဖူး ခဲ့တာ လုံးဝမဖြစ်နိုင်ဘူး။ အဲဒါသက်သေမပြနို င်ပေမယ့် ငါ့စိတ်က အလိုလိုခံစားမိနေတဲ့ ယုံကြည်မှုပဲ ... အခုဖြစ်နေတာက မေရီတို့ ဘာအကြံနဲ့ ဒီလိုလာနှောက်ခဲ့တာလဲ နေကိုယ် တိုင် ဒါကို ဘာဖြစ်လို့ လက်ခံခဲ့တာလဲ အဲဒါပဲ"

"ဒီကိစ္စကို ငါရအောင်စုံစမ်းပေးမယ်"

ခမ္မကတိပေးသည်။

"မင်းပြောသလို သူတို့ မှာ အကြောင်းရှိခဲ့ လို့ သက်သက်နှိပ်ကွပ်တာဆိုရင် အဲဒီအကြော င်းက မေရီတို့ ကိစ္စပဲ ရှိမှာ "

"ဟုတ်တယ်"

"ဒီကိစ္စတွေ ဘယ်မှ မသိစေနဲ့ ...ငါတိုကျို တ်လှုပ်ရှားမယ်"

အလင်းတိုက် တစ်ယောက်တည်း မျိုသိပ်ခံစားနေရသည့် ဝေဒနာအစိုင်အခဲက အနည်းငယ် ဖြေသာသလို ဖြစ်သွားသည် ။

ချစ်တဲ့ စိတ်ဟာ မလွယ်ပါလား။

"ဟုတ်တယ်လေ အဲဒါ အမေလာပြောပေးပါနော်"

" … "

"ဟုတ်ကဲ့"

ဖုန်းကိုပုခက်ပေါ်ပြန်တင်၍ ဒီဘက်လှည့်လိုက်တော့ တံခါးဝကို ခြေထောက်တစ်ဖက်ထောက်ကန်၍ အလင်းတိုက်က လက်ပိုက်ကြည့်နေသည် ။

နေကုဋ္ဌာ သူခိုးလူမိသွားသလို အိုးတိုးအမ်းတမ်းလေးဖြစ်သွားသည် ။ ထွက်သွားဖို့ ကလည်း သူကတံခါးဝကို ပိတ်ထား၍ ဘာလုပ်ရမှ

န်းမသိ။

"မာမို့ကို ဘာလုပ်ဖို့ ခေါ်တာလည်း နေ"

"မင်း တို့ ကို တံခါးပိတ်ပြီး အခန်းထဲထည့် သော့ခတ်ထားတာ မခံနိုင်လို့ လေ ... တို့ ကိုယ့်အလုပ်ကိုယ်လုပ်ချင်တယ်"

"မလုပ်ရဘူး ... အစကတည်းက မလုပ်စေချင်တော့တာ အခုပိုသေချာသွားပြီ၊ နေ့ကိုအပြင်ထွက်ဖို့ မောင်လုံးဝ စိတ်မချဘူး"

"အဲဒါ မင်းတစ်ကိုယ်ကောင်းဆန်တာ တို့ တတ်ထားတဲ့ ပညာဟာ လူ့အသက်ကိုကယ်ဖို့ ... ကိုယ့်ပညာနဲ့ လူထုကို အကျိုးပြုချင်တယ်"

"လုပ်မနေနဲ့ ... မင်းနားမှာ ရှိတဲ့ သေအံ့ဆဲဆဲ နှလုံးသား တစ်ခုကိုကျတော့ မင်းကုပေးဖို့ မစဉ်းစားဘူး ... ဒီမှာ ... ဒီထဲက နှလုံးသား ပေါက်ကွဲကြွေမွ ထွက်ကုန်တော့မယ် အဲဒါ မင်း သိလား"

အလင်းတိုက်က သူ့နှလုံးသားနေရာကို ပုတ်ပြ၍ မတ်မတ်ပြင်ရပ်သည် ။

"နေ"

နေကုဋ္ဌာက မော့မကြည့် ...

"မင်းစိတ်ကြိုက် မင်းသဘောကျ မင်းမငြိုငြင်ရအောင် မောင် နေပေးခဲ့တယ်၊ မောင့်သဘောကျ ဒါလေးတစ်ခုကို မင်းလုပ်မပေးနိုင်ဘူးလား၊ မောင့်နားမှာ ငြိမ်ငြိမ်လေး နေမပေးနိုင်ဘူးလား"

"မနေနိုင်ဘူး ... တို့ က သံပတ်ပေးထားတဲ့ စက်ရုပ်လည်း မဟုတ်ဘူး ၊ တို့ ရင်ထဲမှာ လက်ထပ်ပြီးတဲ့ ညကတည်းက လမ်းခွဲကြဖို့ ဆုံးဖြတ်ပြီးသား မင်းနဲ့ တို့ ဘာမှ မဆိုင်ဘူး"

"မင်း မပြောနဲ့ "

အလင်းတိုက်တံခါးကို တအားဆောင့်ကန်

ပစ်လိုက်သည် ။

"မင်း ပြောထားသမျှ မောင်က ယုံမယ်မှတ်နေလို့ လား အေး ... အတိုင်းတာတစ်ခုထိစောင့်ကြည့်မယ်၊ မင်းရဲ့ စိတ်ကူးထဲက မင်းသား ဘယ်နေ့ရောက်လာမလဲဆိုတာ"

"သူလာမှာ မဟုတ်ဘူး ၊ မင်းလွတ်လပ်ခွင့်ပေးတဲ့ နေ့ တို့ ကသူ့ဆီသွားမှာ "

"ဟား ဟား"

အလင်းတိုက်က ခေါင်းမော့ရယ်သည် ။

"သွားချင်နေတာများကွာ ... မင်း မောင်နဲ့ လက်မထပ်ခင်က အချိန်တွေဘာလို့ ဖြုန်းပစ်နေတာလဲ ယောကျ်ားများ စွာရဲ့ တပ်မက်မှုတွေကြားမှာ မင်းသေချင်လောက်အောင် စိတ်ညစ်ခံပြီး ဘာဖြစ်လို့ ညည်းညူနေခဲ့သေးလဲ ... မလိမ်တတ်ဘဲ ညာမနေနဲ့ နေအခု မောင် မင်းကိုခွင့်လွှတ်ထားတာ မင်းနဲ့ မေရီတို့ ရဲ့ ချည်

နှောင်မှုကို မသိသေးလို့ ၊ မင်းရဲ့ ကိုကိုဆိုတာ မောင့်ခေါင်းထဲမှာ လုံးဝမရှိဘူး”

နေကုဋ္ဌာ မျက်လုံးပြူးလေးနှင့် ကြည့်နေသည် ။

အလင်းတိုက် ပြောရင်းမှ၏။

“ဒါပေမဲ့ နှလုံးသားထဲမှာ တဖျစ်ဖျစ်မြည်အောင် နာနေတာတစ်ခုပဲ၊ ဒီအဖြစ်မျိုးကြီးကို မင်း မောင့်ကို ပြောထွက်တာ ညာရက်တာ အိမ်ထောင်ကျခဲ့ဖူးတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ပြီးမှ အိမ်ထောင်ကျခဲ့ဖူးမှန်း သိလိုက်ရတဲ့ ယောကျ်ားတစ်ယောက်ရဲ့ လောင်မြိုက်မှုကို မင်းကိုယ်ချင်းမစာဘူး”

နေကုဋ္ဌာ စိတ်ကိုတင်းပစ်လိုက်သည် ။

“ဒါကတော့ မင်း ဇွတ်တရွတ် ဖန်တီးခဲ့တာပဲ”

"ဟုတ်တယ် အဲဒါယုံကြည်မှုပဲ မင်းကိုယုံကြည်တာလေ။ ဒီလိုယုံကြည်မှုက ခုလည်း ရှိတယ် မင်းဒီလို မိန်းမမျိုး မဟုတ်ဘူး၊ ဒီလိုအဖြစ်မျိုးကို ဖုံးကွယ်ပြီး နောက်တစ်ယောက် လှမ်းမယ့် မိန်းမမျိုး မင်း မဟုတ်ဘူး ဆိုတာ ယုံကြည်နေဆဲပဲ"

အို ... ယုံကြည်ဆဲပဲတဲ့ ။

ထပ်၍ ဘယ်လိုပဲပြောပြော ယုံကြည်ဆဲပါပဲဟု ဆိုသည် ။ အလင်းတိုက် မျက်နှာကို သူမကြည့်ချင်တော့။

ငိုချင်စိတ်သည် လည်း ထိန်းမရတော့။

အလင်းတိုက်ရှေ့က ပြေးထွက်လာခဲ့မိသည် ။

ညတိုင်း တစ်ယောက်တည်း ညဥ့်နက်အောင် အရက်ထိုင်သောက်နေတဲ့ မြင်ကွင်း။

အိပ်ရာကထတိုင်း 'နေ' လို့ အခန်းဝက လာခေါ် အိပ်ရာဝင်တိုင်း တံခါးခေါက်၍ 'နေ' အိပ်ပြီလားလို့ လာခေါ်ပြီးမှ အရက်စားပွဲမှာ သွားထိုင်တာ ...

နေ ညတိုင်းအလူးအလိမ့်ငိုနေရတာ မသိဘူးလား လင်းရယ်။

*

# အခန်း (၃၃)

အရက်ပုလင်းတို့ က လဲတဲ့ ပုလင်းကလဲ၊ ထောင်လျက် ကတချို့၊ အမြည်းကမပါ ရေခဲမ ရော။

"ကျွန်တော်လုပ်ပေးမယ်ပြောတော့ မလုပ်နဲ့ တဲ့ မူးချင်လို့ သောက်တာ အရသာခံဖို့ မဟုတ်ဘူး တဲ့ မမရယ်"

ဝင်းစိုးလည်း မျက်နှာမကောင်းတော့။

စားပွဲပေါ်မှာ မှောက်ခုံကြီးဖြစ်နေသည့် သူ့ကို စိုက်ကြည့်၍ နေကုဋ္ဌာ မျက်ရည်တွေအဆက်မပြတ် သွန်ကျလာသည် ။

"သူ့ကို အခန်းထဲသွားပို့ပေးလိုက် ဝင်းစိုး"

"ဟုတ်ကဲ့"

ဝင်းစိုးက လူကောင်သေးသေးမို့ အလင်းတိုက် ကိုယ်လုံးကြီးကို မနိုင်။

နေကုဋ္ဌာ တစ်ဘက်က ကူဆွဲမှ ပါလာ၏။

အပြာတွင် လဲ့နေသော နှစ်ယောက်အိပ်မွေ့ရာကြီးပေါ်မှာ အသာလှဲချလိုက်သည် ။

ဝင်းစိုးထွက်သွားမှ နေကုဋ္ဌာ ကိုယ့်အိပ်ရာလေးကို အသာလိပ်၍ စာကြည့်ခန်းထဲသို့ တိတ်ဆိတ်စွာပြောင်းလဲခဲ့လေသည် ။

ရှိုက်သံမဲ့သော မျက်ရည်စက်တို့ က ရပ်တန့်မသွား။

တစ်ခါတလေ အရိုက်ခံရတဲ့ လူထက် ရိုက်မိတဲ့ လူရဲ့ ရင်ထဲမှာ ပိုပြီးနာကျင် ကြေကွဲရတယ်ဆိုရင် ယုံမလား။

"ကလင် ... ကလင်"

ဖုန်းသံသဲ့သဲ့ကြားလိုက်ရသည် ။

ဖုန်းက ဧည့်ခန်းထဲကမြည်တာမဟုတ်။

အလင်းတိုက် နိုးသွားမှာ စိုး၍ နေကုဗ္ဗာ က ပျာကယာ ပြန်ထ၍ အိပ်ခန်းထဲဝင်လာခဲ့သည် ။

"လေးလေး"

ဝင်းလက်အသံက မာထန်နေ၏။

"ပြောပါ ဝင်းလက်"

"လေးလေး ကိုလင်းရဲ့ ရင်ခွင်ထဲမှာ ရင်ခုန်ကြည်နူးနေတဲ့ အချိန်တိုင်းမှာ စွန့်လွှတ်ကြေကွဲနေရတဲ့ ဝင်းလက်နှလုံးသားကို လေးလေး သတိရပါ"

နေကုဗ္ဗာ ရင်တစ်ခုလုံး စူးနင့်သွား၏။

"ညတိုင်း ဝင်းလက် အိပ်မရဘူး၊ ဝင်းလက်ရဲ့ ပျော်ရွှင်ခြင်းတွေကို သိမ်းနုတ်လုယူသွားတဲ့

လူနှစ်ယောက် ဝင်းလက်ရဲ့ မျက်ရည်ကြောင်းတွေအတိုင်း စီးမျောပျက်စီးကြပါစေ”

ဖုန်းချသွားပြီ။

နေကုဋ္ဌာ မျက်ဝန်းများ ဝေဝါးရစ်သီလာ၏ ။

သုံးရက်ခြား၍ ရောက်လာတတ်သော ကျိန်စာများ အတိုင်း နှလုံးသားတို့ က တစစတမြွမြွ ဖွဲ့ကြွေလွင့်ပါးလျက် ...

*

# အခန်း (၃၄)

"နေ"

ခါးကိုနောက်ကနေ
သိုင်းဖက်ခံလိုက်ရသဖြင့် နေကုဋ္ဌာ ဆတ်ခနဲဖြ
စ်သွားသည် လက်ထဲက
နှင်းဆီပန်းခိုင်လေးပြုတ်ကျသွား၏။

"နေ့ကိုမောင် ပြောစရာရှိလို့"

"ပြောစရာရှိတာပြောပေါ့ ... လွှတ်စမ်းပါ"

အလင်းတိုက်က ခါးကိုလွှတ်ပေးကာ ပခုံးလေးဖက်၏။

"လာ ... အပြင်သွားမယ်"

အလင်းတိုက်ဆွဲခေါ်ရာသို့ နေကုဋ္ဌာပါလာသည် ။

"ဒီမှာ ကြည့်စမ်း"

နိုင်ငံခြားတံဆိပ်ခေါင်း အပြည့်အစုံနှင့် စာတစ်စောင်။

"ဒက်ဒီ့ဆီကစာ မောင့်မင်္ဂလာဆောင်ကို မလာနိုင်လို့ စိတ်မကောင်းဖြစ်တဲ့ အကြောင်းရေးထားတာ၊ ဒါကြောင့် ဂျပန်ကို ဟန်းနီးမွန်းလာခဲ့ဖို့ ခေါ်တာလေ၊ ပြီးတော့ မောင်နဲ့ ဒက်ဒီဖက်စပ်လုပ်လို့ ဖြစ်အောင် ဟိုမှာ ဒီ့ပြင်လုပ်ငန်းတွေနဲ့ ရော မောင့်ကို ဆက်ပေးမယ်တဲ့ "

အလင်းတိုက် တက်ကြွနေပေမယ့် နေကုဋ္ဌာက မျက်နှာလေးတည်နေသည် ။

"နေ"

"…"

“မောင်တို့ ဂျပန်ကို အလည်သွားရအောင်”

“မသွားချင်ဘူး”

“ဘာဖြစ်လို့ လဲ”

“မသွားချင်လို့ ”

အလင်းတိုက် မျက်နှာတည်သွားသည် ။

“နေ ပိုလိုက်သင့်တာပေါ့၊ ဟိုမှာ ကိုကိုဆိုတာ ရှိတယ်လေ သုံးယောက်တစ်ခါတည်း ဆုံ ရှင်းလိုက်ရင် မကောင်းဘူးလား”

နေကုဋ္ဌာ ဆတ်ခနဲမော့ကြည့်သည် ။

အလင်းတိုက်က ခနဲ့ ပြုံးနှင့်မဲ့၏။

“မောင်ပြောတာသဘာဝမကျဘူးလား”

“မကျဘူး လိုက်လည်း မလိုက်ဘူး မင်းပဲ သွား”

အလင်းတိုက်က ဟက်ခနဲရယ်သည် ။

“နေပဲ မောင်ကမလွှတ်ဘူး၊ ကိုကို့ဆီသွားမှာ ဆို သုံးယောက်ရှင်းပြလို့ မောင်ယုံကြည်ရင် မင်းကိုထည့်ပေးခဲ့မှာ ပါ”

“တော်တော့ လင်း ... ဒါကို ခဏခဏထည့်ပြောပြီး အနိုင်မယူနဲ့ မင်းသာ တို့ ကို အမြန်ဆုံးကွာရှင်းပေးဖို့ စဉ်းစား”

နေကုဋ္ဌာ သူ့ရှေ့က လှည့်ထွက်လာခဲ့သည် ။

ဒါပါပဲ နှစ်ယောက်မျက်နှာချင်းဆုံလိုက်တိုင်း ပဋိပက္ခသည် သာ ကျန်ရစ်၏။ အလင်းတိုက် နေကုဋ္ဌာ့ကျောပြင်လေးကို ငေးကြည့်၍ နှုတ်ခမ်းတွေ တင်းတင်းစေ့နေသည် ။

ကိုယ်ဖန်တီးခဲ့မိတာ
ဒီလိုအိမ်ထောင်ရေးမျိုးလား။

ခါးသီးသောချစ်ခြင်းတို့ က
နှလုံးသားထဲမှာ တစစ်စစ်။

*

## အခန်း (၃၅)

"အစ်ကိုလေး"

ပြန်ထူးသံမကြားတာနှင့် လက်မောင်းကိုမ ရဲတရဲ ကိုင်လှုပ်လိုက်ရသည် ။

"အစ်ကိုလေး"

"ဘာတုံးကွ သွားစမ်း"

အလင်းတိုက် ခေါင်းထောင်လာ၍ အော်ထုတ်သည် ။

"အစ်ကိုလေး သိပ်များ နေလို့ ... ဟို ... ဟို ... ရေ ... ရေခဲလေးရောပြီး ..."

"သွား ... လာမပြောနဲ့ "

ဝင်းစိုး မျက်နှာလေးငယ်၍ ထွက်သွားသည် ။

နေကုန္သွာ အိပ်လို့ မရ။

ညစဥ်ညတိုင်း ထွက်မတားဖြစ်ပေမယ့် သူ အိပ်ရာပေါ်ရောက်မသွားမချင်း ကိုယ့်မှာ အိပ်လို့ မရ။

ဒီလိုသာ ဆက်ကြည့်နေလျှင် အလင်းတိုက် အရက်သမားကြီး တကယ်ဖြစ်သွားတော့မည်။

အိပ်ရာထဲမှ ထ၍ ထမင်းစားခန်းဆီသို့ လှမ်းလာခဲ့မိသည် ။

တံခါးဝရောက်တဲ့ အထိ အရက်မသောက်ပါနဲ့ လို့ ဝင်တားဖို့ ကိုယ့်ဟာကို မဆုံးဖြတ်မိသေး။

“မမ”

“ဟင်”

ဝင်းစိုးကနောက်မှ ခပ်ယို့ယို့ရပ်၍

"အစ်ကိုလေး တကယ့်အပြင်းစားတွေ သောက်နေတာ မနည်းဘူး မမ ... တားပါဦးဗျာ"

နေကုဠာ ဆုံးဖြတ်သည် ။

ဒါဟာ လူ့အသက်ကိုကယ်ခြင်းပဲ။

ကိုယ့်စိတ်ကိုသန့်စင်ပြီးမှ အခန်းထဲဝင်လိုက်သည် ။

အလင်းတိုက် ခေါင်းငိုက်စိုက်ကျနေတာတောင် လက်ထဲက ဖန်ခွက်ကိုမလွှတ်သေး။

"လင်း"

အလင်းတိုက် ရုတ်တရက်မော့မကြည့်။

ဖန်ခွက်ကို ပါးစပ်နှင့်တေ့၍ မောချဖို့ ပြင်၏။

"တော်တော့"

နေကုဋ္ဌာ ဖန်ခွက်ကိုဆွဲယူလိုက်သည် ။

"ဘာလုပ်တာလဲနေ မင်းပဲ ဝါသနာ မပါဘူး ဆို ဘာဖြစ်လို့ လာတားနေတာလဲ"

အာလေးလျှာလေးကြီးနှင့် ပြောနေသည် ။

ပြီးတော့ ပုလင်းကိုလှမ်းဆွဲကာ ဒီအတိုင်း မော့၏။

"လင်း"

နေကုဋ္ဌာ အော်သည် ။

အသံလေးကအဖျားခတ်တုန်လျက် ငိုချ တော့မယ့်အတိုင်း။

"မင်း တော်တော့လို့ ပြောနေတာ မရဘူး လား။ ဒီလောက် ခါးသက်အဝင်ဆိုးတာကြီးကို မျိုချပြီး ရောဂါယူနေရသလား"

"ဟမ်"

အလင်းတိုက်က နေကုဋ္ဌာ ဆွဲယူလိုက်သ

ည့် ပုလင်းကို လက်ညှိုးထိုး၍ ...

"အရက် အရက်ကခါးတယ် ဟုတ်"

စကားသံမပီတော့။

မျက်ကြောတွေကစင်းကျကာ နေကုဋ္ဌာ့ကို မော့ကြည့်၏။

"အရက်ကခါးတယ်လို့ ဘယ်သူပြောလဲ ဟင် ... အေ့ ... အရက်ကမခါးဘူး ... အေ့ ... အရက်ကချို ... တယ် ... အချစ်တွေ ... က ... ခါးတာ ... ဟောဒီရင်ထဲမှာ ... မင်းဝင်ကြည့်စမ်း ... အေ့ ..."

အလင်းတိုက်စိုက်ခနဲ ခေါင်းငိုက်ကျသွားပြီး တော်တော်နှင့် ပြန်မမော့။

"မင်း ... မင်း ပေးတဲ့ ... အချစ် ... အချစ်တွေလေ ... သိပ်ကိုခါးသီးတယ် ... မင်းအချစ်

တွေက ခါး တာ ... ခါးတာ ...”

ခေါင်းကို အားယူပြန်မတ်၍ လက်ဝါးဖြန့်သည် ။

“မောင့် ... အရက်ကိုပြန်ပေးပါ ... မောင့်ကို ပြန်ပေး ...အေ့ ... ပေးပါနေရယ် ... မင်းကို ... တစ်ညလုံး... မေ့ထားပြီး အိပ်လို့ ရအောင် ... သူကဖန်ဆင်းပေးနေတာ ... မောင် ... မင်းကို မနှောင့်ယှက်မိအောင် ... သောက်နေတာ ... ချိုတဲ့ အရက်တွေကို ... မောင် ... မောင်မျိုချပါရစေ .. ရင်ထဲက .. ခါးသက်မှုတွေကို ... မောင် ... ဖြေပါရစေ ... ဖြေပါရစေ ... ပေးပါ ... ပေးပါ နေရယ် ...”

“ကလင် ... ကလင်”

ညည့်ခန်းက ဖုန်းသံလေးမြည်လာသည် ။

နေကုဋ္ဌာ အံကြိတ်လိုက်၏။ အလင်းတိုက် မျက်ဝန်းမှ စီးကျလာသော မျက်ရည်စက်တွေ

ကို မြင်နေရပြီး ကိုယ့်မှာ ရင်ကွဲမတတ်ခံစား နေရဆဲ။

ဆူညံနေသော ဖုန်းကို ကျောခိုင်းထားလိုက်၏။

ဝင်းလက် ... ဒီတစ်ညတော့ မင်းရဲ့ ကျိန်စာတွေကို နားပေးလိုက်ပါဦး ...

"နေ ... မောင်ပြောနေတယ်ကွာ ... မောင့်အရက် ... ပြန်ပေးပါ ..."

"မပေးဘူး"

နေကုဠာ ရှိုက်ငိုလျက် ပုလင်းကိုခေါင်းမှ ကိုင်ကာ စားပွဲနှင့်ရိုက်ခွဲပစ်လိုက်သည် ။

ပြီးတော့ ... လက်ထဲက ဖန်ခွက်ကိုပါပစ်ပေါက်ထည့်လိုက်၏။

အခန်းထဲမှာ ကွဲရှသံများ ဆူညံသွား၏။

နေကုဠာတအားရှိုက်ငိုလျက် ပြေးထွက်

လာခဲ့လေသည်။

"နေ ... နေ တံခါးခဏဖွင့်ပါဦး"

အခန်းထဲမှ နေကုဋ္ဌာရဲ့ ရှိုက်သံတို့ ကို အလင်းတိုက် အတိုင်းသားကြားနေရသည်။

"နေ ... မောင့်အချစ်နေ ... မောင်သိပ်ချစ်တဲ့ နေ ... တံခါးဖွင့်ပါ ... နေရယ်"

မှူးဝေယိုင်နဲ့ သော ကိုယ်လုံးကတံခါးရွက်ကိုမှီ၍ တအိအိပြိုကျသွားသည်။

အလင်းတိုက် အခန်းတံခါးကိုမှီလျက်နှင့် အိပ်ပျော်သွားသည်။ ငိုရှိုက်ရင်း မိုးလင်းခဲ့ရသော ညများ စွာမှာ နေကုဋ္ဌာသည် ...

*

# အခန်း (၃၆)

"မမ"

"ဟင်"

"အစ်ကိုလေး ခေါ်နေတယ်"

"အင်း"

နေကုဋ္ဌာ ပေါင်မုန့်မီးကင်ကို အသာချ၍ အပြင်ထွက်လာခဲ့သည် ။

အလင်းတိုက်က ဆိုဖာပေါ်မှာ စန့်စန့်ကြီး လှဲနေရာမှ နေကုဋ္ဌာ လာတာမြင်တော့ ထထိုင် လိုက်၏။

ကျွတ်ခနဲစုတ်သပ်လျက်

မျက်နှာကရှုံ့မဲ့သွား၏။

"မောင် ခေါင်းတွေတအားကိုက်နေတယ် နေ တစ်ခုခုလုပ်ပေးပါလား"

စိတ်ထဲမှာ ထိတ်ခနဲ စိုးရိမ်သွားမိပေမယ့် ချက်ချင်းပြန်ထိန်းလိုက်၏။

"အရက်မကောင်းမှန်းသိရက်နဲ့ မင်းသောက်တာပဲ ဖြစ်လာတာကိုလည်း ရဲရဲကြီးခံလိုက်ပေါ့"

ပြော၍ လှည့်ထွက်လာခဲ့သည် ။

ထမင်းစားခန်းထဲပြန်ရောက်တော့ ပါးပေါ်မှာ မျက်ရည်စတို့ စွန်းထင်းခဲ့တာ ကိုယ့်ကိုယ်ကိုယ် ပင်သတိမထားမိခဲ့။

မုန်းလိုက် လင်း။

ဒီလောက်ရက်စက်တဲ့ မိန်းမဆိုပြီး မင်းမုန်းလိုက်စမ်း။

အလင်းတိုက်က သူထင်သလိုပြင်းထန်သော တုံ့ပြန်မှုမပေးခဲ့ပါချေ။

သူ့ဟာသူ ဗီရိုကိုသွား၍ ဆေးရှာနေတာကို တွေ့သည် ။ ပြီးတော့ ဆေးသောက်၍ ဒရင်းဘတ်ဒ်ပေါ်မှာ လှဲချလိုက်ကာ မျက်လုံးတွေကိုမှိတ်ထား၏။

“အို”

လင်း မျက်တောင်ဖျားတွေမှာ မျက်ရည်စတွေပါလား။

အားလုံးကိုလှမ်းကြည့်နေမိလျက် နေကုဋ္ဌာ နှုတ်ခမ်းလေး ကိုက်ထားလိုက်မိသည် ။

“အား … ကျွတ် … ကျွတ်”

အလင်းတိုက်ရှုံ့မဲ့ညည်းညူကာ နားထင်ကို လက်နှင့် ထောက်သည် ။

နေကုဋ္ဌာ မကြည့်ရက်နိုင်တော့ပါ။

မျက်ရည်ကိုသုတ်၍ ရေခဲသေတ္တာထဲက ရေကိုဇလုံထဲ ထည့်ယူသည်။

ပြီးတော့ လက်တစ်ဝါးခန့်ရှိသည့် ပဝါထူထူလေးကိုယူကာ အလင်းတိုက်ဘေးမှာ ဝင်ထိုင်လိုက်၏။

"လက်ဖယ်လိုက်"

နေကုဋ္ဌာအသံကြားတော့ အလင်းတိုက် မျက်လုံးဖွင့် ကြည့်သည်။

"နေ"

နေကုဋ္ဌာ့လက်ကို အသာတွန်းထား၍

"နေ လွှတ်လွှတ်လပ်လပ်နေပါ မောင်နေသာပါတယ်"

"တို့ ကို မင်းကရွဲ့တာလား"

အလင်းတိုက် ကျွတ်ခနဲတစ်ချက်မဲ့သွား၏။

အတော်ကြာမှ

"မောင် မင်းဆီက အကြင်နာကိုပဲ လိုချင်တာ တာဝန်ကို မလိုချင်ဘူး"

ကော့နက်ရှည်လျားသော မျက်တောင်တို့ ဖြန့်ကြက်နေသည့် မျက်ဝန်းပြာတို့ မှ မျက်ရည်တွေ တရစ်ရစ်ဝေ့ တက်လာတာကို အလင်းတိုက် စိုက်ကြည့်နေမိသည် ။

ယောက်ျားတန်မဲ့ သူ့မျက်ဝန်းမှာ လည်း မျက်ရည်ဝေ့၏။

တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်ရင်း နေကုဋ္ဌာ အသံထွက်အောင် ငိုချလိုက်သည် ။

"နေ ... နေ အဲလောက်တော့ မငိုပါနဲ့ နေရယ် ... မောင် စကားမှားသွားသလားဟင်"

နေကုဋ္ဌာ့ လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်၍ အလင်းတိုက် ချော့သည် ။

"နေ ဘာလုပ်ပေးမလို့ လဲ ပေးလေ"

နေကုဋ္ဌာ ကလေးတစ်ယောက်လို မျက်ရည်တွေကို လက်ခုံနှင့်သုတ်ပစ်လိုက်သည် ။

ပြီးတော့ ရေခဲရေထဲမှာ ပဝါလေးကိုနှစ်စိမ်၍ ခပ်ဖွဖွ ပြန်ညှစ်ကာ အလင်းတိုက်ရဲ့ နဖူးမှာ ကပ်ပေးသည် ။

အလင်းတိုက်ငြိမ်သက်နေလျက်က နေကုဋ္ဌာ့ မျက်နှာလေးကို မျက်တောင်မခတ် စိုက်ကြည့်နေသည် ။

နီရဲအိထွေးနေသော နှုတ်ခမ်းလေးက လက်ရာမြောက်သော ပန်းချီဆရာတစ်ယောက်ရဲ့ ဖန်တီးထားမှုလေးအတိုင်း။

သွေးကြောလေးတွေ ရှိန်းပြလျက် နီမြန်းနေသော ပါးပြင်လေးနှစ်ဖက်နှင့် မျက်ဝန်းတို့ကအလှဆုံး။

နေဟာ ဘာမှ ချယ်သမထားလေ လှလေ။

မျက်နှာကို ဘယ်လိုပုံဆိုးသွားအောင် ရှုံ့မဲ့တွန့်လိမ် ပစ်ပစ်လှမြဲလှနေသည် သာ။

"မောင် သက်သာသွားပြီနေ ... "

ရေခဲရေကိုင်ထား၍ အေးစက်နေသော နေကုဋ္ဌာ့ လက်ကလေးကို အလင်းတိုက်ကဆွဲယူ၍ ရင်ဘတ်မှာ ကပ်ထားလိုက်သည် ။

"ထ မသွားပါနဲ့ ဦးနေရယ် ... မောင် နေ့မျက်နှာလေးကို ကြည့်နေပါရစေ"

နေကုဋ္ဌာ ရုန်းပေမယ့် သူကမလွှတ်။

"မောင့်ကို နေ စိုးရိမ်တယ် မဟုတ်လားဟင်"

"မင်းမှ မဟုတ်ပါဘူး ဘယ်သူပဲဖြစ်ဖြစ် ဝေဒနာခံစားနေရရင် တို့ မကြည့်ရက်ဘူး"

အလင်းတိုက်က ဆွေးမြေ့စွာပြုံးသည် ။

“နေ့ကိုမောင်က စိတ်နာမုန်းတီးသွားအောင် မင်းဖန်တီးနေတာ မဟုတ်လား၊ မင်းညတိုင်းငိုနေတာ မောင်သိတယ်”

“အို”

နေကုဋ္ဌာ ထိတ်ခနဲဖြစ်သွားသည်။

“မှတ်ထား နေ၊ မောင် မင်းကိုဘယ်တော့မှ စွန့်လွှတ်မှာ မဟုတ်ဘူး ”

“ဒီကိစ္စတွေ တစ်နေ့နေ့ပေါ်လာမှ ဆိုရင် မင်းနဲ့ မင်းမိဘအရှက်ရကုန်ကြမှာ မင်းမစိုးရိမ်ဘူးလား”

“မစိုးရိမ်ဘူး ... ဘာဖြစ်ဖြစ် မောင် ဘယ်ပတ်ဝန်းကျင်မှ ဂရုမစိုက်ဘူး”

“အားလုံး သူ့အတိုင်းပြန်ဖြစ်သွားအောင် မင်း တို့ ကို ကွာရှင်းပေးပါ”

“ထပ်မပြောနဲ့ နေ. .. အဲဒီစကား

မောင်မကြားချင်ဆုံးဘဲ နေ့လိုမိန်းမမျိုးကို ထားခဲ့ပြီး ဘယ်ကောင်ထွက်သွားမှာ လဲ ... အခု လက်ထပ်ထားပြီးပြီကြားတာတောင် ဘာလို့ ရောက်မလာတာလဲ။ နေ့ကို မောင်လက်ထပ်ခဲ့တာ နှစ်ဆယ့်လေးရက်ရှိပြီ ကိုကိုဆိုတာ ဘယ်မှာ လဲ ”

အလင်းတိုက်က ဆက်ပြောနေသည် ။

“ဒီလောက် မနာလို အမျက်ရှနေတဲ့ မေရီတို့ အနေအထားနဲ့ ဟိုကောင့်ကို မင်းဆီမရောက်ရောက်အောင် မပို့သင့်ဘူးလား ... အဲဒါ ခုထိဘာဖြစ်လို့ ရောက်မလာတာလဲပြော”

“သူက နိုင်ငံခြားမှာ ”

“ခြားစမ်းပါစေ တကယ်လာချင်ရင် မြန်မာနိုင်ငံကို မိနစ်ပိုင်းလေးနဲ့ ရောက်ပါတယ်”

နေကုဋ္ဌာ တိတ်ဆိတ်သွားသည် ။

“မောင့်ကို အမှန်အတိုင်းဝန်ခံလိုက်စမ်းပါ နေ ... မင်း မောင့်ကို မချစ်နိုင်လို့ မကြည်ဖြူပါဘူးဆိုရင် မောင် မင်းကိုလုံးဝ မထိပါးပါဘူး၊ အဲဒီ ကိုကိုဆိုတာကြီးကို ပျောက်ကွယ်သွားအောင် မင်းဝန်ခံစမ်းပါ သူတကယ် မဟုတ်ဘူး မဟုတ်လား”

“ဟုတ်တယ်”

နေကုဋ္ဌာ အတင်းခေါင်းခါနေသည်။

ဟုတ်ပါတယ်ဆိုတာတောင် နောက်မဆုတ်နိုင်ပါတဲ့ လင်းဟာ ဒါတကယ်မဟုတ်ပါဘူး ဆိုတာသိလျှင် ဝင်းလက်ရဲ့ လက်ညှိုးထိုးစွပ်စွဲချက်တွေကို နေ ဘယ်လိုနည်းနဲ့ ရင်ဆိုင်ရမှာ လဲ။

မချိတရိကြည့်နေသော လင်းကိုမကြည့်မိအောင် နေကုဋ္ဌာ မျက်နှာလွှဲထားလိုက်မိလေသည်။

ဒီလောက်အထိ ဟန်ဆောင်ဖုံးကွယ်နေတာတောင် လင်းက ရိပ်မိနေချင်သည် ။

နှလုံးသားတစ်ခုဆီမှာ အချက်ပြကိရိယာတွေ ရှိနေခဲ့ကြသလား။

*

## အခန်း (၃၇)

"အစ်ကိုလေး ဘာရှာနေတာလဲ"

"ဒီထဲက ဝီစကီပုလင်းတွေ ဘယ်ရောက်ကုန်ပြီလဲ"

"မမ အားလုံး သိမ်းသွားတယ်လေ"

"ဟာကွာ"

ယိုင်ခနဲဖြစ်သွားသည့် ကိုယ်ကို စားပွဲနှင့် ကပ်ထိန်းထား အလင်းတိုက် စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။

"အစ်ကိုလေး ညှေ့ခံပွဲကသောက်ခဲ့ပြီးပြီ မဟုတ်လား ထပ်မသောက်ပါနဲ့ တော့ အစ်ကို

လေးရယ် အစ်ကိုလေးခု တော်တော်ပိန်ကျသွားတာ”

“တော်စမ်းကွာ ရုပ်ကြမ်းကြီးနဲ့ လာနွဲ့မနေနဲ့ … ဒီ စကားတွေ မင်းဆီက ငါမကြားချင်ဘူး”

အလင်းတိုက် ယိုင်နဲ့ နဲ့ လျှောက်ရင်း နေကုဋ္ဌာ့အိပ်ခန်းရှေ့ရောက်လာသည် ။

“ဒေါက် ဒေါက်”

တံခါးကို နှစ်ချက်ဆင့်ခေါက်ကြည့်သည် ။

“နေ …”

အတွင်းမှ မည်သည့်တုံ့ပြန်မှုမှ မရှိ။

“ခုမှ ရှစ်နာရီခွဲပဲရှိသေးတယ် နေမအိပ်သေးဘူးဆိုတာ မောင်သိတယ်နော် တံခါးလာဖွင့်ပေး”

အထဲမှာ လုံးဝလှုပ်ရှားမလာသေးပါ။

ထိုစဉ် ဆပ်ပြာမွှေးနံ့က နှာခေါင်းထဲကိုစူးခနဲဝင်လာသည် ။

နောက်လှည့်ကြည့်လိုက်တော့ ဆံပင်တွေအားလုံးကို ရေကာပလတ်စတစ်လေးနှင့် အုပ်ထားသည့် နေကုဋ္ဌာ။

မျက်နှာမှာ ရေသီးလေးတွေ ခိုတွဲလျက် မျက်တောင်ရှည်တို့ ၏ အဖျားမှာ စိန်ပွင့်လေးတွေ လက်နေသည့်နှယ်။

"နေ … မင်း … မင်း ဒီအချိန်ကြီးရေချိုးတယ်"

"ဟုတ်တယ်လေ တို့ အလုပ်ဆင်းနေတုန်းကဆို ဆေးခန်းက ပြန်လာတဲ့ အချိန် ဆယ်နာရီလောက်မှ ချိုးတာ ညရေချိုးတာ အကျင့်ပါနေပြီ မင်းကမိုးချုပ်တာနဲ့ အရက်နဲ့ စိမ်နေတဲ့ လူဆိုတော့ ဘယ်သိမလဲ"

"ဟုတ်တယ် စိမ်ရမှာ ပဲ …

မိန်းမယူထားပြီး အလှထိုင်ကြည့်နေရတဲ့ မောင့်ဒုက္ခကို မင်းမသိရအောင် မောင်ဖြေဖျောက်တာလေ ... မင်းကို မနှောင့်ယှက်ရက်လို့ ... အဲဒါ မင်းသိသင့်တယ်နေရယ် ... မောင် အရက်သောက်တာ မင်း မတားဆီးပါနဲ့ အထီးကျန်နေတဲ့ မောင့်ရဲ့ ညတွေမှာ အရက်က မောင့်ရဲ့ အဖော်"

နေကုဋ္ဌာ ရင်ထဲမှာ နင့်သွားသည်။

"မောင့် အရက်ပုလင်းတွေဘယ်မှာ လဲ မောင့်ကို မြန်မြန်ပေးစမ်းပါ"

"မင်းအခုအပြင်ကသောက်လာခဲ့တယ် မဟုတ်လား ... မတော်သေးဘူးလား"

"မောင် မမူးသေးဘူး ... အဲဒီလောက်လေးမူးလို့ မောင်မရဘူး ... သတိလစ်သွားတဲ့ အထိသောက်မှ ဖြစ်မယ် ... နေမပေးရင် မောင် ဆိုင်သွားသောက်မှာ "

နေကုဋ္ဌာ ထိတ်ခနဲဖြစ်သွားသည် ။

အရက်ပုလင်းတွေ အားလုံးကို တကယ်လွှ င့်ပစ်လိုက်တာ မပေးဘဲထားလျှင် သူတကယ် အပြင်ထွက်သောက်တော့မည်။

ဘယ်လိုလုပ်ရမလဲ။

“ကဲ မင်းအကျႌ သွားဝတ်လိုက်ဦး အအေးပ တ်လိမ့်မယ် ပြီးတော့မောင့်ကို ပုလင်းတွေပြန် ပေး”

အလင်းတိုက်က တံခါးဘုကို လှမ်းဖွင့်ပေး လိုက်၏။

“မင်းအရက်ပုလင်းတွေ မရှိတော့ဘူး”

“ဟင် ဘယ်ရောက်ကုန်ပြီလဲ”

“လွှင့်ပစ်လိုက်ပြီ”

အလင်းတိုက် ဆံပင်တွေကိုထိုးဖွပစ်သည် ။

"မပြောချင်ပေမယ့် ပြောရမှာ ပဲ မင်းဒီည အပြင်ထွက်ပြီး အရက်သောက်ဖို့ မကြိုးစားပါနဲ့ မင်းရှေ့ကထွက်ရင် တို့ လည်း နောက်ကထွက်ပြီပဲ"

သူဘာမှ မပြောနိုင်သေးခင် နေကုဋ္ဌာ အခန်းထဲဝင်ထိုင်လိုက်သည် ။ အလင်းတိုက်က နောက်ကလိုက်ဝင်လာ၏။

"နေ ... အဲဒါ မင်းရက်စက်တာ မင်းမောင့်ကို အရှင်လတ်လတ် မီးလောင်တိုက်သွင်းတာပဲ"

"စေတနာကို မင်းမစော်ကားနဲ့ ... ကိုယ့်အသက်ကို ခြွေနိုင်မှန်းသိရက်နဲ့ တွင်းတူးမိုက်ချင်ရင်လည်း သွား မင်းကြိုက်သလောက်သွားသောက် တို့ လည်း အရက်သမားမိန်းမဆိုတဲ့ ဂုဏ်ပုဒ်တစ်ခုတိုးသွားတာပေါ့"

အလင်းတိုက် ငိုင်သွားသည် ။

“နေ ... မင်းအခုပြောတဲ့ စကားတွေက မောင်သေမှာ စိုးလို့ လား အရက်သမားမိန်းမ ဖြစ်မှာ စိုးလို့ လား”

“ကြည့် ... ပြောလိုက်ရင် မင်း ဒါပဲ။ အကြောင်းမဲ့ပြောပြော မင်းအတွက် မဟုတ်ဘူး လား”

“အမြင်မတော်လို့ ပြောတာဆိုတာမျိုးကို မောင်မလိုချင်ဘူး၊ မင်းမောင့်ကို သတ်သတ်စိတ်ပူတာ ကြင်နာတာ မောင် အဲဒါကိုလိုချင်တာ”

“နေ”

“အို ... ဒါဘာလုပ်တာလဲ”

အလင်းတိုက်က
ဆတ်ခနဲဆွဲဖက်လိုက်သဖြင့် ကိုယ်ပေါ်မှာ ခြုံထားသည့် တဘက်ကလျှောခနဲပြုတ်ကျသွားသည် ။

ဖြူဝင်းအိစက်နေသော ခန္ဓာကိုယ်အလှက ပေါ်လာသည် ။ နေကုဗ္ဗာ ရှက်လွန်းသဖြင့် အလင်းတိုက်ရင်ဘတ်ကို တအားထုပစ်လိုက်သည် ။

"လင်း ... မင်း မင်း လွှတ်နော်"

"နေ့ကို မောင်ချစ်တယ်"

"ဟင့်အင်း မချစ်နဲ့ ဖယ်"

အတင်းထုန့်ကျ်ရုန်းဖယ်ရင်း နေကုဗ္ဗာ နောက်ဆုတ်နောက်ဆုတ်နှင့် ခြေထောက်နှင့်တစ်စုံတစ်ခုထိခတ်မိကာ လဲကျသွား၏။ ထိုအရာသည် အိစက်နူးညံ့သော အိပ်ရာပင်ဖြစ်သည် ။

*

## အခန်း (၃၈)

ဖျတ်ခနဲနိုးလာတော့ ပြတင်းတံခါးမှ နေခြ
ည်နုနုက ယှက်ဖြာဝဲကျ၍ နေ၏။

"ဟင်"

သူအိပ်နေကျ ဧည့်ခန်းဆိုဖာပေါ်မှာ မဟုတ်
။

ဟိုတစ်ခါ မင်္ဂလာခုတင်ပေါ်ဆွဲတင်ထား၍
သူ ဝင်းစိုးကိုပဲ ဆူပစ်လိုက်သည် ။

"နောက်တစ်ခါ ငါ့ဟာငါ ကြမ်းပေါ်မှာ ပဲ
လဲသေနေနေ ဘယ်တော့မှ အဲဒီခုတင်ပေါ်မတ
င်နဲ့ " လို့

ဒီစာကြည့်ခန်းထဲက ခုတင်မှာ နေအိပ်တာဖြစ်သည် ။

သူ ဟိုဒီလိုက်ကြည်တော့ ခေါင်းရင်းမှာ ရေချိုးလျှင် ခေါင်းအုပ်တဲ့ ပလတ်စတစ်ရေကာလေး။

ခေါင်းထဲမှာ ညက ဖြစ်ခဲ့တာတွေ အစီအရီ ပေါ်လာသည် ။

"နေ ..."

သူ အခန်းထဲက ပြေးထွက်ခဲ့သည် ။

မီးဖိုခန်းထဲမှာ နေကုဋ္ဌာက ပေါင်မုန့်လေးတွေလှီးချနေသည် ။

သူ့ကိုမြင်တော့ ဓားပါးလေးကိုချ၍ ထွက်သွားဖို့ ပြင်၏။

"နေ"

အလင်းတိုက်က နေ့လက်မောင်းလေးကို

ဆွဲထားကာ

"နေ မောင်တောင်းပန်ပါတယ်နေရယ် .... မောင် ... ညက ..."

"အို ...မပြောနဲ့ ဘာမှ လာမပြောနဲ့ "

" မဟုတ်ဘူး ... မောင်"

"လင်း"

နေကုဋ္ဌာ ဆတ်ခနဲပြန်လှည့်ကာ အလင်းတိုက်ကို တအား လွှဲရိုက်ပစ်လိုက်၏။

အလင်းတိုက် မျက်နှာလည်ထွက်သွားသည် ။

ဒီလို တုံ့ပြန်လိမ့်မည်ဟု ထင်မှတ်မထားခဲ့သော အလင်းတိုက်မျက်လုံးတို့ က နီရဲနေသော ပါးတစ်ဖက်က နာကျင်မှုထက် အံ့သြရင်နာခြင်းများ ပြည့်နှက်၍ နေသည် ။

"မင်း အဲလောက်ထိ မောင့်အပေါ် ရက်စက်

နိုင်တယ်နော်”

နေကုဋ္ဌာ သူ့လက်တွေကို ဖယ်ချလို့ လည်း မရ မျက်ရည်တွေကျလာသည် ။

“မင်းဟာ မောင့်မိန်းမပါ နေ၊ မင်းစိတ်ချမ်းသာဖို့ တောင် စိတ်ဆင်းရဲခံပြီးနေပေးခဲ့တာပါ
”

“တော်ပြီ လင်း၊ မင်းမကျေနပ်ရင် ပြန်ရိုက်ပစ်လိုက်သေအောင် သတ်ပစ်လိုက်ပါ၊ ဘာစကားမှ ထပ်မပြောပါနဲ့ တော့”

“နေ့ကို မောင် ဘယ်တော့မှ မရိုက်ဘူး … မင်းနာကျင်အောင်မပြောနဲ့ မျက်နှာ ညှိုးနေရင်တောင် မနေတတ်ခဲ့တဲ့ ကောင်”

“ဟုတ်တယ် တို့ ကတော့ … ရက်စက်တယ် မင်းကို လုံးဝမကြင်နာနိုင်ဘူး၊ အဲဒါကို မင်း သဘောပေါက်သင့်နေပြီ”

"မပေါက်ဘူး ... မင်း မောင့်ကိုအစက ဒီလို ဆက်ဆံခဲ့တာ မဟုတ်ဘူး ၊ အခုလိုနေတာ မင်းစိတ်နဲ့ မင်းကိုယ် မဟုတ်ဘူး ဆိုတာ မောင်သိတယ်"

"စိတ်ကူးယဉ်တာ ရူးတတ်တယ်လင်း ... တို့ သဘောမပါဘဲ မင်းဖွတ်လုပ်ခဲ့တာကို မေ့မပစ်နဲ့ လေ"

"ဒါကို မောင်ဝန်ခံပါတယ် ... ဒါပေမဲ့ မင်းရင်ထဲမှာ မောင်အမြဲရှိနေတယ်ဆိုတာ မောင်ယုံတယ် ... ပြောင်းလဲတတ်တဲ့ သဘောတရားထဲမှာ မင်းရဲ့ ဟန်ဆောင်အမုန်းတွေလည်း ပါသွားမှာ ပါ"

အလင်းတိုက် နေကုဋ္ဌာကို စူးစိုက်ကြည့်၍ လှည့်ထွက်သွားသည် ။

နေကုဋ္ဌာဆိုတဲ့ မိန်းမတစ်ယောက်ဟာ ခါးသက်တဲ့ ချစ်ခြင်းတွေကို ညှစ်ထုတ်ဖို့

သည်းခြေပျက်အောင် ခံစားနေရတဲ့ မိန်းမပါ။

အချစ်ကို ကြောက်လို့ ပြေးချင်ပါမှ ချစ်ခြင်းတို့ က ကိုယ့်အပေါ်မှာ တစ်ရစ်ပြီးတစ်ရစ်။

*

## အခန်း (၃၉)

"မောင်ဝင်းစိုး"

"ဗျာ ... ဟာ ကြီးကြီး"

ဝင်းစိုး ကပျာကယာ တံခါးပြေးဖွင့်လိုက်သည်။

ဒေါ်လင်းလင်းမြင့်က အထဲဝင်လာ၍ တစ်အိမ်လုံးကို လှည့်ပတ်ကြည့်သည် ဘယ်သူမှလည်း မရှိကြပါလား။

"သမီးရော"

"မမ အပြင်သွားတယ်ကြီးကြီး၊ ကြီးကြီးကို ကျွန်တော် တစ်ခုပြောချင်တယ် ... ဟိုဟာ"

"ဘာလဲ ... ပြောစမ်း"

ဒေါ်လင်းလင်းမြင့်က ဆိုဖာမှာ ဝင်ထိုင်လိုက်သည် ။

"ဟို ကျွန်တော့်အပေါ် အစ်ကိုလေး အပြစ်မြင်မှာ လည်း စိုးပါတယ်"

"ပြောမှ သာပြောပါကွယ် ... မင်း သားအပေါ်မကောင်းစိတ်မထားဆိုတာ ကြီးကြီးသိပါတယ် ... ပြော"

ဒီတိုက်လေးမှာ မိန်းမတစ်ယောက်လုံးခိုးလာပြီး ရက်များ စွာခိုအောင်းနေခဲ့တာတောင် ဘယ်သူမှ မသိအောင် ဖုံးကွယ်ပေးထားနိုင်ခဲ့တဲ့ ဝင်းစိုး။

ဒေါ်လင်းလင်းမြင့် လာမေးတော့လည်း ဘယ်သူမှ မရှိဘူးပဲပြောသည် ပင်။

ဝင်းစိုးက ခိုကိုးရာမဲ့ လမ်းပျော်ကောင်

လေး တစ်ယောက်ဖြစ်သည် ။ ဒါပေမဲ့ စည်းကမ်းရှိသည် ကျေးဇူးသိတတ်သည် ။

သူ့အပေါ် မမေ့လောက်တဲ့ ကျေးဇူးပြုခဲ့ဖူးသည့် သူကိုအသက်ပေးစောင့်ရှောက်တတ်တဲ့ သဘောရှိ၏။

အလင်းတိုက်တို့ ဒက်ဒီက သဘောကောင်း သလောက် ကူညီတတ်တဲ့ သူမို့ ဝင်းစိုးနှင့်ဆုံမိခင်မိတွယ်တာမိကာ တွယ်ရာမဲ့နေသော ဒီတိုက်ကလေးကို စောင့်ရှောက်ပေးရင်း စားစရိတ်ပါ ထောက်ပံ့ခဲ့သည် ။

"ဒီတိုက်ကလေးက သားအတွက်ပါ ... တိုက်မှာ အစောင့်ရှိတယ် သားအတွက် အသုံးမဝင်သေးသရွေ့ စောင့်ရှောက်ပေးနေမယ့်သူကို လုံလောက်အောင် ထောက်ပံ့ပါ သူသစ္စာရှိတယ် ... သားအတွက် အဖော်ကောင်းဖြစ်ပါစေ ..."

နိုင်ငံခြားမထွက်ခင်မှာ အလင်းတိုက်အတွက် ဒီတိုက်ကလေးကို အထူးပေးထားခဲ့သဖြင့် စာရေးခဲ့ခြင်းဖြစ်သည် ။

"ဒီတစ်ခါ ကိုယ်ဆောက်မယ့်တိုက်က ဒီဇိုင်းသိပ်လှတာ ဒါဆောက်ပြီးရင် ကိုယ်ဖက်စပ်တွေလုပ်ဖို့ စိတ်ကူးထားတယ်၊ ဒါကြောင့် နောက်ဆုံး လက်ရာဒီတိုက်ကလေးကို သားကို ပေးမယ်" တဲ့ ...

အတူနေကြတုန်းကတည်းက မကြာခဏပြောခဲ့ဖူးသည် ။

ဒါကြောင့် သူမရှိတော့လည်း မှာ ခဲ့တဲ့ အတိုင်း ဒေါ်လင်းလင်းမြင့် တိုက်ကိုရော စောင့်တဲ့ လူကိုပါ တာဝန်ယူခဲ့ရသည် ။

သားပျောက်သွားတော့ ဒီမှာ ရှိမလားလို့ မေးခဲ့သေးသည် ။

"ဘယ်သူမှ မရှိဘူး ကြီးကြီး...

မယုံရင်ဝင်ကြည့်ပါ” တဲ့ ။

ဒေါ်လင်းလင်းမြင့် ယုံကြည်စွာပဲ ခြံဝကနေ လှည့်ပြန်ခဲ့သည် ။

သားကိုယ်တိုင် ဒီမှာ ပါ ဖုန်းဆက်တော့မှ သိရတဲ့ အဖြစ်။

“ဟဲ့ … ပြောလေ”

ဝင်းစိုးက ခြံဝသို့မလုံမလဲ လှည့်ကြည့်လိုက်ပြန်သည် ။

“အစ်ကိုလေးနဲ့ မမ လုံးဝအဆင်မပြေဘူး ကြီးကြီး”

“ဟင် … ဟုတ်လား”

ဒေါ်လင်းလင်းမြင့် စိတ်ပူသွားသည် ။

ဒီရက်ပိုင်း ကိုယ်ကလည်း အလုပ်ရှုပ်၍ ဖုန်းသာဆက် ဖြစ်ပြီးလူမရောက်။

“ဘာဖြစ်တာလဲ ပြောစမ်း”

"လက်ထပ်ပွဲညကတည်းကပဲ ကြီးကြီး ... ဟိုညီအစ်မ မလာခင်ထိတော့ ပြုံးပြုံးရွှင်ရွှင်ပဲ "

"ဟင် ... ဘယ်ညီအစ်မလဲ"

"ကျွန်တော်မသိဘူး မေရီလို့ ပြောတာပဲ"

"ဘာ"

ဒေါ်လင်းလင်းမြင့် တအံ့တဩဖြစ်သွားသည်။

"မေရီဟုတ်လား ငါပြန်သွားမှ လာတာလား"

"ဟုတ်တယ် ညဉ့်တောင်နက်နေပြီ"

"ဘာလာလုပ်တာလဲ ... ဘာတွေပြောသွားတာလဲ"

"ကျွန်တော်မသိဘူး၊ ဒါပေမဲ့ သူတို့ပြန်သွားတာနဲ့ မမလည်း ငိုတယ် အစ်ကိုလေး

လည်း ဒေါတွေပွနေတယ် ပြီးတော့ခွဲအိပ်ကြ တယ်”

“ဘုရား ... ဘုရား”

ဒေါ်လင်းလင်းမြင့် ကလေးတွေကို ပစ်ထား ခဲ့မိတဲ့ အတွက် နောင်တရသွားမိသည်။

“တောက်လျှောက်အဆင်မပြေခဲ့ကြတာ လွန်ခဲ့တဲ့ တစ်လလောက်ကတောင် ရန်ဖြစ်ကြတာ အကြီးအကျယ်ပဲ”

နေကုဋ္ဌာက အလင်းတိုက်ကို ရိုက်လိုက်တာမြင်ပေမယ့် ဝင်းစိုးထည့်မပြောပါ။ ခုလိုပြောရတာကလည်း ယောက်ျားဖြစ်ပြီး ပစိပစပ်ဆိုချင်၍ မဟုတ် ရေရှည်ဒီအတိုင်းသွားနေမှာ မကြည့်ရက်လို့ ဖြစ်သည်။

“အစ်ကိုလေး အရက်တွေသောက်တာ အဲဒီမင်္ဂလာဦးကတည်းကပဲ”

“ကြည့်စမ်း”

“အဲဒါ ကြီးကြီး အစ်ကိုလေးတို့ အိမ်ထောင်ရေးကို တစ်ခုခုစီစဉ်ပေးနိုင်အောင် ကျွန်တော် မပြောချင်ဘဲပြောရတာပါ၊ ကျွန်တော့်စကားမှားသွားရင် ခွင့်လွှတ်ပါ”

“မင်းမမှားဘူး၊ ဒါမှ အဖော်ကောင်းပီသမှာပေါ့ … ဒီကိစ္စ ပေါ့ပေါ့သေးသေးမဖြစ်နိုင်ဘူး … ပေါ်အောင်စုံစမ်းမှ ဖြစ်မယ် … အမြန်ဆုံးစုံစမ်းရမယ်”

ပြောရင်း ဒေါ်လင်းလင်းမြင့် ထရပ်လိုက်သည် ။

“မင်းဘာမှ မဖြစ်စေရဘူး စိတ်အေးအေးနေ …”

ဒေါ်လင်းလင်းမြင့် ကားပေါ်ထိုင်လိုက်လျှင် ဒရိုင်ဘာက မောင်းသည် ။ ရင်ထဲမှာ အပူလုံးကြီးဆို့နင့်ပြီ။

ကလေးတွေ
ဘာပြဿနာဖြစ်ကြပါသနည်း။

ဒါဘယ်လိုစုံစမ်းမလဲ ဘယ်ကစလိုက်မလဲ။

ခေါင်းထဲမှာ မေးခွန်းတွေ ထူပူနေသည် ။

မေရီ … ဟုတ်ပြီ။

ပြဿနာစစေတာ မေရီပဲဖြစ်မှာ ပါ။

*

# အခန်း (၄၁)

"အစ်ကိုလေး"

သူ အိမ်ထဲဝင်လိုက်သည် နှင့် ဝင်းစိုးကအ နားကပ်၍

"ဒီည အစ်ကိုလေး အရက်မသောက်နဲ့ တော့နော် မမ နေမကောင်းဘူး"

"ဟင် … ဘာဖြစ်လို့ လဲ"

"မသိဘူး အစ်ကိုလေး … မနက်မနက် ထ မင်းမစားတာတော့ ကြာပြီ၊ ဒီနေ့တော့ ညစာပါမစားဘူး … တစ်နေ့လုံး အခန်းထဲက လုံးဝမထွက်ဘူး"

အလင်းတိုက် လက်ထဲကအိတ်ကိုချကာ နေကုဋ္ဌာ အခန်းထဲတောက်လျှောက်ဝင်လာခဲ့သည် ။

အိပ်ရာပေါ်မှာ နေကုဋ္ဌာက ကွေးကွေးလေး ။

ဖရိုဖရဲမြင်ရတတ်သော ဆံပင်ရှည်ရှည်ကြီးများက အိပ်ရာထက်မှာ အခွေလိုက်ပြေကျနေပြီး မျက်နှာဝင်းလေးက ချွေးစလေးများ နှင့် နွမ်းလျနေ၏။

"နေ"

အလင်းတိုက် စိုးရိမ်စိတ်တွေပြည့်လျှမ်းလျက် ကမန်းကတန်းဆွဲထူလိုက်သည် ။

"အား"

နေကုဋ္ဌာ မျက်နှာလေးရှုံ့မဲ့သွား၏။

“ဘာဖြစ်တာလဲ နေ … ဟင် ဘယ်လိုဖြစ်တာလဲ”

“မူးတယ်”

“နေ ဘာမှ မစားဘူးဆို အစာမရှိလို့ ဖြစ်မှာပေါ့ နေရယ် ဘာဖြစ်လို့ အစားမစားတာလဲ”

“စားမှ မစားချင်တာ”

“နေ ဘာစားချင်လဲ ဘယ်သွားမလဲ မောင့်ကိုပြော”

“ဟင့်အင်း တို့ တစ်ယောက်တည်းနေချင်တယ် … မင်းသွားပါ”

“မသွားနိုင်ဘူး မင်းနေမကောင်းတဲ့ ဟာတစ်ယောက်တည်းပစ်ထားရမလား ခဏနေဦး ဆရာဝန်ခေါ်မယ်”

“အို … မခေါ်နဲ့ ”

နေကုဋ္ဌာ အတင်းတားမိသည်။

ကိုယ့်စိတ်ထဲမှာ ထင်နေတာများ တကယ်ဖြစ်နေလျှင် မခက်ဘူးလား။ ဒါကို အလင်းတိုက် သိလို့ လုံးဝမဖြစ်ပါ။

ဆရာဝန်ရောက်လာလျှင် မလွဲမသွေပေါ်လာတော့မှာ ဖြစ်သည် ။

"ဆရာဝန်ခေါ်မှ ရောဂါပျောက်မှာ ပေါ့ နေ၊ မောင်အနားမှာ နေတာလည်း နေ မကြိုက်ဘူး ... ဆရာဝန်လည်း မခေါ်နဲ့ ဆိုတော့ မောင်ဘာလုပ်ရမလဲ"

"ဟင့်အင်း မခေါ်နဲ့ "

ခေါင်းခါပစ်လိုက်ပြီးမှ မူးဝေသွားသဖြင့် နေကုဋ္ဌာ မျက်ဝန်းလေးတွေ မှိတ်ပစ်ထားလိုက်မိသည် ။

အလင်းတိုက်ကကြည့်၍ နေကုဋ္ဌာ ပခုံးလေးကို ဆွဲယူကာ သူ့ရင်ခွင်မှာ မှီထားလိုက်၏။

ဒီတစ်ခါ နေကုဋ္ဌာ ငြင်းဆန်ခြင်းမပြုဘဲ အလင်းတိုက် ရင်ခွင်ထဲမှာ ကလေးငယ်လေးလို ငြိမ်သက်နေလေသည်။

မျက်နှာလှလှလေးပေါ်မှာ ဖရိုဖရဲဝဲကျနေသည့် ဆံစတို့ ကို တယုတယသပ်တင်ပေး၍ အလင်းတိုက်က နဖူးပြေပြေလေးကို ငုံ့နမ်းသည်။

နေကုဋ္ဌာ မှိတ်ထားသောမျက်ဝန်းများမှ စိမ့်ကြလာသော မျက်ရည်စတို့ ကို မျက်တောင်ရှည်တို့ မှာ ရစ်သီလာ၏။

ဒီအချိန်မှာ အားငယ်စိတ်ပျော့နှင့် ဒီရင်ခွင်သည် သာ အငြိမ်းဆုံးဖြစ်နေခဲ့တာ ဘာကြောင့်လဲ။

ဘယ်လိုမှ ဟန်မဆောင်နိုင်အောင် မှီနွဲ့ချင်နေမိသည့် ပျော့ညံ့ခြင်းများ ဘာကြောင့် ဝင်ရောက်လာခဲ့တာလဲ။

ဒီလို သာယာမှုမျိုးကို ခံစားရတာ ဒါနောက်ဆုံးလား။

အို ... အရာအားလုံးဟာ အိမ်မက်ပဲဖြစ်လိုက်ပါတော့။

*

## အခန်း (၄၁)

"သေချာတယ် ညီမ ... နှစ်လရှိနေပြီ"

"ရှင်"

ပထမဆုံး လိုက်ခနဲပျော်သွားမိခြင်းသည် ဟန်ဆောင်ခြင်းမဲ့လျက်။ သို့သော် ခဏလေးရယ်ပါ။

ဝင်းလက်မျက်နှာကြီး ဖျတ်ခနဲဝင်လာကာ နေကုဋ္ဌာ မျက်လုံးလေးပြူးသွားသည် ။

"လေးလေးကတော့ ... သားတွေသမီးတွေနဲ့ သာယာကြည်နူးနေပြီပေါ့"

စသောစကားလုံးများ နှင့် ထိုးနှက်ဦးတော့

မည်။

"လေးလေး လိမ်ဦးလေ ...ငါမချစ်ခဲ့ပါဘူး လို့ လိမ်ပါဦးလား ... ကြိုက်လို့ လုရင် လုတယ်ပေါ့ ဝန်ခံစမ်းပါ နောက်ဆုံးတော့ ညားကြလေသတည်းပါပဲ"

"လက်ထပ်ပွဲတော့ဖျက်လို့ မဖြစ်ဘူး ... မင်းမြင်ချင်တာ ငါတို့ အဆင်မပြေကြတာကိုပဲ မဟုတ်လား ... စိတ်ချ ... လင်းနဲ့ ငါ ဘယ်တော့မှ ချစ်သူမဖြစ်ရဘူး ဘာတွေညာတွေ လေးလေး လိမ့်စမ်းပါဦး"

အို ...

ပြောလာမယ့် စကားလုံးတွေက ဒီ့ထက်ပြင်းဦးမှာ သေချာသည် ။

ဆေးခန်းကထွက်လာတဲ့ ခြေလှမ်းတို့ ကလမ်းကိုလျှောက်နေရသည် မထင်။

လေထဲမှာ လွင့်မျောနေသည် လား။

အသူရာချောက်ထဲ ထိုးကျသွားနေသည် လား။

အားနည်းလက်စရှိသော သွေးတို့ က ချော က်ချားလို့ ရင်ထဲမှာ တလှပ်လှပ်ဖြစ်လာသည် ။

"ဟင် ... လေးလေး"

"အိုး"

လေးလေးဆိုသည့်အသံကြောင့် ရင်ထဲမှာ ဒိုင်းခနဲဆောင့်တိုးသွားသည် ။

"လေးလေး သားဖွားမီးယပ်မှာ ဘာလာလု ပ်တာလဲဟင်"

ကေက သူ့ကိုကြည့်လိုက် ဆေးခန်းကိုကြ ည့်လိုက်နှင့် မျက်ဝန်းလေးတွေက စူးစမ်းနေ သည် ။

နေကုဋ္ဌာ ... ကေ့ ပတ်ဝန်းကျင်ကို သေလု မျှောပါးဝေ့ကြည့်သည် ။

"ဘယ်သူပါသေးလဲဟင် ကေ ... ကေ့မှာ အဖော်ပါသလား"

"ခြံချင်းကပ်လျက်က ... အန်တီသက်လေ ဒီမှာ ဗိုက်အပ်ထားတာ ... အဲဒါညနေပြရမယ့် ရက်မို့ ကေက တိုကင်အရင်လာယူပေးထားရ တာ ကူညီတာပေ့ါ"

"ဩော် အင်း ... အင်း တို့ သွားမယ်"

"လေးလေး နေပါဦး"

ကေက အတင်းဆွဲထားသည် ။

"လေးလေး မျက်တွင်းတွေလည်း ကျလို့ ... နေမကောင်းဘူးလား ဆေးခန်းမှာ ဗိုက်လာအ ပ်တာလားဟင် ..."

"အို ... မဟုတ်ဘူး မဟုတ်ဘူး "

နေကုဋ္ဌာ့အမူအရာတွေက လိုတာထက်ပို၍ ချောက်ချားငြင်းကန်နေတာကြီးမို့ ကေက ရိပ်မိသည် ။

မေးလိုက်တုန်းက အမှတ်တမဲ့ပါပဲ။

လေးလေး ခုလိုငြင်းတော့မှ မကြီးတို့ နဲ့ ပတ်သက်နေတာတွေကို သတိရကာ လေးလေးကို သနားသွား၏။

"လေးလေး ... ကေက လေးလေးကိုချစ်တဲ့သူပါ လေးလေး ဘာမှ မစိုးရိမ်ပါနဲ့ "

ပြောလိုက်မှ နေကုဋ္ဌာ့မျက်ရည်တွေ ဝဲလာရှာသည် ။

"တို့ တောင်းပန်ပါတယ် ... တို့ ကို ဒီနေရာမှာ တွေ့ခဲ့တာ ဘယ်သူ့ကိုမှ ပြန်မပြောပါနဲ့နော် ... တို့ ... တို့ လေ အားလုံးကို အရှုံးပေးပြီးသားပါ ... ခုလည်း ဆက်အရှုံးပေးသွားမှာ ပါ ..."

“ဘာတွေပြောနေတာလဲ လေးလေးရယ် … မဟုတ်တာကို”

နေကုဋ္ဌာ ခေါင်းခါ၍ ကားပေါ်အတင်းတက်ထိုင်ကာ မောင်းထွက်ခဲ့သည် ဒါ လင်းသိလို့ မဖြစ်ပါ။

မသိအောင် ရေရှည်ဘယ်လိုဖုံးကွယ်မလဲ။ နွဲ့ချင်လာသော ကိုယ့်စိတ်တို့ က လင်းရဲ့ ပြုစုယုယမှုတွေကို ဘယ်လိုငြင်းဆန်နိုင်မှာ လဲ။

အဲဒီလိုဆိုရင် ပြောဖို့ စောင့်ကြည့်နေတဲ့ လူတွေ ဘယ်လိုပြောကုန်ကြမလဲ … ကားမောင်းရင်း မျက်ရည်တွေကျလာပြန်သည် ။

သောကတွေဝိုင်းနေသော ဒီဘဝမျိုးမှာ လင်းရဲ့ ရင်သွေးလေးကို သူမမွေးချင်ပါ။

အေးမြငြိမ်းချမ်းသော ဘဝထဲမှာ ကြောင့်ကြမဲ့မွေးမည်။

နေကုဋ္ဌာဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာချ
၏။

လင်းရဲ့ ကိုယ်ပွားလေးကို ထွေးပိုက်လို့ သူ
အဝေးမှာ ပဲ ပုန်းနေပါတော့မည်။

*

## အခန်း (၄၂)

"မင်း သေချာရဲ့ လား"

"သိပ်သေချာတာပေါ့ မိုးကုတ်မှာ အဲဒီသတင်းက မသိတဲ့ လူမရှိဘူး တချို့ကလည်း မေရီက ဇော်ဇော့်ကို တစ်ဖက်သတ်ကြိုက်တာတဲ့ ။ တချို့တော့ အဒေါ်နဲ့ တူမ လုကြတာတဲ့ ဒါနဲ့ ငါကသေချာအောင် တကယ်ပြောနိုင်တဲ့ လူကို ကပ်မေးကြည့်တော့"

ဓမ္မက သူသိခဲ့သော နေကုဋ္ဌာနဲ့ မေရီတို့ ရဲ့ အကြောင်းတွေကို အသေးစိတ်ပြန်ပြောပြသည် ။

"ငါထင်တယ် အဲဒါ နေကုဋ္ဌာ့မှာ အပြစ်မရှိ

ဘူးကွ ဟိုဘက်က နေကုဋ္ဌာကို အတင်းကြိုက် အတင်းဆွဲလို့ အမှုဖြစ်ခဲ့တာ ခြောက်လကြာတယ်တဲ့ ၊ ပြီးမှ ဟိုတစ်ယောက်က ပိုင်နက်ကျူးလွန်မှုနဲ့ အဓမ္မ ကျင့်ကြံခြင်းကို ခုခံကာကွယ်မှုဆိုပြီး ကွင်းလုံးကျွတ်လွတ်ခဲ့တာတဲ့ ”

“ဟိုဘက်က လေ့ခါးပေါ်က လိမ့်ကျပြီး ပွဲချင်းပြီးသေသွားတာလား”

“ဟုတ်တယ် နေကုဋ္ဌာက သနားဖို့ ကောင်းပါတယ်တဲ့ ၊ တူမတွေက မိန်းမချင်းမနာလိုဖြစ်ပြီး ဝိုင်းလက်ညှိုးထိုးလို့ သူ့ခမျာ အရှက်ကြီးတဲ့ သူပီပီ ရန်ကုန်ထိ တစ်ယောက်တည်း လွင့်သွားရှာတာတဲ့ ”

“ဘယ်သူပြောတာလဲ”

“သူတို့ အိမ်က ဒရိုင်ဘာလေ သူ့ထက်ဘယ်သူက သိမှာ လဲ”

“ငါယုံတယ်”

"ဒို့ပြင်နောက်ကြောင်းက မင်းနဲ့ ဝင်းလက် ကိစ္စပဲဖြစ်မယ် ... ဒါကို သူတို့ အငြိုးထားပြီး ..."

"ငြိုးတယ်ပဲထားပါဦး... ယောက်ျားရှိတယ် ဆိုတဲ့ အပြစ်ကြီးကို သူတို့ ပြောထွက်သလား ... နေကုဋ္ဌာ ဒီလောက်ထိ ပျော့ညံ့ရသလား"

"အေး.. မိုးကုတ်မှာ စုံစမ်းရသမျှတော့ နေ ကုဋ္ဌာမှာ ရည်းစားရှိတယ်တောင် မကြားခဲ့ဘူး ... ဒီရန်ကုန်ရောက်မှ ဖြစ်တဲ့ အပိုင်း ငါမသိ ဘူး"

"အစကတည်းက ဒါမဖြစ်နိုင်ဘူးဆိုတာ ငါ ထင်တယ်။ ခုလည်း မဖြစ်နိုင်ဘူး ... ရန်ကုန် ရောက်တဲ့ အချိန်လေးမှာ နေ အိမ်ထောင်ပြုလို က်တာ လုံးဝမဖြစ်နိုင်ဘူး ဒီကိစ္စငါရအောင် စုံ စမ်းမယ်"

"အေး မြန်မြန်လုပ်ကြာရင် မင်းလည်း အရ

က်ချိုးကပ်ပြီး သေမယ်။ ဟိုတစ်ယောက်လည်း ဒီရက်ပိုင်းတွေမှာ ပိန်သွားသလိုပဲ”

“ဟုတ်တယ် ... သူ သိပ်နေမကောင်းဘူး တရှောင်ရှောင်နဲ့ ကျွာ ဆရာဝန်ပြမယ်ဆိုလည်း လုံးဝလက်မခံဘူး။ ဒါကြောင့် ငါစိတ်မချလို့ အလုပ်ထဲမှာ တအောင့်ပဲနေပြီး တန်းပြန်တာ ဒီကြားထဲ ဒက်ဒီကလည်း ခေါ်လှပြီ”

“အဲ့ဒါကမှ မင်းနိုင်ငံကျော်မယ့်ကိစ္စ”

“နေက ခေါ်မရဘူး”

“အဲဒီကိစ္စတွေ မင်းမြန်မြန်ရှင်း လိုက်လေ”

“ရှင်းမယ်”

*

## အခန်း (၄၃)

“အစ်ကိုလေး မမ မရှိတော့ဘူး”

“ဘာ”

ဝင်းစိုးမျက်နှာ ဆီးရွက်ခန့်ငယ်ကျသွားသည်။

“ကျွန် … ကျွန်တော် မိုးလင်းခါနီးမှ ခါတိုင်းလို မီးဖိုထဲမှာ မီးရောင်မတွေ့လို့ ဘုရားခန်းသွားတော့လည်း ဆွမ်းတောင်ကပ်ထားတာမရှိဘူး။ အဲဒါနဲ့ မမ အခန်းသွားခေါ်ကြည့်တော့ လုံးဝမထူးဘူး”

“မင်းဝင်ကြည့်သေးလား”

"တံခါးဖွင့်ပြီး အပြင်ကကြည့်ပါတယ် မရှိတော့ဘူး"

အလင်းတိုက် မျက်နှာပင်မသုတ်အားဘဲ ရေစိုကြီးအတိုင်း ကမူးရှူးထိုးထွက်လာခဲ့သည်။

အခန်းလေးထဲမှာ အားလုံးသည် ပုံစံမပျက် သေသပ်စွာရှိနေသည်။

စာလေးဘာလေးရေးခဲ့လေ မလားဟု တွေးကာ လျှောက်ဖွရှာပေမယ့် ခေါင်းအုံးအောက်မှာ လက်ကိုင်ပဝါတစ်ထည်မှ လွဲ၍ ဘာမှ မရှိ။

"သွားပြီကွာ ..."

အလင်းတိုက် တက်တစ်ချက်ခေါက်၍ ဝင်းစိုးမျက်နှာကို ခွပ်ခနဲ လှည့်ထိုးပစ်လိုက်သည်။

"မင်း ခြံထဲမှာ နေပြီး ဘာမှ အသုံးမကျတဲ့

ကောင် ... ကားတစ်စီးလုံးထွက်သွားတာကို မသိဘူး အလကားကောင်”

လက်သီးနှစ်ချက်ဆင့်ထိုးခံလိုက်ရ၍ ဝင်းစိုးချက်ချင်း ပြန်မထနိုင်တော့။

“တောက်”

အလင်းတိုက် အိမ်ပေါ်မှ ပြေးဆင်းကာ ကားပေါ်ပြေးတက်၍ ဘယ်ကိုလိုက်ရမှန်းမသိဘဲ မောင်းထွက်လာခဲ့သည် ။

ရက်စက်လိုက်တာ နေရယ်။

မောင့်မှာ ဘာအပြစ်ရှိနေလို့ လဲ။

*

## အခန်း (၄၄)

အားလုံးမှာ အပြစ်မရှိပါဘူး ဝင်းလက်ရယ်
...

တို့ မှားခဲ့တာပါ ခုတော့ အားလုံးပြီးဆုံးသွားပါပြီ။

မင်းသိပ်ဖြစ်စေချင်ခဲ့သလို သူက အရက်သမားကြီး

တို့ က တစ်ခုလပ်မလေးပေါ့။

ဇာတ်ပေါင်းခန်းမှာ ညားကြလေသတည်းလို့ မဖြစ်စေရပါဘူး။ တို့ က ကတိတည်မှာ ပါ။ နောက်ဆက်တွဲ သတင်းကောင်းတွေကို မင်းဝမ်းသာအားရစောင့်နားထောင်ရစ်ပါ။

အားလုံးမုန်းတဲ့

နေကုဋ္ဌာ

စာကိုဖျတ်ခနဲလုံးခြေပစ်၍ ဒေါ်သီတာစမ်း ထရပ်လိုက်သည်။

"ဒီစာဘယ်တုန်းက ရောက်လာတာလဲ ဘယ်သူလာပေးတာလဲ"

"မေမေတို့ မရောက်ခင်လေးပဲ ရောက်လာတာ"

ဆေးခန်းထဲထိ ဝင်စုံစမ်းခဲ့၍ လေးလေးမှ ကိုယ်ဝန်ရှိနေတာ သိခဲ့ရသော ကေ့နှလုံးသားမှ ၁ သနားခြင်းတို့ တားဆီးမရဖြစ်ကာ မိုးကုတ်က မေမေတို့ ဆီ ဖုန်းဆက်၍ အခြေအနေ အားလုံးကို ပြောပြလိုက်ခြင်းဖြစ်သည်။

မဟုတ်လျှင် ဒီအရှုပ်ကို ရှင်းနိုင်မည့် သူရှိတော့မှာ မဟုတ်။

ထိုစဉ် တိုက်တိုက်ဆိုင်ဆိုင် ဒေါ်လင်းလင်းမြင့် ရောက်ချလာသည် ။

"လင်း"

ဒေါ်သီတာစမ်း မျက်နှာပူလှ၍ ဘယ်လိုစပြီး တောင်းပန်ရမှန်းမသိ။ ဒေါ်လင်းလင်းမြင့်လည်း သိခဲ့လေပြီ ထင်သည် ။ မျက်နှာက ပျော့ပျောင်းခြင်းမရှိ။

"ကဲ … သီတာ ဒီကိစ္စတွေ နင် ဘယ်လိုရှင်းမလဲ"

"ထိုင်ပါဦး လင်းရယ်၊ ငါအားလုံးကို နင် ကျေနပ်အောင် ရှင်းပေးပါ့မယ် ခဏလေး သည်းခံပါနော်"

ဒေါ်လင်းလင်းမြင့် အကြည့်က ဝင်းလက်ဆီမှာ စူးနစ်နေ၏။

ဒုတိယအကြိမ် ဖွင့်ဟပြောပြလာသူက ဝင်း

စိုးပါပဲ။

ဘာဖြစ်ကြတာလဲဆိုတာ ဘယ်လိုမှ စုံစမ်းလို့ မရဖြစ်နေဆဲ နေကုဋ္ဌာက တစ်ခါထပ်ထွက်သွားတော့ ဝင်းစိုး မျိုသိပ်မထားနိုင်တော့ပါ ။

"အစ်ကိုလေးတို့ အိမ်ထောင်ရေး ထိခိုက်မလားလို့ ကျွန်တော်မပြောဘဲ ချန်ထားခဲ့တာပါ ... အဲဒီညက မေရီတို့ ပြောသွားတာတွေ အားလုံး ကျွန်တော်ကြားတယ်"

ဆို၍ အားလုံးကိုပြောပြသည် ။

သိသိချင်း ထလာခဲ့တာဖြစ်သည် ။

"သည်းခံတယ်ဆိုတာ သည်းခံသင့်တဲ့ ကိစ္စကိုမှ သည်းခံရတာ အခု သီတာ့သမီးလုပ်လိုက်တာကြည့်ပါဦး"

"ဟုတ်ပါတယ် လင်းရယ် ... ငါလည်း ခုမှ

ရောက်တာပါ အမေတောင် မဖြေရသေးပါဘူး လင်းရယ် တောင်းပန်ပါတယ်”

ဒေါ်လင်းလင်းမြင့် ပါးစပ်ပိတ်ထားလိုက်ရပေမယ့် စိတ်ထဲက မကျေနပ်နိုင်။

“သမီးငယ် ဖုန်းလှမ်းဆက်မှ ကလေးနဲ့ သမီးတို့ ဖြစ်နေကြတာကို ငါတို့ သိရတာ”

“နင့်သမီး ဘယ်လောက်လုပ်ရက်သလဲဆိုရင် သုံးရက်တစ်ခါ ဖုန်းဆက်တယ်တဲ့ ၊ ဘာတွေပြောမှန်းမသိတာ ဝင်းလက်ရဲ့ ဖုန်းဆိုတာရော ဖုန်းဆက်ပြီးတိုင်း ငါ့ချွေးမငိုခဲ့ရတာတွေများ ဝင်းစိုးက အားလုံးမြင်တယ်၊ အခုထွက်သွားရတဲ့ အထိ မင်းသမီး မလုပ်သင့်ပါဘူး”

“လေးလေးထွက်သွားတာက မလတ် နှင်လွှတ်တာမဟုတ်ပါဘူး ... အန်တီလေးလေးမှာ ကိုယ်ဝန် နှစ်လပါသွားပါတယ်၊

အဲဒီကိုယ်ဝန်ကြောင့် မလတ်ကိုကြောက်ပြီး လေးလေး ထွက်သွားတာဖြစ်မှာ ”

“အလို”

“ဘုရားရေ”

ဒေါ်လင်းလင်းမြင့်ရော ဒေါ်သီတာစမ်းပါ မျက်လုံးတွေပြူးကုန်ကြသည် ။

ဝင်းလက်က ဆတ်ခနဲထရပ်လိုက်၏။

“ဝင်းလက် ဘာလုပ်လုပ် တရားတရား၊ မတရားတရား .... သူတို့ပြန်ခွင့်ရှိတာပဲ သူ့အပြစ်နဲ့ သူမော်မကြည့်ရဲတာ ဝင်းလက်အပြစ်လား ...”

“တိတ်စမ်း ညည်းမမိုက်ရိုင်းနဲ့ ”

ဒေါ်သီတာစမ်း ဒေါသပြင်းပြင်းနှင့် ဝင်အော်သည် ။

“ကလေးဟာ သိပ်သဘောထားနူးညံ့တာ

... ပထမဖြစ်ခဲ့တဲ့ ကိစ္စကိုပဲကြည့်၊ သူ့ဟာသူ နေတဲ့ လူကိုသက်သက်သွားပြီး အမှုပတ်ရတာ ... ညည်းတို့ နှစ်ယောက်စလုံး ကလေးကို ကိုယ့်အဒေါ်လို့ မမြင်ဘဲ လှတာကိုမနာလိုပြီး ရန်သူလို သဘောထားနေကြတာ အရင်းစစ်လိုက်တော့ ကလေးကို ညည်းတို့ မနာလို ဖြစ်နေကြတာ"

"မေမေ အဲလိုမပြောပါနဲ့ ... သူကရော သမီးတို့ ကိုပဲ ကွက်ကွက်ပြီး အနိုင်ယူပြသွားနေတာကျ ဘာပြောမလဲ"

"ညည်းတို့ ကိုမှ မဟုတ်ဘူး ... သူသာ အနိုင်လိုချင်ရင် ဘယ်မိန်းမ မဆို အနိုင်ယူလို့ ရတယ်။ ဘယ်မိန်းမနဲ့ မှ မတူအောင်လှတဲ့ ရုပ်ရည် သူ့မှာ ရှိတယ် ၊ ပညာတတ်တယ်၊ မဆင်းရဲဘူး၊ ဒီမိန်းမမျိုးကို ခေါင်းခါတဲ့ ယောကျ်ားရှိမလား၊ ညည်းတို့ လောက်ကို စာဖွဲ့ပြီး ပြောမနေနဲ့

ဝင်းလက်”

ဒေါ်သီတာစမ်း တကယ့်ကိုစိတ်မကောင်း ယူကျုံးမရဖြစ်နေမိခြင်းပါ။

ကလေးအတွက် ရင်နာလို့ မဆုံး ...

တယ်ဆို အိမ်ထောင်မကျသေးတဲ့ ဒီညီမလေးရဲ့ တာဝန်ကို သူယူရမှာ သူ့ခမျာ သားသမီးစိတ်နဲ့ ခပ်စိမ်းစိမ်းနေခဲ့တဲ့ အစ်မလုပ်သူကို မဆိုးနွဲ့ရရှာပဲ တစ်ယောက်တည်း အထီးကျန်နေခဲ့ရရှာသည် ။

ဒါကိုတွေးမိ၍ စိတ်မကောင်းနိုင်ဖြစ်လာပြီး ကလေးတွေကို သူ့ဆီလွှတ် ငြိမ်းချမ်းကြပါစေတော့ဆိုသည့် အတွေးနဲ့ စီစဉ်ခဲ့တာ။

ခုတော့ အထင်နဲ့ အမြင်ပါစင်အောင်လွဲခဲ့ပြီ ။

ကိုယ့်သားသမီးတွေ ဆိုးဝါးစွာ တိုက်ခိုက်လွှတ်လို့ ကိုယ်ဝန်ကြီးနဲ့ ထွက်ပြေးသွားရတဲ့ဘဝ။

ဖြစ်ရလေ ကလေးရယ်။

ငယ်ငယ်တုန်းကဆို မေရီ့ကိုနို့တိုက်လျှင် တစ်ဖက်ကနေ နို့ကို အတင်းဝင်၍ ငုံထားတတ်တဲ့ ကလေး။

ညည်းတို့ ငါ့သမီးပေမယ့် ငါ့ညီမနဲ့ ပတ်သက်ပြီး ငါတကယ် ခံစားရတယ် စိတ်နာတယ် သိလား၊ အဲဒါ ငါသမီးလို မွေးခဲ့ရတဲ့ ညီမ ... ညည်းတို့ အဒေါ်။ ငါမွေးခဲ့တဲ့ သားသမီးတွေထဲမှာ ဒီလို အကျင့်ဆိုးမျိုးတွေ ပါနေတာ ငါသိပ်ရှက်တယ်”

“ မဟုတ်ဘူး ဝင်းလက်တို့ ဆိုးတာ မဟုတ်ဘူး ။ သူ့ကြောင့်လည်း မကြီးနဲ့ ဝင်းလက် အလူးအလိမ့်ခံစားခဲ့ရတာ”

"ဒါ သူဖန်တီးယူတဲ့ ကိစ္စတွေလား၊ ဒါကိုည ည်းတို့ သိသိနဲ့ အနိုင်ယူကြတာ ကလေးဟာ မယ်ဥစ္စရာလို မိန်းမမျိုး၊ သူ့ကိုဆီပူရေနဲ့ လောင်းဖို့ လာတဲ့ လူကိုတောင် မေတ္တာမပျက် ထားနိုင်ခဲ့တဲ့ မယ်ဥစ္စရာလို ... သူ့မှာ အပြစ်မရှိမှန်းသိရက်နဲ့ ညည်းတို့ စိတ်ချမ်းသာဖို့ သူ အနစ်နာခံခဲ့တာ"

မေရီ ချုံးပွဲချ၍ ငိုလေသည်။

တွေးကြည့်လိုက်တော့ မေမေပြောတဲ့ အတိုင်းမှန်နေသည်။

မှားပြီဆိုသော အသိကို မကြာမကြာတွေးမိခဲ့ပေမယ့် ...

"ညည်းကရော အကြီးဆုံးဖြစ်နေပြီး ငယ်တဲ့ လူကို မဆုံးမဘဲ အသည်းကဒဏ်ရာနဲ့ အငြိုးကြီးခဲ့တယ်ပေါ့လေ"

မေရီ ဆတ်ခနဲတုန်သွားသည်။

"မ .. မဟုတ်ပါဘူး မေရီ မလုပ်သင့်ဘူးဆိုတဲ့ အတွေးဝင်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဝင်းလက်က သူတစ်ခုခုမတုံ့ပြန်ရရင် သတ်မယ်သေမယ်ဖြစ်နေလို့ ဝင်းလက် စိတ်ချမ်းသာအောင် ..."

"တော်တော့ ... ဒီလောက်တောင် မိုက်လုံးကြီးတဲ့ ကလေးတွေ ကဲ ... ကဲဟယ်"

ဝင်းလက်ဆီပြေးသွား၍ ဒေါ်သီတာစမ်း ရိုက်လည်း ရိုက် လက်သီးနဲ့ လည်း ထု။

"မေမေ ... မေမေ တော်ပါတော့ မေမေရယ်"

ဝင်ဆွဲသည့် မေရီ့ကိုပါ ပြန်လှည့်လုပ်သည်။

အားလုံး ဆူညံရှုပ်ထွေးသွား၏။

ဒေါ်လင်းလင်းမြင့်က တင်းမာသော

မျက်နှာနှင့် စူးစိုက်ကြည့်နေမြဲ။

ဝင်းလက်က တအားရှိုက်ငိုရင်း အပေါ်ထပ် ပြေးတက်သွားလေသည် ။ ဒေါ်သီတာစမ်း အသားတွေတုန်ကာ မတ်မတ်မရပ်နိုင်တော့ဘဲ ဆိုဖာထက်သို့ ခွေကျသွား၏။

ဒေါ်လင်းလင်းမြင့် အားလုံးကို စေ့စေ့ကြည့်၍ ထရပ်လိုက်သည် ။

ရင်ထဲမှာ ဘာကိုမှ မကျေနပ်နိုင်သေး။

အစကထက် ပိုဆိုးသွားတာက မြေးဆိုသော အသံကို ကြားလိုက်ရခြင်းကြောင့်ဖြစ်သည် ။

သားရဲ့ ရင်သွေးကိုယ့်မြေးလေးကို လွယ်လျက် အေးချမ်းစွာနေတတ်သော ချွေးမကောင်းလေးတစ်ယောက် ဆုံးရှုံးလိုက်ရပြီ ဆိုသော အသိက ကျန်တာဘာကိုမှ မမြင်တော့။

"နင့်သမီးက သိပ်နောင်တရပုံမပေါ်ဘူး သိတာ ... နင့်ကိုတော့ ငါအားနာပါတယ်၊ ငါ့ချွေးမကို ဒီတစ်လအတွင်း ရှာမတွေ့ခဲ့ရင် ခြိမ်းခြောက်မှု၊ အသရေဖျက်မှုတွေ တစ်သီကြီးထပ်ပြီး နင့်သမီးကို ငါတရားစွဲမယ်"

"လင်း"

ဒေါ်လင်းလင်းမြင့် လုံးဝပြန်လှည့်မကြည့်တော့ဘဲ ကားပေါ် တောက်လျှောက်ထွက်လာခဲ့ တော့သည်။

*

## အခန်း (၄၅)

သမီး နေကုန္ဓာ

ကိစ္စတွေအားလုံး ရှင်းသွားပြီ

အမြန်ဆုံးပြန်လာပါ။

မေမေ

ချစ်ဇနီး နေ

မောင် အရမ်းစိတ်ပူနေတယ်။

အမြန်ဆုံးပြန်လာပါ။

မောင်

လေးလေး

အားလုံးမှားခဲ့သမျှ

ဝန်ချတောင်းပန်ချင်ပါသည် ။

အမြန်ဆုံးပြန်လာပါ။

တူမများ (မေရီ၊ ဝင်းလက်၊ ကေသီ)

ကြော်ငြာတွေပလူပျံအောင် ထည့်သော်လည်း လုံးဝအစပျောက်သွားသည့် နေ့သတင်းကို မရခဲ့။

ရက်မှ လများ စွာ ကူးပြောင်းလာခဲ့သည် ။

"သား ... သားအရက်မသောက်နဲ့ နော်"

"မသောက်ပါဘူး မာမီ ကျွန်တော့်မှာ မိသားစုလေး ရှိနေပြီ ... ကျွန်တော်အရက်မသောက်တော့ပါဘူး ... ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲသား"

"ကျွန်တော် ခရီးထွက်တော့မယ် ဒီမှာ ကျွန်တော် မနေချင်တော့ဘူး"

"ခုလည်း သား ခရီးထွက်နေတာပဲ မဟုတ်လားသားရယ် ...သမီးကို ဟိုမြို့ဒီမြို့ လိုက်ရှာနေတာပဲ မဟုတ်လား ... ဘယ်ကိုသွားချင်သေးလို့ လဲ"

အလင်းတိုက် ခေါင်းခါသည် ။

စိတ်ဓာတ်ကျဆင်းခြင်းကြောင့် ဆံပင်တွေလည်း ဘုတ်သိုက်ကြီးဖြစ်နေပြီ။ မေးရိုးမေးဖျားမှာ လည်း ပါးမြိုင်းသိုင်းမွေးတို့ ထိုးထိုးထောင်ထောင် ထွက်စပြုနေပြီ။

သားပုံစံကိုကြည့်၍ သနားလည်း သနားချွေးမနဲ့ မြေးကိုလည်း တွေးပူရနှင့် ဒေါ်လင်းလင်းမြင့် ကံရာမရဖြစ်နေလေသည် ။

"ကျွန်တော် မြန်မာတစ်နိုင်ငံလုံး ခြေဦးတည့်ရာ လျှောက်သွားပြီး စိတ်ရှိလက်ရှိ

နေ့ကိုရှာချင်တယ်”

“နေက မပေါ့မပါးနဲ့ အဲဒီလောက်သွားမယ် မထင်ပါဘူး သားရယ်၊ ရန်ကုန်မြို့မှာ လည်း တကယ်တမ်းပုန်းနေမယ်ဆို လွတ်အောင်ပုန်း စရာတွေ အများကြီးပါ၊ မာမီတို့ အဝေးကိုပဲ လှမ်းပူနေကြတာများ လားကွယ် ရန်ကုန်မြို့ ထဲမှာ ပဲ ထပ်ရှာကြရင် မကောင်းဘူးလားဟင် ”

အလင်းတိုက် ခေါင်းခါသည်။

“ခု ခြောက်လရှိသွားပြီ … ကျွန်တော် ရန် ကုန်မြို့ထဲမှာ ရှိသမျှ ဆေးရုံဆေးခန်း အလွတ် မေ ွးခ နှ ်းတေ ွမ ျ၁ အိုဂျီရှိသမျှ အားလုံးလက်လှမ်းမှီသမျှ လူအင်အားသုံးပြီး နေကုဋ္ဌာဆိုတဲ့ နာမည်နဲ့ ကိုယ်ဝန်အပ်ထား တာရှိ မရှိ လိုက်စုံစမ်းပြီးပြီ ဘယ်မှာ မှ မရှိဘူး ၊ သူတို့ မမြင်အောင် သူပုန်းနေနိုင်ပေမယ့် …

ဒီကိုယ်ဝန်ကို မွေးဖွားဖို့ သူပုန်းနေလို့ မရပါဘူး၊ ဒီရန်ကုန်မြို့ပေါ်မှာ နေ မရှိတာသေချာပါတယ် မာမီ”

ပတ်ဝန်းကျင်ရှိသမျှ မြို့ရွာတွေလည်း စုံသလောက်ဖြစ်ခဲ့ပြီ။

တစ်နေ့တွေ့မှာ ပဲဆိုသည့် မျှော်လင့်ချက်လေးသာ ရှိမနေခဲ့ပါလျှင် အလင်းတိုက်ဘဝဟာ ဘယ်လိုမှ အကောင်းအတိုင်း ရှိနေမှာ မဟုတ်တာသေချာသည် ။

ပြေးရက်လိုက်တာ နေရယ်။

မင်းခွင့်လွှတ် အနစ်နာခံတဲ့ အထဲမှာ မောင့်နှလုံးသားဓားစာခံပါ ... မောင့်ကို မင်းနည်းနည်းမှ မငဲ့ဘူးကွာ။

ကိုယ့်မှာ ထီပေါက်ပြီး ထီလက်မှတ်ပျောက်ရတဲ့ အဖြစ်အံ့ကြိတ်၍ မျက်ရည်ဝဲနေသောသားကိုငေးကြည့်ကာ ဒေါ်လင်းလင်းမြင့်ပါ မျ

က်ရည်ကျသည် ။

သူလည်း ဘာထူးလို့ လည်း မြေးဆိုတဲ့ အသံကြားကတည်းက ရူးလိုက်ရတာ လူမအား စိတ်မအား ရှာလိုက်ရတာ ဒီနေ့ထိ ဖတ်ဖတ်မော။

"ကျွန်တော် မကြာမကြာဖုန်းလှမ်းဆက်ပါ့မယ်"

"မာမီတော့ မသွားစေချင်ဘူးသားရယ် သားနဲ့ မာမီ ..."

အလင်းတိုက်က အပြောမခံတော့ပါ။

"မဖြစ်ဘူးမာမီ ကျွန်တော့်စိတ်တွေ အရမ်းလေနေပြီ၊ တစ်ခုခုလုပ်မိတော့မယ်၊ ကျွန်တော့်ကိုသွားခွင့်ပေးပါ နေရှိနိုင်မယ်ထင်တဲ့ နေရာတိုင်း ကျွန်တော်လျှောက်သွားနေပါရစေ"

"သားရယ် ..."

"အခု သားသွားတဲ့ လကခြောက်လ ... သူ့ ကိုယ်ဝန် ရှစ်လရှိနေပြီ မာမီ ... မကြာခင် သူ မွေးတော့မှာ သူ့အနားမှာ ဘယ်သူရှိမလဲ ဘယ် သူဂရုစိုက်မှာ လဲ ကျွန်တော့်ရင်သွေးလေးကို မျက်နှာငယ်အားနည်းစွာနဲ့ သူမွေးရတော့မယ် .. "

ပြောရင်း အလင်းတိုက် အံကြိတ်ပြန်သည် ။

"သူမမွေးခင် ကျွန်တော်တွေ့အောင် ရှာမှ ဖြစ်မယ် ၊ နေ့ကို ကျွန်တော်မတွေ့လို့ မဖြစ်ဘူး "

မျက်ရည်နှစ်စက်ပေါက်ခနဲကျ၏။

ယောက်ျားမျက်ရည် မကျရဘူးဆိုလျှင် သူ ဟာဘာလဲ ဖြစ်ချင်ရာဖြစ်ပါစေတော့။

ကိုယ့်နှလုံးသားက ဒီလောက်ထိ ခံနိုင်ရည် မရှိ ရင်ထဲမှာ အထပ်ထပ်ရေရွတ်နေမိတာက

...

ရက်စက်တယ်နေရယ် ... ဟု

ရေကူးဘောင်းဘီအနက်နှင့် ကုပ်ထောက်ဆံပင် ဘုတ်သိုက်ကြီးက သေသေသပ်သပ်မရှိ ။ စောင်တွေဘာတွေ ပတ်ခြုံမထားဘဲ စွင့်ကားသော ရင်အုပ်ကျယ်ကြီးမှာ ရှည်လျားသော အမွေးအမှ င်များက လူကိုကြမ်းတမ်းသည့်အသွင် ဖန်ဆင်းပေးထားသလိုရှိကာ ဘယ်လိုပုံစံဟုပင် ပြောမရလောက်အောင် ပြောချင်တိုင်းဖြစ်နေသည် ။

အလင်းတိုက်ပုံစံက လူတွေ သတိထား မိနေရသည့်အဖြစ်။

ရေ ကူးက န် မှာ ရေကူးနေကြသည့် ဖျံမလေးတွေက ကွက်ကြည့်ကွက်ကြည့် ရယ်သံလေးတွေ မကြာခဏ လွင့်ထွက်လာတတ်သည် ။

ဘီယာကို တစိမ့်စိမ့်သောက်၍ တေးသံထဲမ ၂၁ နစ်မျောနေသော အလင်းတိုက်က ပတ်ဝန်းကျင်ကို လုံးဝဂရုမစိုက်။

"အစ်ကိုလေး ... ရေမကူးသေးရင် သဘက်ခြုံထားပါလား အအေးပတ်မှာ စိုးလို့ ပါ"

နှားကြပ်ကက်ဆက်နှင့် မျက်ဝန်းတွေ မှေးစင်းနေသော အလင်းတိုက် ရှေ့မှာ ဝင်းစိုးက ခြုံစောင်ကိုကိုင်၍ မရဲတရဲရပ်နေသည် ။

"မင်း အလုပ် မင်းသွားလုပ်"

ဝင်းစိုး လှည့်ပြန်ခဲ့ရပြန်သည် ။

ဘာအလုပ်ရှိလို့ လဲ။

အလင်းတိုက်သွားသမျှ မြို့ ... ရွာ.. လမ်း ... ဟိုတယ်။

မရောက်ဘူးတဲ့ နေရာလည်း မရှိတော့ ... မစားဘူးတဲ့ အစားလည်း မရှိတော့။

"သားကို ဂရုစိုက် ... အကြောင်းရှိရင် ငါ့ဆီ ဖုန်းဆက်ပြော လိုအပ်ရင် ရှေ့ကနေကာကွယ် ပေး ငါစိတ်ချမယ်နော် ဝင်းစိုး"

ဒေါ်လင်းလင်းမြင့်က သူ့ကိုကိုယ်ရံတော် ထည့်ပေးလိုက်တာ။

လိုက်လာစကတော့ နှစ်လသုံးလထိ ပျော် လိုက်တာအရမ်း။ မစားဖူးတာတွေစားရ မကို င်ဖူးတာတွေကိုင်ရ။

ကြာတော့ ပျင်း လာပြီ။

နှစ်ယောက်ရှိတာ တစ်ယောက်က ကိုယ့်ကို အဖက်လုပ်စကားပြောဖို့ နေနေသာသာ ရှိတ ယ်လို့ ပင် မထင်တဲ့ သူ။

စားပြီးအိပ် အိပ်ပြီးထ အစ်ကိုလေး ဘာလု ပ်နေလဲ ဘယ်သွားလဲ ထိုင်ကြည့် ထလိုက်။

အဆူခံရတဲ့ အခါ အသာဇက်လေးပုနေ။

ကိုယ့်ဒုက္ခက သေးသလား။

"အစ်ကိုလေးရယ် ပြန်ရအောင်ပါ" လို့ လည်း မပြောရဲ။

ဒီလောက်အစွဲအလမ်းကြီးတတ်တဲ့ ယောက်ျားကိုများ ပစ်သွားရက်ပါဘိ။ တစ်ခါတစ်ခါ နေကုဋ္ဌာဆိုတဲ့ မမကို သူအပြစ်တင်ချင်သည် ။

အစ်ကိုလေး ခံစားနေရတာကိုသနားလို့ ပါ ။

ဒီဟိုတယ်မှာ ပဲ တစ်လကျော်သွားပြန်ပြီ။

ရေချိုးထမင်းစားပြီးတော့ ဆိုင်ကယ်တစ်စီးနဲ့ အပြင်ထွက် ပြန်ချင်တဲ့ အချိန်မှ ပြန်တာ။

စောင့်ရှောက်ပါဆိုတဲ့ တာဝန်ကြီးပါပေမယ့် သူ့မှာ ဘယ်မှ လည်း မလိုက်ရဲ။ လိုက်တာ သိတာနှင့် အဆူခံရသည် ချည်းသာ။

ရောက်တဲ့ နေရာတိုင်းမှာ သဘောကျကြ

တဲ့ မိန်းမလှလေးတွေ ရိုးတိုးရစ်သီရှိတတ်ကြ ပေမယ့် အစ်ကိုလေးက ရှိတယ်လို့ ပင်မထင်။

ဘယ်ထင်မလဲ မမထက်လှတဲ့ သူမှ မရှိတာ ။

ဝင်းစိုးကတော့ ဒီအတိုင်းတွက်သည် ။

ဖောက်ပြားစေချင်တာ မဟုတ်ပေမယ့် အစ် ကိုလေးကို သူ ပျောက်စေချင်သည် မို့ ချစ်ခြင်း ၏ တစ်စုံတစ်ရာနဲ့ ငြိတွယ်၍ ဖြေရာတစ်ခုခုရ စေချင်တာအမှန်။

အစ်ကိုလေးက ဘယ်သူ့ကိုမှ ဂရုမစိုက်ဆို လှည့်၍ ပင် မကြည့်တာ အသည်းယားစရာ။

ဝင်းစိုးကို တစ်ခါတစ်ခါကျတော့လည်း သူ သနားသွားမိသည် ။

သူ့ခမျာပျင်းရိငြီးငွေ့ရှာပေမည်။

ပြန်တော့ဆိုတော့လည်း ခေါင်းခါသည် ။

သူဘာလုပ်လုပ်
လည်ပင်းရှည်လာတတ်လျက် ...

ဘယ်သွားသွား ဖင်တကြွကြွ။

ဆူလိုက်တော့လည်း တစ်ခွန်းမှ အထွန့်တက်ခဲ့ခြင်းမရှိ မတတ်နိုင်ပါ။

သူလည်း သူ့ဘာသူ နေတတ်သလိုနေပေတော့။

လွင့်ပျံ့သွားသည့် စိတ်တို့ က သီချင်းထဲမှာ ပြန်လည်နစ်မျောသွားသည် 'သတိရပါစေ' တဲ့

ဘိုဘို့အသံလေးက ရင်ကိုထိရှစေသည် ။

... ဘယ်နားမှာ ရှိမယ်မသိတဲ့ ဝေးတစ်နေရာဆီ ... မင်းခွဲသွားလည်း ... အသည်းမနာနိုင်ပြီ ...

(သတိရပါစေ ... ကိုယ်လွမ်းခွင့်ပြုပါမေ ... မျှော်မနေနဲ့ လို့ ပြောပေမယ့် ...

ကိုယ့်စိတ်ထဲကြာလေပိုလို့ တမ်းတမိနေရင်း ... ဘယ်လိုမှ မမေ့နိုင်ဘူး ... သတိရပါရစေ ...) ... ဘယ်လောက်မင်း ပစ်ထားမလဲ ... ဝေးနေရမလဲ ... မှန်းမှန်းမျှော်တွေးပြီး ... ဆွေးသူ ရင်ထဲ ... အိပ်မက်တစ်ခု မဟုတ်လို ... မင်းနဲ့ ကိုယ်အကြောင်း လွှယ်လွှယ်မေ့မသွားနိုင်ဘူး ... ဘယ်အထိတို့ ခံစားသလဲ ... မင်းမမြင်နိုင်ပြီ ... ဘဝနဲ့ အသက်ဆုံးအထိ အမြဲမျှော်လင့်ပြီး ... ကိုယ်သတိရပါရစေ ... အမြဲတမ်းပဲ မင်းကိုသတိရပါရစေ ...

"အစ်ကိုလေး ... အစ်ကိုလေး ဖုန်းလာတယ်"

ဝင်းစိုး အူယားဖားယားပြေးလာ၍ အလင်းတိုက်လက်ထဲဖုန်းထည့်ပေး၏။

"ကြီးကြီးဆီက"

ထပ်ပြောပြီး နောက်ဆုပ်ရပ်နေ၏။

ဖုန်းပြောပြီး အလင်းတိုက်နားကြပ်ကိုဖြုတ်၍ ဝင်းစိုးကို လှမ်းပေးသည် ။

"မာမီ ဆေးရုံတင်ထားရတယ်တဲ့ ညနေပြန်မယ် ...အဆင်သင့်လုပ်ထား"

"ဟုတ်ကဲ့"

ဝင်းစိုး ပျာယာခတ်သွားသည် ။

ကြီးကြီးအတွက် စိုးရိမ်တာရော။

ဝမ်းသာတာရော။

စားပြီး အိပ်နေ ဘဝကကျွတ်ပြီ။

*

# အခန်း (၄၆)

လှေကားထစ်တွေကိုနင်းဖြတ်၍ အတွင်းမှ န်တံခါးကိုတွန်း ဖွင့်လိုက်သည် နှင့် အရင်ဆုံးကြားလိုက်ရသည် က ကလေးငိုသံ။

“ဘာလဲ .. ဘာလဲ မြေးရယ် … မြေးချိုဆာပြီလား ဘွားဘွားကတိုက်မှာ ပေါ့”

“ဟင်”

အလင်းတိုက် အိမ်ရှေ့တံခါးဝမှာ ခြေလှမ်းတွေ တုံ့ခနဲရပ်သွားသည် ။ ဆေးရုံတင်ထားရပါသည် ဆိုသော မာမီက အလှမပျက် အဝမပျက် ဝကစ်ဖြူဖွေးနေသော လသားအရွယ်ကလေးငယ်လေးကို တယုတယချီပွေ့ထားသည်

။

မာမီထိုင်နေသည့် ဆိုဖာရဲ့ ဘေးမှာ ကလေးတင်တွန်းတဲ့ လက်တွန်းပုခက်ကလေးနှင့်။

"မာမီ"

ကလေးကို တရှုပ်ရှုပ် နမ်းမဝဖြစ်နေသည့် ဒေါ်လင်းလင်းမြင့် ခုမှ တံခါးပေါက်ဆီကိုလှမ်းကြည့်၏။

"ဟယ် ... သား ... သားပြန် လာပြီ ... လာလေ သား"

မာမီ မြေးလို့ ခေါ်နေသည့် ဒီကလေးက ဘယ်က ကလေးလဲ။

အလင်းတိုက် ရှေ့ဆက်လှမ်းလာပေမယ့် မျက်လုံးတွေက ကလေးဆီမှ မခွာ။

ဂါဝန်ကားကားလေး ဝတ်ထားပေးထားသ

ည် မို့ ကလေးက မိန်းကလေးဖြစ်မည်။

ထူးဆန်းသော မျက်စုံလေးက ထင်းနေလျှက် မျက်တောင်ကော့ကြီးများက အလင်းတိုက် အမြင်နဲ့ မစိမ်းခဲ့သော လှပခြင်းများ ။

"မာမီ ... မာမီ ဒီကလေးက ဘယ်က ကလေးလဲဟင်"

"အလိုတော် ... မာမီ ချီထားတာ မာမ့်ကလေးပေါ့ မာမ့်ရဲ့ မြေးမလေးလေ"

"ဟင်"

အလင်းတိုက် ပခုံးက အိတ်ကြီးကိုဖြုတ်ချကာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွား၏။

"မာမ့်မြေး .. ဟုတ်လား ... မာမ့်မြေးဆိုတော့ ... ဒါ ကျွန်တော့်ရဲ့ ..."

"ဖြစ်ရလေ သားရယ် ... မာမ့်မှာ သားဘယ်နှယောက်ရှိလို့ လဲ ... မာမ့်မြေးပါဆိုမှ ...

သားရဲ့ သမီးလေးပေါ့"

"ဗျာ"

အလင်းတိုက် ခြေဖျားလက်ဖျားတွေ အေးစက်သွားသည် ။

မာမီ ဘာကိုပြောတယ်ဆိုတာ သိပေမယ့် မမေးရဲ။

မျက်ဝန်းတို့ က မြင်ကွင်းထဲမှာ ရှိသမျှနေရာအားလုံးကို ဝေ့ဝဲရှာဖွေပြီးသားဖြစ်သွားသည် ။

"သားကို မာမီ ညာခေါ်တာလေ ... ဘာဖြစ်လို့ ညာတာလဲသိလား ... အခုလို အဲဒီမျက်နှာကြီးဖြစ်သွားတာ မြင်ချင်လို့ ..."

ဒေါ်လင်းလင်းမြင့်က တဟင်းဟင်းရယ်ကာ ကလေးကို မြှောက်၍ သူ့လက်ထဲထည့်ပေးသည် ။

"ကိုယ့်သမီးလေးကို မချီတော့ဘူးလား"

အလင်းတိုက် ကလေးကိုယောင်ယမ်း၍ လှမ်းယူလိုက်မိသည် ။

ရုတ်တရက် ကလေးအဖေဖြစ်လိုက်ရခြင်းမို့ မယုံမရဲ မထင်မှတ်စွာ ... ကြည့်စမ်း သမီး သမီးလေးတဲ့ ။

နေနဲ့ တစ်ရုပ်တည်းပါလား။

ဝမ်းသာ လှိုက်လှဲသော နှလုံးသွေးတို့ ဆောင့်ခုန်၍ လက်တို့ က တုန်ယင်လာသည် ။

သူ့ကိုမျက်လုံးပြူးလေးများ နှင့် မော့ကြည့်ကာငိုဖို့ ဟန်ပြင်နေသော သမီးမျက်နှာလေးက ပါးဖောင်းလေးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် နမ်းပစ်လိုက်မိသည် ။

"သမီး"

နှုတ်မှ မရဲတရဲ ဖွဖွခေါ်ကြည့်၏။

ကလေးက နမ်းတာကိုမကြိုက်သည့်ပုံနှင့် အလင်းတိုက်ကို လက်ကလေးနှင့် တွန်းဖယ်၍ ငိုပါတော့သည်။

"သမီးရယ်"

ဝမ်းသာမျက်ရည်စို့လျက် သမီးမျက်နှာလေးကို သူမထိန်းသိမ်းနိုင်စွာ နမ်းလိုက်မိလျှင် ကလေးငိုသံက စူးစူးဝါးဝါး ...

"အို ... သားရယ် ကလေးကို ဒီလောက်နမ်းရသလား ... ကြည့်စမ်း ပါးလေးတွေကို နီရဲညိုပုတ်သွားတာပဲ ပေးပေး မာမီ့ကို"

ဒေါ်လင်းလင်းမြင့် ကလေးကိုပြန်ခေါ်သွားသည်။

"မာမီ ... နေ... နေရောဟင်"

"ရှိသားပဲ"

အလင်းတိုက်နေရာမှ ရုတ်ခနဲထကာ အော

က်ထပ်မှာ ရှိသမျှ အခန်းတွေအားလုံး ဆွဲဖွင့်ပ
စ်လိုက်သည် ။

ပြီးတော့ အပေါ်ထပ်ပြေးတက်၍ တစ်ခန်း
ဝင်တစ်ခန်းထွက်ရှာ ... ဘယ်မှာ လဲ နေရယ်။

ပြန်ပြေးဆင်းဖို့ ဒီဘက်အလှည့်။

ပြတင်းတံခါးမှ ခြံထဲကို
အကြည့်ရောက်သွားမိသည် ။

"နေ"

ပန်းတွေခူးနေသော နေကုဋ္ဌာသည် ကချင်
ထမီအနက် အင်္ကျီခါးတိုလက်ပြတ်လည်ဟိုက်
နှင့် ဆံပင်တွေကိုဖားလျား ဖြန့်ချထား၏။

ရင်ထဲမှာ လှိုက်ခနဲခုန်ကာ ခြေထောက်တို့
က ခြံထဲအရောက် ဘယ်လိုသယ်ဆောင်သွားခဲ့
သည် မသိ။

"နေ"

နှားထဲမှာ အမြဲယဉ်ပါးချိုမြိန်နေခဲ့သောခေါ်သံ။

နေကုဋ္ဌာ ဖျတ်ခနဲလှည့်လိုက်မိသည်။

ခူးထားသော လက်ခုပ်ထဲက ဇွန်ပန်းလေးတွေ တဆတ်ဆတ်တုန်သွားကာ လက်ထဲမှ လှုပ်ခုန်လိမ့်ကျကုန်သည်။

"လင်း"

လုံးဝပြောင်းလဲသွားခဲ့သော လင်းပုံစံက နိုင်ငံခြားအက်ရှင်ကားတွေထဲက မင်းသားကြီးလို ကြမ်းတမ်းရုပ်ပွလျက်ရှိ၏။

ရင်ထဲမှာ နင့်သွားသည်။

သူ့ကို လင်း ဘယ်လောက်ထိ စွဲလမ်းမြတ်နိုးခဲ့တာကို သိခဲ့ပါလျက်နှင့် သူ ဥပေက္ခာမပြုရက်နိုင်တော့ပါ။

"လင်း"

ပန်းတွေကိုဖြန့်ကျဲချပစ်ကာ နေကုဋ္ဌာ လင်းဆီပြေးသွား၏။

"နေရယ်"

နှစ်ယောက်ဆုံမိတော့ တင်းကျပ်စွာပွေ့ဖက်မိကြ၍ မခိုင်သောမျက်ရည်စက်တွေ ဝမ်းသာတော့လည်း ကျသည် လေ။

"နေရယ် ... မောင်လွမ်းလိုက်ရတာ တကယ် ရက်စက်တယ်ကွာ"

မျက်နှာလှလှလေးကို လက်နှစ်ဖက်နှင့် ဆွဲမော့ယူကာ အတင်းဖိနမ်းနေသည် ကို နှုတ်ခမ်းမွေးစူးကာ ပါးကလေးတွေ နာကျင်နေပေမယ့် နေကုဋ္ဌာ မတားဆီးရက်။

လင်းရဲ့ ခါးကိုပြန်၍ ဖက်ထားကာ လွမ်းဆွတ်အနမ်းများကို ငြိမ်သက်စွာ ခံယူပါသည် ။

"နေ မှားပါတယ် ... နေ့ကိုခွင့်လွှတ်ပါ

လင်းရယ် …”

“ခွင့်လွှတ်တယ် … သိပ်ကိုငဲ့ညှာကြင်နာတတ်တဲ့ နေ့ကို နောက်ဘယ်သူနဲ့ မှ မခင်ရဘူး၊ စကားမပြောရဘူး မောင့်ကိုပဲငဲ့ညှာရမယ် … မောင့်ကိုပဲကြင်နာရမယ်”

“လင်းရယ်”

“ညအိပ်ရင် လက်နှစ်ဖက်ကြိုးချည်အိပ်မယ် … မနက်အလုပ်ထသွားရင် အလုံးလေးလုပ်ပြီး ပါးစပ်ထဲကောက်ထည့်သွားမယ် နေ့ကို မောင် ဒီတစ်ခါထပ်ခွဲရရင် ရူးသွားနိုင်တယ် … ”

အလင်းတိုက် နေ့ မျက်နှာလေးကို ထပ်နမ်းမလို့ အငံ့

“ဟိတ် … ဟိတ် ဒါတော့ လွန်ပြီထင်တယ်၊ မရမက ရှာဖွေခေါ်ဆောင်လာခဲ့ရတဲ့ လူကိုကတော့ ကျေးဇူးစကားမပြောဘူး”

ခမ္မနဲ့ မာမီ။

ခမ္မက ကလေးကိုချီထားလျက် သူတို့ ဆီ လျှောက်လာနေကြသည် ။

"မရဘူးကွာ ... မင်းဟာမင်း အသူရာချော က်ထဲကပဲ ဆင်းဆယ်လာဆယ်လာ နောက်မှ ကျေးဇူးဆပ်မယ် ... ဒီမှာ လွမ်းလို့ ကောင်းတုန်း"

"ဟာ ... ပေါ်တင်ကြီးပါလား ... ခွေးကောင်"

မာမီ့ရယ်သံထွက်လာသည် ။

သမီးက အမေ့ကိုမြင်တော့ လက်ကလေး လှမ်း၍ ငိုဏ်။

"ငို ... ငို မီးမီး မီးမီးငိုမှ မေမေသက်သာမှ ... မဟုတ်ရင် ... ဟင်း"

ခမ္မ မျက်စောင်းကြီးထိုး၍

"ငါ မပြောလိုက်ချင်ဘူး"

ရှက်နေပြန်သည့် နေ့မျက်နှာလေးကို မြတ်နိုးစွာ ငုံ့ကြည့်မိသည် ။ ထိုခဏ အပြုံးတွေ ရယ်သံတွေ ပွင့်ခဲ့ကြ၏။

ပရိသတ်အတွက်

အမြဲတမ်း

ဗျူး

*